မြန်မာ့အလင်း

အတွဲ (၅၂) အမှတ် (၁၅၆)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်　　၂၀၁၃ ခုနှစ်၊ မတ် ၅ ရက်၊ အင်္ဂါနေ့။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် မိုး ဆက်လက် ထစ်ချုန်း ရွာမည်။

တိမ်အသင့်အတင့်

၅-၃-၂၀၁၃

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာနိုင်ငံတွင် ဩစတြီးယားနိုင်ငံ၌ အသုံးပြုနေသည့် နည်းပညာဖြင့် ရေအားလျှပ်စစ်ထုတ်နိုင်စွမ်း ရှိ မရှိလေ့လာလို

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒင်ညူမြစ်နှင့်ဆက်သွယ်ထားသော တူးမြောင်းပေါ်တွင် တည်ဆောက်ထားသည့် အသေးစားရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

နေပြည်တော်　မတ်　၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ် ၃ ရက် နံနက်ပိုင်းတွင် ဖင်လန်သမ္မတနိုင်ငံ ဟယ်လ်စင်ကီမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန်နံနက် ၁၀ နာရီ ၅ မိနစ်တွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ဩစတြီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ဌာန အကြီးအကဲ သံအမတ်ကြီး Dr. Bettina Kimbauer နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုကြပြီး ခေတ္တတည်းခိုမည့် Hotel Imperial ၌ ဩစတြီးယားနိုင်ငံတွင် နေထိုင်ကြသည့် မြန်မာတိုင်းရင်းသားမိသားစုများနှင့် ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံရုံးဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မြန်မာတိုင်းရင်းသား မိသားစုများအား တွေ့ဆုံနှုတ်ဆက်ပြီး အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နေကြောင်း၊ နိုင်ငံတကာနှင့်လည်း ဆက်ဆံရေးကောင်းမွန်အောင်၊ ယခင်စီးပွားရေးပိတ်ဆို့ခဲ့မှုများအားဖြေလျှော့ပေးလာသည်မှ လုံးဝပယ်ဖျက်သည်အထိ ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ နိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခြေအနေကောင်းများရှိပြီးဖြစ်ရာ မကြာမီရလဒ်ကောင်းများရရှိလာတော့မည်ဖြစ်ကြောင်း၊ ထိုအချိန်တွင် မြန်မာနိုင်ငံသို့ ပြန်လာပြီး နိုင်ငံနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ဤနိုင်ငံတွင်နေထိုင်စဉ်ကာလအတွင်း မိမိတို့ဘဝတိုးတက်အောင်ဆောင်ရွက်ကြရန်နှင့် အချင်းချင်း စည်းစည်းလုံးလုံးညီညီညွတ်ညွတ် နေထိုင်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ ▲

ပျော်ဘွယ် – နတ်မောက် – မကွေး ရထားလမ်းဖောက်လုပ်ရေးမှ ရွာတော် – နတ်မောက်ရထားလမ်းပိုင်းသစ် မကြာမီဖွင့်လှစ်တော့မည်

ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းမှ ရွာတော်-နတ်မောက် လမ်းပိုင်းသစ်သည် မကွေးတိုင်းဒေသကြီးတွင် တည်ရှိပြီး အဆိုပါလမ်းပိုင်းသစ်သည် ၃၅ ဒသမ ၄၂မိုင်(ခရီးမိုင်) ရှည်လျားကာ ဘူတာစဉ်အားဖြင့် ရွာတော်ဘူတာ၊ ရုံးပင်ကွက်ဘူတာ၊ ကံသာဘူတာ၊ လဲဘူးဘူတာ၊ ကုလားရှင်ဘူတာ၊ နတ်မောက်ဘူတာတို့ ပါဝင်သည်။ ၎င်းဘူတာများသည် ဘလောက်ဘူတာများဖြစ်ပြီး ရပ်စခန်းဘူတာအဖြစ် ကျည်းကန်တောင်၊ သဘွတ်မင်၊ သမွန်းကုန်ဘူတာတို့ ပါဝင်မှာဖြစ်သည်။

အဆိုပါဖွင့်လှစ်မည့် ရွာတော်-နတ်မောက်လမ်းပိုင်းအတွင်းတွင် ရွာပေါင်း ၂၁ရွာ၊ အိမ်ခြေပေါင်း ၄၀၆၈၊ လူဦးရေ ၂၆၈၇၀၊ စိုက်ပျိုးဧက၁၇၆၃၁ ဧကရှိပြီး ဒေသထွက်ကုန်အဖြစ် ဝါ၊ ငရုတ်၊ စပါး၊ ပဲအမျိုးမျိုး၊ နှမ်းစသည့် ဒေသထွက်ကုန်များ ထွက်ရှိသည်။

နတ်မောက်-ရွာတော် ဒေသရှိ ပြည်သူများမှာ လမ်းပန်းဆက်သွယ်ရေးအရ ကောင်းမွန်သော ကားလမ်းမရှိခြင်း၊ ကားလမ်းနှင့်ဝေးကွာလွန်းသော ဒေသဖြစ်ခြင်း၊ တစ်ရွာနှင့်တစ်ရွာ ကူးသန်းသွားလာရေးတွင် များစွာ ခက်ခဲခြင်းကြောင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးတို့တွင် ဖွံ့ဖြိုးတိုးတက်မှုကြန့်ကြာနှောင့်နှေးခဲ့ရသည်။

ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်းပိုင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော နတ်မောက်-ရွာတော် ရထားလမ်း ဖောက်လုပ်နေရာ ဒေသများသို့ စာရေးသူက သွားရောက်၍ ဒေသခံပြည်သူများအား တွေ့ဆုံမေးမြန်းကြည့်ရာ-

ရဲဝင်း(ပုသိမ်)

“ကျွန်တော်က ဦးအောင်ကျော်မိုးပါ။ နတ်မောက်မြို့နယ်ဥယျာဉ်ကျေးရွာမှာနေပါတယ်။ တောင်သူလုပ်ပါတယ်။ ကျွန်တော်တို့ရွာက အိမ်ခြေ ၃၈၀ ကျော်လောက်ရှိပါတယ်။ လူဦးရေ ၁၉၀၀ ကျော် လောက်ရှိပါတယ်။ ရွာမှာက မူလတန်းကျောင်းပဲရှိတယ်လေ။ အထက်တန်းကျောင်းတက်ဖို့ကျတော့ ရွာတော် ဒါမှမဟုတ် ကန်သာကိုသွားတက်ရတယ်။ သွားလာရေးအလွန်ခက်ခဲတော့ ကလေးတွေ ပညာရေး နှောင့်နှေးတာပေါ့။ အခု ရထားလမ်းဖွင့်ပေးမယ်ဆိုရင် အထက်တန်းကျောင်းရှိတဲ့ ပျော်ဘွယ်၊ စာမျက်နှာ ၈ ကော်လံ ၄ ❒

သ တင်း မာ တိ ကာ

အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် အိမ်ရှင်နိုင်ငံပီပီ ဂုဏ်ယူဝင့်ကြွားနိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားကြရမည်

ခေါင်းကြီး　စာမျက်နှာ - ၂

မိန်းကလေး၏ အသက်ကို ကယ်တင်ခဲ့သည့် ခွေးကလေး

စာမျက်နှာ - ၄

ဖာဂူဆန်နဲ့ မော်ရင်ဟို၊ ဗန်ပါစီနဲ့ စီရိုနယ်ဒိုတို့ အိုးထရက်ဖို့ဒ်မှာ ဆုံပြီ

စာမျက်နှာ - ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အားကစားဖြင့် နိုင်ငံ့ဂုဏ်ကိုမြှင့်

ကျွန်ုပ်တို့ မြန်မာနိုင်ငံ၏ အားကစားအဆင့်အတန်းကို လေ့လာကြည့်လျှင် သမိုင်းတစ်လျှောက်လုံး၌ အညံ့ဘက်တွင် မရှိခဲ့ပါ။ အရှေ့တောင်အာရှအဆင့်မှာရော အာရှအဆင့်မှာပါ အတန်အသင့် အဆင့်အတန်းရှိသော နိုင်ငံဖြစ်ပါသည်။ အားကစားထိပ်တန်းနိုင်ငံတစ်နိုင်ငံဟု မဆိုနိုင်သော်လည်း ခေတ်အဆက်ဆက်တို့တွင် အားကစားမောင်မယ်အသီးသီးတို့က နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့ကြပါသည်။

မြန်မာနိုင်ငံတွင်း၌ လာမည့်ဒီဇင်ဘာလတွင် အရှေ့တောင်အာရှဒေသ၏ အကြီးကျယ်ဆုံး အားကစားပြိုင်ပွဲကြီးတစ်ရပ်ဖြစ်သည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် ပြင်ဆင်လျက်ရှိပါသည်။ မြန်မာနိုင်ငံက ဤဆီးဂိမ်းပြိုင်ပွဲကြီးကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခြင်းသည် နှစ်ပေါင်း (၄၄) နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်ကျင်းပခဲ့ခြင်းဖြစ်သည်။ ဆီးဂိမ်းမတိုင်မီက အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ကျွန်းဆွယ်အားကစားပြိုင်ပွဲဟု ခေါ်ဆိုကြသည်။ မြန်မာနိုင်ငံသည် ထိုကျွန်းဆွယ်အားကစားခေတ်တွင် နှစ်ကြိမ်တိုင်တိုင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည်။

မြန်မာနိုင်ငံက ကျွန်းဆွယ်ခေတ်တွင် ၁၉၆၁ ခုနှစ်တွင်လည်းကောင်း၊ ၁၉၆၉ ခုနှစ်တွင်လည်းကောင်း အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည်။ နှစ်ကြိမ်စလုံးတွင် အိမ်ရှင်မြန်မာနိုင်ငံက ရွှေတံဆိပ်ဆု အများဆုံးဆွတ်ခူးနိုင်ခဲ့ပါသည်။ ၁၉၆၁ ခုနှစ် ကျွန်းဆွယ်အိမ်ရှင်ပြိုင်ပွဲ၌ ပြိုင်ပွဲပေါင်း ၇၉ ပွဲ ရှိသည့်အနက် ၃၅ ပွဲတွင် ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ပါသည်။ ထို့ကြောင့် ပထမအကြိမ်ကျင်းပစဉ်က ရွှေတံဆိပ် တစ်ဝက်နီးပါး ဆွတ်ခူးနိုင်ခဲ့သည်ဟုဆိုရပါမည်။ ၁၉၆၉ ခုနှစ် ကျွန်းဆွယ် အိမ်ရှင်၌မူ ပြိုင်ပွဲ ၁၄၅ ပွဲ ရှိသည့်အနက် ၅၇ ပွဲတွင် ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့ပါသည်။ ထို့ကြောင့် သုံးချိုးတစ်ချိုးမျှသာ ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

ထိုစဉ်က အိမ်ရှင်မြန်မာနိုင်ငံအနေဖြင့် လက်ဝှေ့၊ ရေကူး၊ ဘော်လီဘော၊ အလေးမနှင့် လှေလှော်ရွက်တိုက် ပြိုင်ပွဲများတွင် ဆုတံဆိပ်အများဆုံး ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရပါသည်။ ထိုခေတ်ထိုအခါက မြန်မာနိုင်ငံတွင် ယနေ့ခေတ်ကဲ့သို့ အားကစားဆိုင်ရာပစ္စည်းများ၊ အခြေခံအဆောက်အအုံများ တိုးတက် ထောက်ပံ့ပေးနိုင်မှု နည်းပါးခဲ့ပါသည်။ သို့ပါသော်လည်း ပြိုင်ပွဲဝင်အားကစားမောင်မယ် အသီးသီးတို့က အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်ရမည်ဆိုသော စိတ်ဓာတ်အပြည့်အဝထားပြီး အစွမ်းကုန်ကြိုးစား အားထုတ်ခဲ့ကြပါသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံသည် အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို ဝံ့ထည်စေခဲ့ပါသည်။ ထို့ကြောင့် အားကစားမောင်မယ် အသီးသီးတို့အနေဖြင့် လာမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် အိမ်ရှင်နိုင်ငံပီပီ ဂုဏ်ယူဝင့်ကြွားနိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားကြရမည်ဖြစ်ပါသည်။

ပြည်တွင်းသတင်း

သီလဝါစက်မှုဇုန်တွင် ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်

ရန်ကုန် မတ် ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်လွင်၊ ဦးမြဟန်နှင့် ဗဟိုအလုပ်အမှုဆောင် ဦးမြတ်သင်းအောင်တို့သည် ကိုရီးယားသမ္မတနိုင်ငံ Samsaung C &T Corporation ဥက္ကဋ္ဌနှင့် Chief Executive Officer Mr. Shin Kim ခေါင်းဆောင်သည့် အဖွဲ့ဝင်လေးဦးပါ ကိုယ်စားလှယ်အဖွဲ့နှင့် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက အသင်းချုပ်ရုံး၌ တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသို့လာရောက်၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပြုလုပ်နိုင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ထားပြီးသည့်ကိစ္စ၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှု လာရောက်ပြုလုပ်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များအား အခွင့်အရေးများစွာကို ထိုဥပဒေတွင် ထည့်သွင်းဖော်ပြထားခြင်းရှိသည့် ကိစ္စ၊ ရန်ကုန်မြို့အနီး သီလဝါစက်မှုဇုန်တွင် ကိုရီးယားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု လာရောက်လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များအတွက် အခွင့်အလမ်းများစွာရှိသဖြင့် လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ရန် ဖိတ်ခေါ်သည့်ကိစ္စ၊ မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက်အသင်းချုပ်မှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စ၊ ကိုရီးယားနိုင်ငံ၏ တိုးတက်နေသော နည်းပညာများ၊ အတွေ့အကြုံများဖြင့် မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးလုပ်ငန်း၊ လျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးတိုးတက်မှု လုပ်ငန်းတို့၌ လာရောက်ပူးပေါင်းဆောင်ရွက် လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

တောင်ကြီး၌ ဆိုင်ကယ်ကယ်ရီများ စည်းကမ်းတကျရှိရန် ဒေသခံများမျှော်လင့်

တောင်ကြီးမြို့သည် ခရိုင်မြို့ဖြစ်သည်နှင့်အညီ လူနေထူထပ်ပြီး ခရီးသွားလာရေးအတွက် အငှားဆိုင်ကယ် (ဆိုင်ကယ်ကယ်ရီ)များသည် မရှိမဖြစ်အရေးပါလျက်ရှိသည်။ သို့သော် တောင်ကြီးမြို့ အငှားဆိုင်ကယ်များနှင့် ဂိတ်များသည် စနစ်တကျမရှိခြင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများက တရားဝင်ဂိတ်များ သတ်မှတ်ပေးခြင်း၊ ပြေးဆွဲခွင့်လိုင်စင်များ ထုတ်ပေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်သူ ဆိုင်ကယ်ကယ်ရီများကို အရေးယူမှု အားနည်းခြင်းများ တွေ့ရှိရသည်။

လက်ရှိပြေးဆွဲနေသော အငှားဆိုင်ကယ်တချို့တွင် ဆိုင်ကယ်လိုင်စင်နံပါတ်ပြား မပါရှိခြင်း၊ နောက်ကြည့်မှန်များမရှိခြင်း စသည့် အင်္ဂါမစုံသော ဆိုင်ကယ်များနှင့် ကြံ့ခိုင်မှုအားနည်းသော ဆိုင်ကယ်များကို တွေ့နေရပြီး တချို့ယာဉ်မောင်းများသည် တရားမဝင်လိုင်စင်မဲ့ယာဉ်များဖြင့်ပင် မောင်းနှင်နေကြကြောင်း သိရသည်။

အငှားဆိုင်ကယ်များ ရပ်နားရန်အတွက် တရားဝင်သတ်မှတ်ထားသော ဂိတ်များမရှိဘဲ ဆိုက်ကားဂိတ်များတွင်သာ ဝင်ရောက်ပြေးဆွဲကြခြင်းဖြစ်ပြီး ပြည်သူ့ဆေးရုံရှေ့၊ မီးပွိုင့်အနီးဂိတ်များ၊ စည်ပင်ရုံးရှေ့၊ သူနာပြုကျောင်းရှေ့၊ သွေးလှူအသင်းရှေ့၊ ပန်းခြံကွေ့၊ ရုပ်ကျောင်းရှေ့၊ ဘုရင့်နောင်ဈေး၊ တောင်ငူဘူတာဂိတ်များသည် အဓိကဂိတ်ကြီးများဖြစ်ပြီး ယင်းဂိတ်များသည် ရှိသင့်သည့် ဆိုင်ကယ်အစီးရေထက် ပိုမိုများပြားနေသောကြောင့် နေ့စဉ်နှင့်အမျှ ယာဉ်ကြောပိတ်ဆို့မှုများကြုံတွေ့နေရသည်။

ထင်သာမြင်သာ ပြုပြင်စရာ

ပြောပြ

ခရီးသည်တင် ဘတ်စ်ကားများမှာလည်း ရန်ကုန်-မန္တလေးလမ်းမကြီးပေါ် ခရီးသည် ရပ်တင်ချမှုကြောင့် ဆိုင်ကယ်ကယ်ရီနှင့် ဆိုက်ကားများ ဝိုင်းအုံလာပြီး လမ်းပိတ်ကာ ယာဉ်တိုက်မှုအန္တရာယ် စိုးရိမ်ရသည်ဟု ဒေသခံတစ်ဦးက ပြောပြသည်။ **(အပေါ်ဝဲပုံ)**

သူရ(တောင်ငူ)

တိုးဂိတ်ကတ္တားချိန်ခံနေရသော မှန်လုံလူစီးကားများ

တွေ့မြင်နေကျမဟုတ်သော ထူးဆန်းသည့်မြင်ကွင်းတစ်ခုကို ဖေဖော်ဝါရီ ၂၈ ရက်က ပဲခူးမြို့နယ် ဘုရားကြီးစံပြကျေးရွာ မော်လမြိုင်ဘက်အထွက် ရွှေသံလွင်တိုးဂိတ်တွင် တွေ့မြင်လိုက်ရသဖြင့် ဓာတ်ပုံဖြင့် မှတ်တမ်းတင်လိုက်ပါသည်။ တွေ့မြင်ရသော မြင်ကွင်းမှာ ခရီးသည်တင် မှန်လုံအမြန်ယာဉ်သည် တိုးဂိတ်အတွင်းသို့ သွားရိုးသွားစဉ်လမ်းမှ မဝင်ဘဲ ကုန်တင်ကားကြီးများ အလေးချိန်ချိန်သည့်ကတ္တားပေါ်သို့ မောင်းတက်သွားခြင်းဖြစ်ပါသည်။ **(အောက်ယာပုံ)**

တိုးဂိတ်အနီးနားတွင် နေကြသူများအတွက် အမြင်မဆန်းသော်လည်း စာရေးသူအတွက်မူ ခရီးသည်တင် မှန်လုံအမြန်ယာဉ် (ရန်ကုန်ဘက်မှ မော်လမြိုင်ဘက်သို့အသွား) ကတ္တားချိန်ခြင်းသည် ထူးဆန်းပါသည်။ အကျိုးအကြောင်းသိချင်၍ ရွှေသံလွင် တိုးဂိတ်မှ တာဝန်ရှိသူတစ်ဦးကို မေးမြန်းစုံစမ်းကြည့်ရာ ခရီးသည်တင်ကုန်တင်ကား ဝမ်းဗိုက်ထဲတွင် ကုန်များတင်လာ၍ ကတ္တားချိန်ရခြင်းဖြစ်ကြောင်း ပြောပြသည်။

ဥပဒေအရဆိုလျှင် ခရီးသည်တင် မှန်လုံအမြန်ယာဉ်ပေါ်၌ လိုက်ပါစီးနင်းသူတို့၏ တစ်နိုင်တစ်ဆွဲ ခရီးဆောင်ပစ္စည်းများ တင်ဆောင်ခွင့်ရှိပါသည်။ ကနဦး လိုင်စင်ထုတ်ပေးစဉ်ကပင် ခရီးသည်တင်ရန် သက်သက်သာသာဖြစ်ပြီး ကုန်တင်ခွင့်မရှိပါ။ ခရီးသည်တင်ကားပေါ်တွင် ကုန်တင်လျှင် ဥပဒေကို ချိုးဖောက်ရာရောက်ပါသည်။

မော်တော်ယာဉ် စီးနင်းခကို တောင်းခံသည့်အတိုင်း ပေးဆောင်၍စီးနင်းလာကြသော ခရီးသည်များသည် သူတို့ပယောဂမပါဘဲ မော်တော်ယာဉ်ဝမ်းဗိုက်ထဲမှာ သူတို့မသိသော ကုန်ပစ္စည်းများကြောင့် သွားလမ်းမသာတော့ပါ။ ကတ္တားပေါ် တက်ရခြင်းဖြင့် ကြန့်ကြာမှုများ ဖြစ်ခဲ့ရသည်။ **(သန့်စင်)**

သဘာဝတောထွက် ထင်းဝေငှပွဲနှင့် စွမ်းအားမြှင့် မီးဖိုပေးအပ်ပွဲ

ညောင်ဦး မတ် ၄

သစ်တောရေးရာ ဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်၌ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် သဘာဝတောကျန်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဒဟတ်စီး အဆိုပြုကြိုးပြင်ကာကွယ်တောအတွင်း ဧက ၂၀၀၀ ဆောင်ရွက်ခဲ့ပြီး ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းကို ဧက ၂၀၀ဆောင်ရွက်ခဲ့ရာ သဘာဝတောထွက်ထင်း ၂၉ ဒသမ ၂၃ တန် ထွက်ရှိခဲ့သည်။ အဆိုပါ ထွက်ရှိသော ပြည်သူ့အကျိုးပြု သဘာဝသစ်တောထွက်ထင်းများကို ဒဟတ်ကန်ကျေးရွာနှင့် ငါ့ပိုင်ကျေးရွာတို့ရှိ ကျေးလက်နေပြည်သူလူထုသို့ ဝေငှပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီက သဘာဝတောထိန်း ပင်မစခန်း၌ ကျင်းပရာအပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးမင်းသိန်းမြင့်နှင့် ခရိုင်/မြို့နယ်ဝန်ထမ်းများ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ငြိမ်းနှင့် ဝန်ထမ်းများ၊ ကျေးရွာပြည်သူများ စုစုပေါင်းအင်အား ၁၃၅ ဦး တက်ရောက်ကြသည်။ **(သစ်တောဦးစီး)**

မမှန်မကန်တင်သွင်းသော ကားကုမ္ပဏီများအား အရေးယူသွားမည်

မြန်မာနိုင်ငံသို့ မော်တော်ကားများ တင်သွင်းရာတွင် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ခြင်းမရှိပါက အကောက်ခွန်ဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူခံရမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၈ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော မော်တော်ယာဉ် တင်သွင်းခွင့်ဆိုင်ရာ အစည်းအဝေး သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ယခုအခါ မြန်မာနိုင်ငံအတွင်း မော်တော်ကား တင်သွင်းနေသည့် ကုမ္ပဏီ ၅၀ ကျော်ရှိကြောင်း၊ ရန်ကုန်ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် တင်သွင်းလာသော Light Truck နှင့် Truck ကား အစီးရေ ၆၀၀ ကို စစ်ဆေးရာ၌ တင်သွင်းရန် သတ်မှတ်ထားသည့် မော်ဒယ်ကိုအစား မော်ဒယ်နိမ့်ယာဉ်များအား ပေါင်အမှတ် (Chassis No.) များ ပြင်ဆင်ရိုက်နှိပ် တင်သွင်းလာသည်ကို တွေ့ရကြောင်း၊ ထိုသို့ မမှန်မကန်ဆောင်ရွက်သော ကုမ္ပဏီများကို အကောက်ခွန်ဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့၏ တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အာကာကျော်)**



ပြည်တွင်းသတင်း

▲ ရှေ့ဖုံးမှ

ယင်းနောက် မြန်မာတိုင်းရင်းသားမိသားစုများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

နိုင်ငံတော်သမ္မတသည် မွန်းလွဲပိုင်းတွင် ဗီယင်နာမြို့လယ်ရှိ ၁၁၄၇ ခုနှစ်က တည်ဆောက်ခဲ့သည့် St. Stephens ဘုရားရှိခိုးကျောင်းနှင့် ဩစတြီးယား အနုပညာလက်ရာများကို ပြသထားသည့် Belvedere ရဲတိုက်တို့ကို သွားရောက်ကြည့်ရှုလေ့လာသည်။

ထိုမှတစ်ဆင့် Verbund ကုမ္ပဏီ၏ ဒင်ညူမြစ်ပေါ်တွင် တည်ဆောက်ထားသည့် ရေအားလျှပ်စစ် ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိရာ ဒင်ညူမြစ်အောက်ပိုင်း ရေအားလျှပ်စစ်ထုတ်လုပ်ရေး အုပ်စု၏ အကြီးအကဲ Mr. Heinz Peter Allmer က အဆိုပါရေအားလျှပ်စစ်စီမံကိန်းကို ၁၉၉၂ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ အချိန်ယူ တည်ဆောက်ခဲ့ရပြီး လျှပ်စစ်ဓာတ်အား ၁၇၂ မဂ္ဂါဝပ်ထုတ်လုပ်နိုင်ကြောင်း၊ ဗီယင်နာမြို့ကို ဖြတ်သန်းစီးဆင်းနေသည့် ဒင်ညူမြစ်ပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ဒင်ညူမြစ်သည် နိုင်ငံပေါင်း(၁၀)နိုင်ငံကို ဖြတ်သန်းစီးဆင်းနေသည့်မြစ်ဖြစ်၍ နိုင်ငံတကာ ရေကြောင်းသွားလာသည့် လမ်းအဖြစ် သတ်မှတ်ထားကြောင်း၊ ထို့ကြောင့် စီမံကိန်းတည်ဆောက်ရာတွင် မြစ်အတွင်း ရေကြောင်းသွားလာမှုကို မထိခိုက်စေရန် တွက်ချက် ဆောင်ရွက်ခဲ့ရကြောင်း၊ အလားတူ သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးနှင့် မြစ်အတွင်းရှိ ငါးများ လွတ်လပ်စွာ သွားလာနိုင်ရေးတို့အတွက်လည်း ထည့်သွင်းဆောင်ရွက်ရကြောင်း၊ ထို့ကြောင့် မြစ်တွင်းသွား သင်္ဘောများအတွက် ၂၄ မီတာအကျယ်၊ မီတာ ၃၀၀ အရှည်ရှိသည့် ရေလမ်းကြောင်းကို ထည့်သွင်းတည်ဆောက်ပေးထားရပါကြောင်း၊ အလားတူ ငါးများ မြစ်ညာဘက်သို့ ဆန်တက်နိုင်ရန်အတွက် ရေလမ်းလွှဲတစ်ခုကိုလည်း ဖောက်လုပ်ပေးခဲ့ရကြောင်း၊ ဩစတြီးယားနိုင်ငံပိုင်နက်အတွင်းရှိ ဒင်ညူမြစ်အပိုင်းတွင် ယခုပုံစံအတိုင်း ရေအားလျှပ်စစ်စီမံကိန်းကိုးခု တည်ဆောက်ထားပြီး နိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက် ၁၈ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ ဩစတြီးယားနိုင်ငံ၏ လျှပ်စစ်စွမ်းအင်လိုအပ်ချက် ၆၈ ရာခိုင်နှုန်းကျော်ကို ရေအားလျှပ်စစ်မှ ရယူလျက်ရှိကြောင်း၊ ယခုကဲ့သို့ မြစ်တွင်းရေကြောင်း သွားလာမှုနှင့် သဘာဝပတ်ဝန်းကျင် မထိခိုက်အောင် ဆောင်ရွက်ခဲ့သည့်အတွက် ဗီယင်နာမြို့နေ ပြည်သူလူထုများကလည်း စီမံကိန်းဆောက်လုပ်ရန် ထောက်ခံခဲ့ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မိမိတို့နိုင်ငံတွင်လည်း နိုင်ငံ၏ လျှပ်စစ်စွမ်းအင် လိုအပ်ချက်များကို ရေအားလျှပ်စစ်မှ ဖြည့်ဆည်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော် ယခင်လုပ်ဆောင်ခဲ့သည့် ရေအားလျှပ်စစ်စီမံကိန်းများသည် တာတမံအမြင့်များဖြင့် ရေသိုလှောင်သည့်စနစ်ကို ကျင့်သုံးခဲ့ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ များပြားခဲ့ကြောင်း၊ ထို့ပြင် ရေဝပ်ဧရိယာအတွင်းရှိ ကျေးရွာများကို ရွှေ့ပြောင်းပေးရသဖြင့် လူမှုစီးပွားရေးအရ ထိခိုက်နစ်နာမှုများရှိခဲ့ရကြောင်း၊ အလားတူ စီမံကိန်းများကို တောတောင်ထူထပ်သည့် နေရာများတွင် တည်ဆောက်ရခြင်းကြောင့် မဟာဓာတ်အားလိုင်းကြီးများကိုလည်း မိုင်ပေါင်းများစွာ ငွေကြေးကုန်ကျခံ၍ သွယ်တန်းခဲ့ရကြောင်း၊ အကယ်၍ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းနှင့် သံလွင်မြစ်ကြီးများတွင် ယခုနည်းစနစ်ကို အသုံးပြုပြီး ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ပါက သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ထိခိုက်မှုအနည်းဆုံးဖြင့် ပြည်သူများလိုအပ်သည့် လျှပ်စစ်ဓာတ်အားများကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် ဩစတြီးယားနိုင်ငံ၌ အသုံးပြုနေသည့် နည်းပညာဖြင့် ရေအားလျှပ်စစ် ထုတ်လုပ်နိုင်စွမ်း ရှိ မရှိကို လေ့လာမှုများ ပြုလုပ်လိုကြောင်းဖြင့် ပြန်လည်ပြောကြားခဲ့သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် ဒင်ညူမြစ်နှင့် ဆက်သွယ်ထားသော တူးမြောင်းပေါ်တွင် တည်ဆောက်ထားသည့် အသေးစား ရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြီးယား အနုပညာလက်ရာများကို ပြသထားသည့် Belvedere ရဲတိုက်၌ ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Hotel Imperial ၌ မြန်မာတိုင်းရင်းသားမိသားစုများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်စဉ်။ (သတင်းစဉ်)

မွေးမြူထုတ်လုပ်ရေး ဒီပလိုမာသင်တန်းဖွင့်

ရန်ကုန် မတ် ၄

နိုင်ငံတစ်ဝန်းရှိ မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ စိမ့်ဝင်ဆောင်ရွက်နိုင်ရန်၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ပြည်သူများ၏ လူမှုဘဝနယ်ပယ်အတွင်း ဝင်ရောက်ဆောင်ရွက်နိုင်စေရန်နှင့် အရည်အချင်းပြည့်ဝသည့် တိရစ္ဆာန် ဆေးကုပညာရှင်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ကာ ယခုကဲ့သို့ မွေးမြူထုတ်လုပ်ရေး ဒီပလိုမာ (Diploma in Livestock Production and Aquaculture Dip.LPA) သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းဖြင့် ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသော မွေးမြူထုတ်လုပ်ရေး ဒီပလိုမာသင်တန်းဖွင့်ပွဲတွင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြောကြားသည်။

လက်မှတ်ချီးမြှင့်

အဆိုပါ ဒီပလိုမာသင်တန်းကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ရေဆင်း)နှင့် ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့တွင် သင်တန်းသား သင်တန်းသူ ၂၅၀ စီဖြင့် တစ်ပြိုင်နက် ဖွင့်လှစ်ပြီး သင်တန်းကာလ ကိုးလကြာမြင့်ကာ သင်တန်းပြီးဆုံးပါက Diploma in Livestock Production and Aquaculture Dip.LPA လက်မှတ် ချီးမြှင့်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

ဂန္ဓဝင်ရွှေပုဂံ Travels & Tours
Exploring to the edge of the globe.
ပန်ကောက် { ပထမအသုတ်ဦးရာလူလေယာဉ်ခုံ (၂၀၀) အတွက် (၆) သိန်းကျပ် / ဒုတိယအသုတ် လေယာဉ်ခုံ (၁၅၀) ကိုဈေးနှုန်းထပ်မံ ထုတ်ပြန်ပါမည်။ } ဗုဒ္ဓဂယာ (ဂျယ်ပိုင်-ဇရက်) ၇.၅ သိန်း / (ဟိုတယ်) ၁၂ သိန်း
ဒူဘိုင်း (၁၉ သိန်း) / ရုရှား (မော်စကို) ၃၅ သိန်း
ပန်ကောက် + စင်္ကာပူ + မလေးရှား ၁၃ သိန်း ကိုရီးယား(ဆိုးလ် + ဘူဆန် + ဂျေဂျူး) ၁၇ သိန်း
စင်္ကာပူ + မလေးရှား (၁၁ သိန်း) / ဖူးခက် ၉ သိန်း ဂျပန် (တိုကျို + အိုဆာကာ + နာဂိုယာ) ၂၅ သိန်း
ပီနန်+လန်ကာဝီ+Genting Highlands+KUL ၁၁.၅ သိန်း ဩစတြေးလျ (ဆစ်ဒနီ၊မဲလ်ဘုန်း၊ဂိုးလ်ကို့စ်၊ဘရစ်စဘိန်း) ၃၅ သိန်း
ဘာလီ (၁၀ သိန်း) / ဆက်၍ စင်ကာပူ+မလေးရှား ၁၅ သိန်း ဥရောပ (၇) နိုင်ငံ (ပြင်သစ်၊ အီတလီ၊ ဆွစ်ဇာလန် ....) ၃၉ သိန်း
ကမ္ဘောဒီးယား (၆.၈ သိန်း) / ဆက်၍ ဗီယက်နမ် ၁၁.၅ သိန်း နော်ဝေး၊ ဆွီဒင်၊ ဒိန်းမတ်၊ ဖင်လန် (Cruise) ၄၀ သိန်း
သီရိလင်္ကာ (၁၁ သိန်း) / တိဗက် ၁၄ သိန်း အင်္ဂလန်၊ စကော့တလန် (ဂလပ်စကို) ၄၀ သိန်း
ဟောင်ကောင်+ကွမ်ကျိုး+မကာအို ၁၄ သိန်း အမေရိကန် (LA+ ဆန်ဖရန်စစ္စကို+လာ့စ်ဗေးဂတ်စ်+
ပီကင်း+ရှန်ဟိုင်း (၁၄.၅ သိန်း) / ဆက်၍ စီအမ် (ကမ္ဘာ့ကိုးကွယ်ရာ) ၁၇ သိန်း နယူးယောက်+ဝါရှင်တန်+နိုင်ဂရာ Fall+ဟာဝိုင်ရီ) ၆၀ သိန်း
သကြိန်ခရီးစဉ် ပုံမှန်ထက် ဈေးနှုန်းအနည်းငယ် မြင့်တက်မှုကို နားလည်ပေးစေလိုပါသည်။
ကမ္ဘာ့အနှံ့ခရီးစဉ်များနှင့်ပက်သက်၍ မိမိသိလိုသမျှကို အချိန်မရွေးမေးမြန်းနိုင်ပါသည်။
No.67, Baho Rd, Sanchaung. Ph: 01-519292, 519293, 519360, 500191, 51028
E/1, 35 Rd, Bet 72&73 St, Mandalay. Ph: 02-73062. Hot Line: 09-73003772
outboundgandawun@gmail.com, www.myanmartravel.org Call Center : 1875

သစ်တောသစ်ပင် ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

တရုတ်နိုင်ငံ၌ လျှော့လှုပ် နေအိမ် ၇၀၀ ပျက်စီး

ဒါလီ မတ် ၄

တရုတ်နိုင်ငံအနောက်ပိုင်းတွင် မတ် ၃ ရက်က ရစ်ချ်တာစကေး ၅ ဒသမ ၅အဆင့်ရှိ အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်မှုကြောင့် အနည်းဆုံး ၃၀ ဒဏ်ရာရရှိခဲ့ပြီး နေအိမ် ၇၀၀ ခန့် ထိခိုက်ပျက်စီးခဲ့ကြောင်း ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါငလျင်သည် တရုတ်နိုင်ငံအနောက်တောင်ပိုင်း ဒါလီမြို့မှ ၅၁ကီလိုမီတာခန့်အကွာတွင် ဗဟိုပြုလှုပ်သွားခဲ့ခြင်း ဖြစ်ကြောင်း၊ သုံးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း သတင်းတွင် ဖော်ပြသည်။ **(အောက်ပုံ)**

ဆင်ဟွာသတင်းဌာန၏ ထုတ်ပြန်ချက်အရ ယင်းငလျင်ကြောင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တွင် နေအိမ် ၂၅၀၀ ခန့် ထိခိုက်ပျက်စီးခဲ့သည်ဟု ဆိုသည်။

၂၀၀၈ခုနှစ်က တရုတ်နိုင်ငံတွင် ရစ်ချ်တာစကေး ၈ဒသမ ၀ အဆင့်ရှိ အင်အားပြင်း ငလျင်လှုပ်မှုကြောင့် လူပေါင်းထောင်နှင့်ချီ သေဆုံးခဲ့သည်။ **(ပရက်စ်တီဗွီ)**

ပုပ်ရဟန်းမင်းကြီး အသစ်ရွေးချယ်ရန် လျှို့ဝှက်ဆွေးနွေးကြမည်

ရောမ မတ် ၄

လာမည့် ပုပ်ရဟန်းမင်းကြီး အသစ်ရွေးချယ်တင်မြှောက်ရေးအတွက် ကမ္ဘာတစ်ဝန်းလုံးမှ ရိုမန်ကက်သလစ် ပုပ်ရဟန်းလောင်းများသည် ရောမမြို့၌ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း မတ် ၄ ရက် ဘီဘီစီသတင်းတစ်ရပ်တွင် ရေးသားဖော်ပြသည်။ (အပေါ်ပုံ)

ပုပ်ရဟန်းလောင်း အချင်းချင်း ပုပ်ရဟန်းမင်းကြီးအသစ်ရွေးချယ်တင်မြှောက်ရေးအတွက် နေ့စဉ်လျှို့ဝှက် ဆွေးနွေးမှုများ ပြုလုပ်သွားကြမည်ဟုဆိုသည်။ ပုပ်ရဟန်းမင်းကြီး ဘင်နီဒစ်- ၁၆ သည် ကမ္ဘာတစ်ဝန်းလုံးရှိ ရိုမန်ကက်သလစ်ဘာသာဝင်ပေါင်း ၁ ဒသမ ၂ ဘီလီယံတို့ကို ရှစ်နှစ်နီးပါးကြာ ဦးဆောင်ခဲ့ပြီးနောက် ရာထူးမှ နုတ်ထွက်သွားသည်။ထိုသို့ နုတ်ထွက်ခြင်းမှာ နှစ်ပေါင်း ၆၀၀ အတွင်း ပထမဆုံး အကြိမ်ဖြစ်သည်။ ပထမဆုံးအကြို လျှို့ဝှက်ဆွေးနွေးခြင်းကို မတ် ၄ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ရာ ပုပ်ရဟန်းလောင်း အိန်ဂျယ်လိုဆိုဒါနိုက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။အဆိုပါ ပုပ်ရဟန်းလောင်းရွေးချယ်ပွဲ လျှို့ဝှက်အစည်းအဝေးကို လာမည့် သီတင်းပတ်တွင် ကျင်းပနိုင်မည်ဟု မျှော်လင့်ရပြီး အသက် ၈၀အောက် ပုပ်ရဟန်းလောင်း ၁၁၅ ဦး တက်ရောက်လိမ့်မည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ဘင်္ဂလားဒေ့ရှ်မြောက်ပိုင်း လုံခြုံရေးတပ်များ ဖြန့်ကြက်

ဒါကာ မတ် ၄

ဘင်္ဂလားဒေ့ရှ်မြောက်ပိုင်း၌ အစ္စလာမ္မစ်အတိုက်အခံခေါင်းဆောင်တစ်ဦးကို သေဒဏ်စီရင်ပြီးနောက် အကြမ်းဖက်မှုများဖြစ်ပွားနေသဖြင့် အစိုးရတပ်များ ဖြန့်ကြက်ချထားလိုက်ကြောင်း မတ် ၄ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရက မတ် ၃ရက်မှစတင်ကာ နိုင်ငံမြောက်ပိုင်း ရှာဂျားဟန်ပါမြို့၌ လုံခြုံရေးတပ်များဖြန့်ကြက်ချထားလိုက်သည်။ ရဲတပ်ဖွဲ့က စစ်တကောင်းခရိုင်၌ ဂျာမိတ်အီးအစ္စလာမ္မစ်ပါတီထောက်ခံသူများအား သေနတ်ဖြင့် ပစ်ခတ်ဖြိုခွင်းခဲ့ရာ သုံးဦးသေဆုံးခဲ့သည်။ **(ဘီဘီစီ)**

မိန်းကလေး၏အသက်ကို ကယ်တင်ခဲ့သည့် ခွေးကလေး

ဝါဆော မတ် ၄

တိရစ္ဆာန်တစ်ကောင်ပင် ဖြစ်လင့်ကစား သခင်အပေါ် သစ္စာစောင့်သိခံစားနားလည်တတ်ပြီး မိမိသခင်၏အသက်ကို ကယ်ဆယ်ပေးနိုင်ခဲ့သည့် ပိုလန်နိုင်ငံမှ ခွေးကလေးတစ်ကောင်အကြောင်း အင်တာနက်စာမျက်နှာတစ်ရပ်တွင် မတ် ၃ ရက်က ရေးသားဖော်ပြသည်။

ပိုလန်နိုင်ငံမှ သေးငယ်သော ခွေးကလေးတစ်ကောင်သည် အအေးဒဏ်ဝေဒနာခံစားနေရပြီး နေအိမ်မှ တစ်ညတာလုံးပျောက်ဆုံး နေခဲ့သူ အသက်သုံးနှစ်အရွယ် ကလေးငယ်၏ အသက်ကို ကယ်ဆယ်ခဲ့ကြောင်း ပိုလန်မီးသတ်သမားများ၏ ပြောကြားချက်အရ သိရသည်။

မတ် ၁ ရက်က ပျောက်ဆုံးနေသော ဂျူလီယာအမည်ရှိ အဆိုပါကလေးငယ်ကို သူမ၏ဘေးနားတွင် ခွေးကလေးနှင့်အတူ သူမနေအိမ်မှ ကီလိုမီတာအတော်ဝေးသည့် စိမ့်တောများအတွင်းလဲနေသည်ကို မတ်လ ၂ ရက်နံနက်ပိုင်းက တွေ့ရှိခဲ့သည်ဟု ဆိုသည်။

အပူချိန် အနုတ် ၅ စင်တီဂရိတ်အထိ ကျဆင်းခဲ့ပြီးနောက် နှင်းကိုက်ဝေဒနာများ ခံစားရပြီး ယခုအခါသူမသည် ပိုလန်အနောက်ပိုင်းရှိဆေးရုံတွင် ဆေးဝါးကုသမှုခံယူလျက်ရှိသည်။ ယင်းခွေးငယ်လေးသည် မိန်းကလေးငယ်နေထိုင်ရန် လုံလောက်သည့် နွေးထွေးမှုများပြုလုပ်ပေးထားခဲ့ကြောင်း၊ မီးသတ်သမားတစ်ဦးဖြစ်သူ ဂါဇီဂေါ့ဇ်အက်စ်ဇီမန်စကီကပြောကြားခဲ့သည်။

ယင်းခွေးလေးသည် သူမကို ထားခဲ့ခြင်းမပြုဘဲ တစ်ညလုံးသူမနှင့် အတူတကွရှိနေခဲ့ကြောင်း၊ အပူချိန် အနုတ် ၅ ဒီဂရီအထိ ကျဆင်းပြီး မိန်းကလေးငယ်၏တစ်ကိုယ်လုံးစိုစွတ်အေးနေသည်ကိုလည်း ယင်းခွေးလေးကသတိထားမိကြောင်း၊ မိန်းကလေးငယ်၏ဘဝ အသက်ရှင်မှုတွင် ယင်းသတ္တဝါလေးသည် အရေးပါဆုံးအကြောင်းအရင်းတစ်ရပ် ဖြစ်ခဲ့ကြောင်း မီးသတ်သမား မန်စကီက ဆက်လက်ပြောကြားခဲ့သည်။

မိန်းကလေးငယ်ကို ကယ်ဆယ်ရန်အတွက် လူပေါင်း ၂၀၀ ထက်မနည်း ခေါက်တုံ့ခေါက်ပြန် ရှာဖွေပေးခဲ့ကြောင်း၊ ပီယာ့ဇ်ဝင်ကျေးရွာအတွင်း သူမ၏နေအိမ်အနီး သစ်တောကိုဖြတ်သန်းပြီး သူမအတွက် နာရီပေါင်းများစွာ လှည့်လည်ကာ အချိန်ကုန်ဆုံးစေခဲ့ကြောင်း၊ သူမအမေငိုကြွေးအသံများကို ကြားသိရပြီးနောက် မီးသတ်သမားများက သူမကို စတင်ရှာပုံတော်ဖွင့်ခဲ့ကြောင်း သိရသည်။ **(ဘီဘီစီ)**

တင်မောင်လွင်-စုစည်းသည်

ဝန်ကြီးချုပ်နှင့် ဒုဝန်ကြီးချုပ်တို့ ထိပ်မှ ပြေးနေသည့် ကင်ညာသမ္မတရွေးကောက်ပွဲ

တိုး

ကင်ညာသမ္မတ ရွေးကောက်ပွဲ ၂၀၁၃ ခုနှစ် မတ် ၄ ရက်မတိုင်မီ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် သမ္မတလောင်းများသည် နိုင်ရိုဘီမြို့တော်၌ အပြီးသတ်မဲဆွယ်ဟောပြောပွဲများ ပြုလုပ်နေကြသည်။ သမ္မတ အမ်ဝေကီ ဘာကီအရိုက်အရာကို ဆက်ခံရန် ရှေ့ဆုံးမှ တစ်ပြေးနေသူနှစ်ဦးမှာ ဝန်ကြီးချုပ် ရေလာအိုဒင်ဂါနှင့် ဒုတိယဝန်ကြီးချုပ် အူဟူရူကင်ယက်တာတို့ ဖြစ်ကြသည်။

၎င်းကင်ညာသမ္မတ ရွေးကောက်ပွဲသည် ၂၀၀၇ ခုနှစ် သမ္မတရွေးကောက်ပွဲအပြီး ဆူပူအကြမ်းဖက်ပြီးနောက် ပထမဆုံးအကြိမ်ကျင်းပမည့် သမ္မတရွေးကောက်ပွဲဖြစ်သည်။ မတ် ၄ ရက် (တနင်္လာနေ့) သမ္မတရွေးကောက်ပွဲတွင် အေးအေးချမ်းချမ်း မဲဆန္ဒပေးကြပါရန်နှင့် ရွေးကောက်ပွဲရှုံးနိမ့်သူများကလည်း ရွေးကောက်ပွဲရလဒ်ကို လက်ခံရန် သမ္မတကီဘာကီက တိုက်တွန်းလိုက်သည်။ သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူများကလည်း ရွေးကောက်ပွဲရလဒ်ကို လေးစားလိုက်နာပါမည်ဟု ကတိပြုကြပြီး အကြမ်းဖက်ဆူပူမှုများ မဖန်တီးရန် ၎င်းတို့အား ထောက်ခံသူများကို တိုက်တွန်းကြသည်။

၎င်းရွေးကောက်ပွဲမှာ ရွေးကောက်ပွဲရလဒ် အပေါ်မကျေနပ်သည့်အတွက် လူပေါင်း ၁၂၀၀ ကျော် သေဆုံးပြီး ပြည်သူ ၆၀၀၀၀၀ နေအိမ်ကို စွန့်ခွာထွက်ပြေးရစေသည့် လူမျိုးရေးပဋိပက္ခမှု ထပ်မံမဖြစ်ပေါ်ရေးအတွက် ၂၀၁၀ ပြည့်နှစ်က အတည်ပြုပြဋ္ဌာန်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ပထမဆုံးအကြိမ်ကျင်းပသည့် သမ္မတရွေးကောက်ပွဲဖြစ်သည်။

သမ္မတကီဘာကီကို ထောက်ခံသူများက ရွေးကောက်ပွဲတွင် မဲခိုးသည်ဟူ၍ မစ္စတာအိုဒင်ဂါက ကန့်ကွက်ပြီးနောက် ၂၀၀၇-၂၀၀၈ ခုနှစ်က ရွေးကောက်ပွဲ နောက်ဆက်တွဲ အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ နှစ်ဖက်ငြိမ်းချမ်းရေးသဘောတူညီချက်ရယူပြီးနောက် မစ္စတာအိုဒင်ဂါသည် အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သို့ ဝင်ရောက်တာဝန်ယူခြင်းဖြစ်သည်။

၎င်းတစ်ကြိမ်ရွေးကောက်ပွဲတွင် မစ္စတာအိုဒင်ဂါ၏ အဓိကပြိုင်ဘက်မှာ ဒုတိယဝန်ကြီးချုပ် ကင်ယက်တာဖြစ်သည်။ မစ္စတာကင်ယက်တာမှာလည်း သွေးထွက်သံယိုမှုအချို့ကို ကြိုးကိုင်သူအဖြစ် သည်ပိတ်မြို့ရှိ နိုင်ငံတကာရာဇဝတ်ရုံး (အိုင်စီစီ)က စွဲချက်တင်ခံရသူဖြစ်စေကာမူ ထိုစွဲချက်အတိုင်းမဟုတ်ကြောင်း ငြင်းဆိုထားသည်။

သမ္မတကီဘာကီမှာ သမ္မတအဖြစ် နှစ်ကြိမ်တိုင် ဆက်တိုက်တာဝန်ထမ်းဆောင်ပြီးနောက် ရာထူးမှ လွှဲပေးရတော့မည်ဖြစ်သည်။ ၂၀၀၇ -၂၀၀၈ ခုနှစ်များဆီက အနိဋ္ဌာရုံများကြောင့် မဲဆန္ဒရှင် ကင်ညာပြည်သူများမှာ ရွေးကောက်ပွဲအပေါ် စိုးရိမ်မကင်းရှိနေကြသေးသည်မှာ အမှန်ပင်ဖြစ်သည်။

ထို့ကြောင့်ပင် ပြည်သူများအနေဖြင့် မဲရုံများသို့သွားရောက် ဆန္ဒမဲပေးကြပြီး အေးအေးချမ်းချမ်းနေထိုင်စောင့်ထိန်းကြပါရန် ကင်ညာသမ္မတကီဘာကီက မတ် ၁ ရက်ကပင် ကြိုတင် တိုက်တွန်းနှိုးဆော်ထားသည်။ ငြိမ်းချမ်းရေးသည် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ ဒီမိုကရေစီကျင့်သားရလာပြီဖြစ်သည်ကို ကမ္ဘာကိုပြသကြပါစို့ဟူ၍ သမ္မတကီဘာကီက နှိုးဆော်တိုက်တွန်းလိုက်သည်။

မတ် ၄ ရက် သမ္မတရွေးကောက်ပွဲအမီ လုံခြုံရေးများ ကြိုတင်၍ တင်းကျပ်စွာချထားကြောင်း ကင်ညာအစိုးရက မတ် ၂ ရက်တွင် ကြေညာသည်။ ယခုအခါ ကင်ညာနိုင်ငံ၌ ကျင်းပသည့် သမ္မတ ရွေးကောက်ပွဲများတွင် အငြိမ်းချမ်းဆုံး ရွေးကောက်ပွဲဖြစ်စေရန် အထူးစီမံ ဆောင်ရွက်ထားကြောင်း ပြည်တွင်းလုံခြုံရေးရာဝန်ကြီး အိုင်ရင်ဂိုက နိုင်ရိုဘီမြို့တော်၌ သတင်းစာဆရာများအား မတ် ၂ ရက်က ပြောကြားလိုက်သည်။

နိုင်ငံတစ်ဝန်းရှိ မဲရုံ ၃၃၄၀၀ တို့ကို ကြီးကြပ်တာဝန်ယူရန် ရဲတပ်ဖွဲ့ဝင်များ၊ ကင်ညာတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့၊ အမျိုးသားလူငယ်အဖွဲ့၊ ကင်ညာသစ်တောဝန်ထမ်းတပ်ဖွဲ့စသဖြင့် လုံခြုံရေးအရာရှိ ၉၉၀၀၀ ကျော်တို့ကို အစိုးရက ဆော်သြစည်းရုံးထားကြောင်း ဝန်ကြီးအိုင်ရင်ဂိုက ထုတ်ဖော်ပြောကြားသည်။ သို့သော်လည်း မတ် ၄ ရက်ရွေးကောက်ပွဲ နီးကပ်လာသည်နှင့်အမျှ ကင်ညာပြည်သူများက ဆန္ဒမဲပေးရန် စိတ်အားထက်သန်လာကြသော်လည်း ရွေးကောက်ပွဲအကြမ်းဖက်မှုများ ပေါ်ပေါက်လာမည်ကို စိုးရိမ်စိတ်များ တဖွားဖွားပေါ်ပေါက်လာသည်ဟု ဆိုသည်။

ထိုအတောအတွင်း ကင်ညာသမ္မတရွေးကောက်ပွဲမည်မျှ လွတ်လပ်ပြီးတရားမျှတသည်ကို ကမ္ဘာသို့ပြရန်အတွက် ရွေးကောက်ပွဲကို ပြည်တွင်းမှ လေ့လာစောင့်ကြည့်သူ ၂၀၀၀၀ နှင့်တကွ အရှေ့အာဖရိကအသိုက်အဝန်း၊ အိုင်ဂျီအေဒီ၊ ကိုမီဆာ၊ အာဖရိကသမဂ္ဂ၊ အီးယူ၊ ကာတာဌာန စသည်တို့မှ နိုင်ငံတကာအကဲခတ်သူ ၂၆၀၀ တို့က ရွေးကောက်ပွဲကို လေ့လာအကဲခတ်စောင့်ကြည့်ရန် မှတ်ပုံတင်ထားကြောင်း ကင်ညာရွေးကောက်ပွဲကော်မရှင်က မတ် ၂ ရက်တွင် ကြေညာသည်။

ရွေးကောက်ပွဲသို့ အာဖရိကနိုင်ငံအကြီးအကဲ လေးဦးနှင့် အာဖရိကရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ငါးဦးတို့က အဆိုပါ နိုင်ငံတကာလေ့လာရေးကိုယ်စားလှယ်အဖွဲ့များကို ဦးဆောင်လာရောက်မည်ဖြစ်ကြောင်း၊ ကင်ညာရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အိုင်ဆက်ဟက်ဆန်က မတ် ၂ ရက်တွင် ပြောကြားသည်။

ကင်ညာသမ္မတ ရွေးကောက်ပွဲတွင် ထောက်ခံဆန္ဒမဲ ၅၀ ရာခိုင်နှုန်းအထိ မည်သည့်သမ္မတလောင်းမျှမရလျှင်မူ မဲအများဆုံးရသည့်သူနှစ်ဦးကို ၂၀၁၃ ခုနှစ် ဧပြီ ၁၁ ရက်တွင် ထပ်မံယှဉ်ပြိုင် အရွေးခံကြရဦးမည်ဖြစ်ပါသည်။

နိုင်ငံတကာသတင်း

ဘတ်ဂျက်လျှော့၍ စစ်အင်အားလည်းလျှော့မည်

အမေရိကန်အစိုးရက ဘတ်ဂျက်ဖြတ်တောက်လိုက်သဖြင့် ပါရှန်ပင်လယ်ကွေ့အတွင်း ဖြန့်ကြက်ချထားသော ရေတပ်အင်အားကို လျှော့ချရန် ဖိအားပေးခံနေရသည်။ အမေရိကန်အစိုးရက ၂၀၁၃ ခုနှစ်တွင် ဖက်ဒရယ်ဘတ်ဂျက်မှ အမေရိကန်ဒေါ်လာ ၈၅ ဘီလီယံလျှော့ချရန် လက်မှတ်ရေးထိုးခဲ့ပြီးနောက် အဆိုပါသတင်းထွက်ပေါ်လာခြင်းဖြစ်သည်။ အဆိုပါ လျှော့ချခဲ့သည့် ဘတ်ဂျက်ထက်ဝက်ခန့်ဖြစ်သည့် အမေရိကန်ဒေါ်လာ ၄၆ ဘီလီယံသည် အမေရိကန်နိုင်ငံ၏ ကာကွယ်ရေးကဏ္ဍကို ထိခိုက်စေလိမ့်မည်ဟု ဆိုသည်။ ပင်တဂွန်က ယခင်ပါရှန်ပင်လယ်ကွေ့၌ လေယာဉ်တင်သင်္ဘောနှစ်စင်း ဖြန့်ကြက်ချထားရန် စီစဉ်ထားခဲ့သည်။ သို့သော်လည်း ဘတ်ဂျက်ဖြတ်တောက်လိုက်သဖြင့် လေယာဉ်တင်သင်္ဘောတစ်စင်းသာ ထားရှိနိုင်တော့မည်ဟုဆိုသည်။ ထို့ကြောင့် ယူအက်စ်အက်စ်ဟာရီထရူးမန်အမည်ရှိ နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောသည် အရာရှိ ၃၃၆၀ အပါအဝင် တပ်ဖွဲ့ဝင်များ ပါရှန်ပင်လယ်ကွေ့မှ ပြန်လည်ထွက်ခွာရန် စီစဉ်လျက်ရှိသည်။

ကွန်ဂိုသူပုန်များ မြို့နှစ်မြို့ကို ပြန်သိမ်း

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံအရှေ့ပိုင်းရှိ မြို့နှစ်မြို့ကို ပြန်သိမ်းနိုင်ခဲ့ကြောင်း အမ် - ၂၃ ဟုခေါ်သည့် အကြမ်းဖက်အဖွဲ့က ပြောကြားသည်။ အကြမ်းဖက်အဖွဲ့အနေဖြင့် ကီဝမ်ဂျာနှင့် ရပ်ရှုရုမြို့ နှစ်မြို့ကို မည်သည့်တိုက်ခိုက်မှုမျှမပြုဘဲ ပြန်လည်သိမ်းယူနိုင်ခဲ့ကြောင်း အမ်-၂၃ အကြမ်းဖက်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး ကာဇာရာမာက ပြောကြားသည်။ ကွန်ဂိုစစ်တပ်က ပထမရက်စ်လအတွင်း ကီဗူးပြည်နယ်မြောက်ပိုင်းရှိမြို့များကို ထိန်းချုပ်နိုင်ခဲ့ပြီး နှစ်ရက်အကြာ အကြမ်းဖက်အဖွဲ့က အထက်ပါအတိုင်း မြို့နှစ်မြို့ကို ပြန်သိမ်းနိုင်ခဲ့ကြောင်း ကြေညာခဲ့သည်။

ထိုင်းဆင်စွယ်ဈေးကွက် ပိတ်ပင်မည်

ထိုင်းနိုင်ငံတွင်ဆင်စွယ်ရောင်းဝယ်မှုကို နိုင်ငံဥပဒေအရ ပိတ်ပင်သွားရန် စီစဉ်မှုအပေါ် သဘောတူညီလိမ့်မည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ရင်လတ်ရှင်နာဝပ်က ဗန်ကောက်မြို့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအစည်းအဝေး တစ်ရပ်ကျင်းပစဉ် ပြောကြားလိုက်သည်။

ထိုင်းနိုင်ငံရှိ တရားဝင်ဈေးကွက်သည် အာဖရိကတိုက်တစ်ဝန်း အမဲလိုက်သတ်ဖြတ်ခြင်းကို မြင့်တက်လာစေနိုင်ကြောင်း သူမက ဆက်လက်ပြောကြားသည်။ ထိုင်းနိုင်ငံတွင် ဆင်ကောင်ရေ ၆၅၀၀ ခန့်ရှိကြောင်း၊ ယင်းတို့အနက် ၂၅၀၀ ခန့်မှာတောရိုင်းဆင်များဖြစ်ကြောင်း ၎င်းဆင်များမှ ဆင်စွယ်များဖြတ်ယူရောင်းချနေကြောင်း ၎င်းကပြောကြားသည်။ တရုတ်နိုင်ငံသည် ထိုင်းပြီးလျှင် ဒုတိယအကြီးဆုံး ဆင်စွယ်ဈေးကွက်ကြီးဖြစ်သည်။ ထိုင်းနှင့် တရုတ်တို့တွင် တရားဝင်ဆင်စွယ်ဈေးကွက်များရှိ၍နေ့စဉ် အာဖရိကဆင် ၅၀ နှင့် ၁၀၀ ကြား သေဆုံးနေရသည်ဟုဆိုသည်။

ရွေးကောက်ပွဲမစမီ ကင်ညာရဲအရာရှိလေးဦးအသတ်ခံရ

ကင်ညာနိုင်ငံ မွမ်ဘာဆာအရပ်တွင် မတ် ၃ ရက်က ရွေးကောက်ပွဲ မစတင်မီ နာရီပိုင်းအလိုတွင် ကင်ညာရဲအရာရှိ လေးဦးကို ဂိုဏ်းအဖွဲ့တစ်ခုက သတ်ဖြတ်သွားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။ ကင်ညာနိုင်ငံ၏ စတုတ္ထမြောက် သမ္မတနှင့် တာဝန်ရှိသူများကို ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လူ ၁၄ ဒသမ ၃ သန်းက ရွေးကောက်ခြင်းမပြုမီ နာရီပိုင်းအလိုတွင် မွမ်ဘာဆာစစ်သွေးကြွများက ချုံခိုတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

မြင့်မောင်စိုး-စုစည်းသည်

မိန်းမပျိုငယ်များ ရင်သားကင်ဆာဖြစ်ပွားမှု များပြားလာ

မိန်းမရွယ်မိန်းမပျိုများ ဖြစ်ကြသည့် အသက် ၂၅ နှစ်နှင့် ၃၉ နှစ်အကြား အမျိုးသမီးများတွင် ရင်သားကင်ဆာဖြစ်ပွားမှုပမာဏသည် ပြီးခဲ့သည့် ဆယ်စုနှစ်သုံးစုအလွန်တွင် မဆိုစလောက် သိသာစွာတိုးပွားမြင့်တက်ကြောင်း သုတေသနပြုချက်တစ်ရပ်က ဖော်ထုတ်တင်ပြခဲ့သည်။

ထိုကဲ့သို့ သက်လတ်ပိုင်း အမျိုးသမီးများ ရင်သားကင်ဆာဖြစ်ပွားနှုန်းတိုးမြင့်လာသည်ဆိုသော တွေ့ရှိသုတေသနပြုချက်သည် ကိန်းဂဏန်းအချက်အလက်များပေါ် အခြေခံကောက်ချက်ဆွဲခဲ့ခြင်းဖြစ်သဖြင့် ခိုင်လုံသည့် အတည်ပြုချက်ပြနိုင်ရန် သုတေသနပေါင်းများစွာ လိုအပ်ဦးမည်ဖြစ်ကြောင်း သုတေသနစာတမ်းရေးသူများက ဆိုသည်။ သက်လတ်ပိုင်းမိန်းမများတွင် ရင်သားကင်ဆာဖြစ်ပွားမှုနှုန်းထား တိုးပွားလာရသည့် ဇာစ်မြစ်အကြောင်း ရင်းခံကိုလည်း သုတေသနအဖွဲ့က သေချာစွာ မသိရနိုင်သေးကြောင်းလည်း တင်ပြခဲ့သည်။ အခြားသော ပါရဂူပညာရှင်များကမူ အဆိုပါ နှုန်းထားများ မြင့်တက်လာခဲ့သည်မှာ သေချာရေရာမှု ရှိမရှိကို မေးခွန်းထုတ်ထားသည်။ ထို့အပြင် ယခုသုတေသနဖော်ပြချက်သည် အမျိုးသမီးတို့အတွက် မလိုလားအပ်သည့် အထိတ်တလန့်ဖြစ်စေမှုကိုသာ ဖန်တီးလိမ့်မည်ဟုလည်း ဝေဖန်ပြကြသည်။

ယခုသုတေသနစစ်တမ်းကို အမေရိကန် ဆေးသိပ္ပံသတင်းဂျာနယ်တွင် ဖော်ပြခဲ့ခြင်းဖြစ်သည်။ ထိုစစ်တမ်းကိန်းဂဏန်းအချက်အလက်များ ဖော်ပြမှုအရ ၂၀၀၉ ခုနှစ်တွင် သက်လတ်ပိုင်းအမျိုးသမီးတစ်သိန်းလျှင် ၂ ဒသမ ၉ ရာခိုင်နှုန်း ရင်သားကင်ဆာ ဖြစ်ပွားသည်ဟု သိရသည်။ ၁၉၇၆ ခုနှစ် အတွင်းကမူ အမျိုးသမီးတစ်သိန်းလျှင် ၁ဒသမ ၅၃ ရာခိုင်နှုန်းသာဖြစ်ပွားခဲ့သဖြင့် ၃၄ နှစ်တာကာလအတွင်း အမျိုးသမီးတစ်သိန်းစီလျှင် ရင်သားကင်ဆာဖြစ်ပွားမှု ၁ ဒသမ ၃၇ ရာခိုင်နှုန်းတိုးပွားခဲ့ခြင်းဟု ထိုစာတမ်းက ထောက်ပြထားသည်။

ထိုရောဂါဖြစ်ပွားမှုနှုန်းထားသည် အနည်းငယ်သာ တိုးပွားမြင့်တက်ခဲ့ခြင်းဖြစ်သော်လည်း အချက်အလက်များအရ တိကျမှန်ကန်သည့်နှုန်းထားများဖြစ်ကြောင်း၊ စိတ်ပူပန်စရာ သတိထားဖွယ်အချက်အလက်ဖြစ်ကြောင်း သုတေသနပညာရှင်များက ဆိုသည်။

မည်သည့်အတွက်ကြောင့် ဆိုသော် ရင်သားကင်ဆာဖြစ်ပွားလာသည်နှင့် ကင်ဆာဆဲလ်များသည် အသည်းနှင့် အဆုတ်ကဲ့သို့သော အခြားကိုယ်အင်္ဂါအစိတ်အပိုင်းများသို့ ပျံ့နှံ့နိုင်ပြီး အသက်ရှည်ကျန်းမာခြင်း ကျန်းမာရေးအလားအလာများကို များစွာထိခိုက်စေပြီး အသက်ဘေးနီး၍ ဖြစ်သည်။

ထို့အတွက်ကြောင့် ငယ်ရွယ်သူအမျိုးသမီးများအနေဖြင့်လည်း ရင်သားတွင် ပြောင်းလဲမှု တစ်စုံတစ်ရာတွေ့ရှိခြင်း၊ နာကျင်ခြင်းနှင့် အကျိတ်အဖုဖြစ်ပေါ်လာပါက ဆရာဝန်နှင့် အဆောတလျင်ပြသင့်ကြောင်း သုတေသနပညာရှင်များက အကြံပြုတင်ပြထားသည်။

မောင်သံဆင့် - ရေးသည်

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားများ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်ချီးမြှင့်

နေပြည်တော် မတ် ၄

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ၂၀၁၃ ခုနှစ် ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပလျက်ရှိရာ ယမန်နေ့နံနက် ၆ နာရီက ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ကြည့်ရှုအားပေးကာ ဆုပေးပွဲ အခမ်းအနားများသို့ တက်ရောက်ချီးမြှင့်သည်။ **(ယာပုံ)**

ရွှေဦးစွာ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပလျက်ရှိသည့် အမျိုးသား အမျိုးသမီး မီတာ ၁၀၀၀၀ ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။ ထို့နောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသမီး မီတာ ၁၀၀၀၀ ပြိုင်ပွဲတွင် ပထမဆုရ ဖြူဝါသက် (VMG ကုမ္ပဏီကိုယ်စားပြု)၊ ဒုတိယဆုရ ပပ (ရန်ကုန်တိုင်းဒေသကြီး)နှင့် တတိယဆုရ မြင့်မြင့်အေး(ပဲခူး)၊ အမျိုးသား မီတာ ၁၀၀၀၀ ပြိုင်ပွဲတွင် ပထမဆုရ စိုးနိုင်(ရောဝတီ)၊ ဒုတိယဆုရ စိုးမင်းသူ(ကချင်) နှင့် တတိယဆုရ ကြည်မင်းစိုး(ရန်ကုန်တို့အား ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသား အမျိုးသမီး စက်ဘီးစီး(တာဝေး) ပြိုင်ပွဲများအား ကင်းသာလမ်းဆုံမှ စတင်တာလွှတ်နေမှု၊ ပြိုင်ပွဲဝင်ရာ လမ်းတစ်လျှောက်နှင့် ပန်းဝင်နေရာတောင်ကျေးရွာမှ စောင့်ကြို၍ စက်ဘီးအားကစားသမားများ အားကြိုးမာန်တက် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။ ဆုပေးပွဲအခမ်းအနားကို တောင်ကျေးရွာ၌ ကျင်းပရာ အမျိုးသား ၄၀ ကီလိုမီတာ တစ်ဦးချင်းစံချိန်ပြပြိုင်ပွဲတွင်ပထမဆုရ ကျော်ထွန်းဦး (မန္တလေး)၊ ဒုတိယဆုရ မြမင်းထွန်း(မကွေး)နှင့် တတိယဆုရ မင်းမင်းဟန်(မန္တလေး)၊ အမျိုးသမီး ၂၀ကီလိုမီတာ ပြိုင်ပွဲတွင် ပထမဆုရ မူမူအေး (စစ်ကိုင်း)၊ ဒုတိယဆုရ နော်ထီးမူ(မန္တလေး)နှင့် တတိယဆုရ နိုင်ကိတ်ခိမ်း (မန္တလေး) တို့အား ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပသည့် အလေးမပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်၍ အမျိုးသား/အမျိုးသမီး အတန်းလိုက်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ယင်းနောက် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(လယ်ဝေး) Training Center (2)၌ ဝူရှူးပြိုင်ပွဲ ဆန်းဆို (အမျိုးသား/ အမျိုးသမီး) ဗိုလ်လုပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး အမျိုးသား/အမျိုးသမီး အတန်းလိုက်ပြိုင်ပွဲများတွင် ဆုရသူများအား ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Training Center(1)၌ တိုက်ကွမ်ဒိုပြိုင်ပွဲ (အမျိုးသား/ အမျိုးသမီး) ဝိတ်တန်းအလိုက် ဗိုလ်လုပွဲများ၊ အမျိုးသမီးတစ်ဦးချင်း ကကွက်(ကျား/မ) အတွဲ ကကွက်၊ အသင်းလိုက် အမျိုးသမီး ကကွက်နှင့် အသင်းလိုက် အမျိုးသား ကကွက်ပြိုင်ပွဲ ဗိုလ်လုပွဲများကို ကြည့်ရှုအားပေးကာ ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများအား ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲများ

သတင်း - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

တိုက်ကွမ်ဒို

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပလျက်ရှိရာ ဇမ္ဗူသီရိမြို့နယ် TC-1 တိုက်ကွမ်ဒိုလေ့ကျင့်ရေးရုံး၌ ကျင်းပခဲ့သည်။ အမျိုးသမီး (-၄၆ ကီလိုတန်း) တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ကယားပြည်နယ်မှ နွေးနွေးက ပထမ၊ အမျိုးသား (-၅၄ ကီလိုတန်း) တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ကယားပြည်နယ်မှ နိုင်ဒွေးရှိန်က ပထမ၊ အမျိုးသမီး ဖလိုင်း(-၄၉ ကီလိုတန်း)ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ သိမ့်သီရိစိုးက ပထမ၊ အမျိုးသား ဖလိုင်း (-၅၈ ကီလိုတန်း) ပြိုင်ပွဲတွင် ကယားပြည်နယ်မှ ခွန်အယ်ဗစ်တာထူးက ပထမ၊ အမျိုးသမီး ဘာတန်(-၅၃ ကီလိုတန်း)ပြိုင်ပွဲတွင် ရန်ကုန်မှ မေစန္ဒာကျော်ဝင်းက ပထမ၊ အမျိုးသား ဘာတန်(-၆၃ ကီလိုတန်း)ပြိုင်ပွဲတွင် ပဲခူးမှ မျိုးမင်းသူက ပထမအသီးသီး ရရှိခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသမီး ဖဲလ်သာ (-၅၇ ကီလိုတန်း)ပြိုင်ပွဲတွင် ရန်ကုန်မှ ဝေမာစိုးက ပထမ၊ တစ်ဖန် အမျိုးသား ဖဲလ်သာ(-၆၈ ကီလိုတန်း)ပြိုင်ပွဲတွင် ကယားပြည်နယ်မှ ကျော်မျိုးထွန်းက ပထမ၊ အမျိုးသမီး လိုက် (-၆၂ ကီလိုတန်း)ပြိုင်ပွဲတွင် ကယားပြည်နယ်မှ ဗစ်တိုးရီးယားက ပထမ၊ တစ်ဖန် အမျိုးသားလိုက်(-၇၄ ကီလိုတန်း)ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ကျော်ကျော်ထွန်းက ပထမ၊ အမျိုးသမီး ဝဲလ်တာ (-၆၇ ကီလိုတန်း)ပြိုင်ပွဲတွင် ကယားပြည်နယ်မှ ရွက်ဝါထွန်းက ပထမရရှိခဲ့သည်။ အမျိုးသား ဝဲလ်တာ(-၈၀ ကီလိုတန်း)ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဝင်းထွန်းလင်းက ပထမ အမျိုးသမီး ဗစ်ဒယ် (-၇၃ ကီလိုတန်း)တွင် ချင်းပြည်နယ် မှ ဟေမာန်စုဟန်က ပထမ ရရှိခဲ့သည်။

အမျိုးသား မစ်ဒယ် (-၈၇ ကီလိုတန်း)ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဝေယံကိုကိုက ပထမ၊ အမျိုးသမီးဟဲဗီး (+၇၃ ကီလိုတန်း)တွင် ကယားပြည်နယ်မှ စန်းညိုထွေးက ပထမ ရရှိခဲ့သည်။

အမျိုးသမီးဟဲဗီး (+၈၇ ကီလိုတန်း)တွင် ရန်ကုန်တိုင်းဒေသကြီးမှ ဇော်ထွန်းအောင်က ပထမရရှိခဲ့ကြသည်။

အမျိုးသားတစ်ဦးချင်း ကကွက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ သော်ဇင်ဟန်က ပထမ၊ ကယားပြည်နယ်မှ ဆန်းရှိုင်းက ဒုတိယဆုများရရှိခဲ့ပြီး ချင်းပြည်နယ်မှ ချမ်းလင်းထွန်းနှင့် ကချင်ပြည်နယ်မှ ငြိမ်းချမ်းနောင်တို့ တတိယဆုများ ရရှိခဲ့ကြသည်။

အမျိုးသမီးတစ်ဦးချင်း ကကွက်ပြိုင်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီးမှ ယမင်းကေခိုင်က ပထမ၊ ကယားပြည်နယ်မှ နိုးနိုးမော်က ဒုတိယရရှိပြီး ကရင်ပြည်နယ်မှ သွင်ထူးဝေးနှင့် မွန်ပြည်နယ်မှ ငြိမ်းသဇင်တို့က တတိယဆုများ ရရှိခဲ့ကြသည်။

အမျိုးသားနှင့် အမျိုးသမီးအတွဲ ကကွက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဆန်းရှိန်သက်နှင့် ယမင်းကေခိုင်တို့အတွဲက ပထမရရှိပြီး ကယားပြည်နယ်မှ ဆန်းရှိုင်းနှင့် နိုးနိုးမော်တို့အတွဲက ဒုတိယရရှိခဲ့သည်။ အသင်းအလိုက် အမျိုးသမီးကကွက်တွင် ရန်ကုန်က ပထမနှင့် ကယားပြည်နယ်က ဒုတိယရရှိခဲ့သည်။ အသင်းလိုက် အမျိုးသားကကွက်တွင် ရန်ကုန်အသင်းက ပထမနှင့် ကယားပြည်နယ်အသင်းက ဒုတိယရရှိခဲ့ကြသည်။

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ တိုက်ကွမ်ဒို ယှဉ်ပြိုင်ကစားစဉ်။

ဘောလုံး

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ၏ ဒုတိယဆီမီးဖိုင်နယ်ပွဲစဉ်ကို မတ် ၄ ရက် ညနေ ၃ နာရီက ဝဏ္ဏသိဒ္ဓိကွင်းကြီး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအသင်းက နေပြည်တော်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

နေပြည်တော်အသင်း သည် အိမ်ကွင်းမှာ ကစားရခြင်းကြောင့် ပြည်ထောင်စုဘောလုံးဖလားကို ရယူနိုင်ရေး မျှော်လင့်ချက်ကြီးစွာ ပြင်ဆင်ထားသော အသင်းပီပီ နောင်တော်ကြီး မန္တလေးတိုင်းဒေသကြီးအသင်းကို ပွဲစသည်နှင့် ခပ်မာမာ ကစားခဲ့သည်။ ပွဲချိန် ၁၉ မိနစ်တွင် မန္တလေးနောက်တန်း လူကျွံဘော ထောင်ချောက်မှ လွတ်ထွက်ကာ နေပြည်တော်တိုက်စစ်မှူး ရန်ကျော်ထွေး အပိုင်ကန်ခွင့်ရသော်လည်း မန္တလေးနောက်တန်းဖျက်ထုတ်သွားနိုင်ခဲ့သဖြင့် နေပြည်တော် တစ်ဂိုးနစ်နာသွားသည်။

၂၅ မိနစ်တွင် နေပြည်တော် ကွင်းလယ်မှ လှမ်းတင်သည်ကို မန္တလေး နောက်ခံလူ ဖျက်နေသည့်ကြားမှ မန္တလေးဂိုးသမား ဇော်ဇော်နိုင် အထွက်မှား၍ နေပြည်တော် တိုက်စစ်မှူး ရန်ကျော်ထွေးက အသာအယာ သွင်းယူနိုင်သဖြင့် နေပြည်တော်အသင်း အဖွင့်ဂိုး စတင်ရရှိသွားသည်။ နေပြည်တော် တိုက်စစ်ကို ထိန်းကစားနေသော မန္တလေးမှာ ဂိုးပေးလိုက်ရပြီးနောက် တိုက်စစ်ဖွင့် ကစားခဲ့သည်။ မိနစ် ၃၀ တွင် နေပြည်တော်ကွင်းလယ်လူ ခြေထဲမှ လုယူပြီး မန္တလေးတိုက်စစ်မှူး ဝင်းနိုင်စိုး တစ်ကိုယ်တော် ဆွဲပြေးပြီး ကန်သွင်းသော်လည်း ဂိုးတိုင်ဘေးမှ ကပ်ထွက်သွားခဲ့သည်။ ပထမပိုင်းတွင် နေပြည်တော်က တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ထားခဲ့သည်။

ဒုတိယပိုင်း ပြန်စသည့်အခါ သက်ရှိုင်းနောင်၊ ဇေယျာမင်း၊ ဇင်မင်းထွန်း၊ လှိုင်ဘိုဘိုတို့၏ တွဲလုံးတိုက်စစ်များကြောင့် နေပြည်တော်နောက်တန်း အလုပ်ရှုပ်ခဲ့ပြီး ၁၂ မိနစ်တွင် ချေပဂိုးပေးလိုက်ရသည်။ ထိုဂိုးမှာ မန္တလေး ညာတောင်ပံတိုက်စစ်မှူး ဇင်မင်းထွန်း ညာခြမ်းမှ ဆွဲပြေးလာပြီး မနားတမ်း ထောင့်ဖြတ်ကန်ရာ နေပြည်တော် ဂိုးသမား ခေါင်းပေါ်ကကျော်၍ ဂိုးဝင်သွားခဲ့ခြင်းဖြစ်သည်။

ပွဲချိန် ၃၉ မိနစ်တွင် ညာခြမ်းမှ သန်းထွန်းအောင်ဖြတ်တင်ပေးသည်ကို ဇင်မင်းထွန်းကပင် လူကျွံထောင်ချောက်မှထွက်ကာ အပိုင်ကန်သွင်းယူသဖြင့် မန္တလေး ဒုတိယဂိုးရရှိသွားသည်။ ၄၁ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် နေပြည်တော် အခွင့်အရေးရခဲ့သော်လည်း မန္တလေးနောက်တန်း ဖျက်ထုတ်သွားနိုင်ခဲ့သည်။ ထို့နောက် မန္တလေးမှာ ပွဲကို ထိန်းကစားသွားသဖြင့် ပွဲအပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် မန္တလေးအသင်းအနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်သွားသည်။

ပွဲအပြီးတွင် နေပြည်တော် အသင်းအုပ်ချုပ်သူ ဦးနိုင်ဝင်းက "အသင်းကောင်းတစ်သင်းကို ရှုံးခဲ့တာပါ။ ကျွန်တော်တို့ ရှုံးထိုက်ပါတယ်" ဟု ဆိုခဲ့ပြီး မန္တလေးအသင်း နည်းပြ ဦးဇော်ဝင်းက "ဒီဖလားကို လိုချင်လို့ သူတို့အသေအချာ ပြင်ဆင်ခဲ့တာပါ။ အညာဒါဘီ ညီအစ်ကိုအသင်းတွေ ဖြစ်ပေမယ့် ပြိုင်ပွဲဆိုတော့ နိုင်အောင်ကစားရမှာပဲလေ။ ဒါပေမယ့် သူတို့အတွက် စိတ်မကောင်းပါဘူး"ဟု ဆိုခဲ့သည်။

သတင်း - ဖေမြင့်ဦး

AFC Challenge Cup ဘောလုံးပြိုင်ပွဲ ပယ်နယ်တီဂိုးကြောင့် တရုတ် (တိုင်ပေ) ကို သရေကျသွားသည့်မြန်မာ

သတင်းနှင့် ဓာတ်ပုံ - ညီမြတ်သော်တာ

ရန်ကုန် မတ် ၄

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၄ AFC Challenge Cup ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု(က) ဒုတိယနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာအသင်းနှင့် တရုတ် (တိုင်ပေ) အသင်းတို့ တစ်ဂိုးစီသရေကျသွားသည်။

မြန်မာ - တစ်ဂိုး
(စိုးကျော်ကျော်)
တရုတ်(တိုင်ပေ) - တစ်ဂိုး
(မန်ချိုင်လီ-ပယ်နယ်တီ)

မြန်မာအသင်းမှာ ယခုပွဲကို အနိုင်ရလျှင် ခြေစစ်ပွဲအောင်ရန် မျှော်လင့်ချက်ပိုကောင်းမည်ဖြစ်သော်လည်း သရေတစ်မှတ်သာရရှိခဲ့၍ အိန္ဒိယနှင့်ပွဲကို အနိုင်ကစားရတော့မည်ဖြစ်သည်။ ၁၈ မိနစ်တွင် စိုးကျော်ကျော်သွင်းယူသောဂိုးဖြင့် မြန်မာအသင်းမှာ ဦးဆောင်ဂိုးရရှိခဲ့သော်လည်း ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးပြန်ပေးခဲ့ရသောကြောင့် နိုင်ပွဲနှင့်ဝေးခဲ့ရခြင်းဖြစ်သည်။ တရုတ်(တိုင်ပေ) အတွက် ချေပဂိုးကို ၇၉ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် မန်ချိုင်လီက သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ဂူအမ်အသင်းကို အနိုင်ရခဲ့သည့် လူစာရင်းကို အပြောင်းအလဲတချို့ ပြုလုပ်ခဲ့သောကြောင့် အကောင်းဆုံး ခြေစွမ်းမျိုး မရခဲ့ပေ။

မြန်မာအသင်းတိုက်စစ်ကို တရုတ်(တိုင်ပေ) နောက်ခံလူများ ကာကွယ်နေစဉ်။

(ပထမပွဲ)

အိန္ဒိယ - လေးဂိုး
ဂူအမ် - ဂိုးမရှိ

ယနေ့ပွဲအပြီးတွင် အိန္ဒိယအသင်းက နှစ်ပွဲနိုင် ခြောက်မှတ်၊ အိမ်ရှင်မြန်မာအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်၊ တရုတ်(တိုင်ပေ)အသင်းက တစ်ပွဲသရေ၊ တစ်ပွဲရှုံး တစ်မှတ်၊ ဂူအမ်အသင်းက နှစ်ပွဲရှုံး အမှတ်မရသေးပေ။ မြန်မာအသင်းသည် ခြေစစ်ပွဲအောင်ရန် နောက်ဆုံးပွဲတွင် အိန္ဒိယအသင်းကို အနိုင်ကစားရတော့မည်ဖြစ်သည်။

၆-၃-၂၀၁၃
ညနေ ၄ နာရီ
တရုတ်(တိုင်ပေ)-ဂူအမ်
ညနေ ၆:၄၅ နာရီ
မြန်မာ-အိန္ဒိယ

လွှတ်တော်ရေးရာကဏ္ဍ

❍ ပြည်သူ့လွှတ်တော်မှ

ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသခံအာဏာပိုင်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ ပြည်သူလူထုများပူးပေါင်းပါဝင် ဆောင်ရွက်ရေးအတွက် ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)နှင့်လည်း တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်တိုင်းရင်းသား အဖွဲ့များနှင့်လည်း ဆွေးနွေးမှုများဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး နိုင်ငံတကာမှ အကူအညီနှင့် ရန်ပုံငွေရရှိရေးကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာတစ်နိုင်ငံလုံးတွင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေမှုကို နှိမ်နင်းပပျောက်ရေးကိစ္စနှင့်ပတ်သက်၍ မူးယစ်ဗဟိုရုံးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာနမှ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက်ရေးဆွဲပြီး မြို့နယ်များအား ဦးစားပေးအဆင့်များသတ်မှတ်၍ မူးယစ်(အထူး)အဖွဲ့များနှင့် နယ်မြေခံရဲတပ်ဖွဲ့တို့ ပူးပေါင်းကာ ပြည်သူလူထုပါဝင်သည့် တားဆီးနှိမ်နင်းရေးလုပ်ငန်းတာဝန်များအား ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်း၏ ဖြေကြားချက်နှင့် စပ်လျဉ်း၍ မေးခွန်းရှင် သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်းက “ဒုတိယဝန်ကြီးကတော့ ရုံးထုံးစံ၊ လုပ်ထုံးလုပ်နည်းအရ စားပွဲပေါ်က ညွှန်ကြားချက်တွေ၊ အောက်က ပြန်ကြားလာတဲ့ ပြန်ကြားစာတွေအရ ဖြေကြားတာ နားလည်နိုင်ပါတယ်။ လက်တွေ့မှာကတော့ အောက်ခြေမှာ ရဲတပ်ဖွဲ့ဝင်တွေက မှုခင်းများကို ကိုင်တွယ်နှိမ်နင်းဖို့ ဌာနဆိုင်ရာ ဘတ်ဂျက်ငွေမလုံလောက်တာ၊ ပစ္စည်းကိရိယာ လုံလုံလောက်လောက် မရှိတာတွေကြောင့် ထိထိရောက်ရောက်နှိမ်နင်းဖို့ထက် ဝတ်ကျေတန်းကျေလောက်သာ

သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း ပြောကြားစဉ်။ (မြန်မာ့အလင်း)

ဖမ်းဆီးတာ၊ နှိမ်နင်းတာလုပ်ပါတယ်။ ဖမ်းဆီးရမိရင် ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ အလုပ်ရှုပ်မယ်၊ အချုပ်သား ထားစရာနေရာ အလုံအလောက်မရှိဘူး၊ ထမင်းကျွေးရမယ် စတဲ့အခက်အခဲတွေကြောင့် ထိထိရောက်ရောက်ဖမ်းဆီးတာမလုပ်ဘဲ ဝတ်ကျေတန်းကျေလုပ်ကြတယ်လို့ မြင်ပါတယ်။ ကျွန်တော့်မြို့မှာဆိုရင် ပြည်သူလူထုက ရဲစခန်းကို သွားရောက် တိုင်တန်းတာတောင်မှ ဘာမျှထိထိရောက်ရောက် မလုပ်လို့ ကျွန်တော့်ဆီကတစ်ဆင့် လွှတ်တော်ကို တင်ပြခိုင်းလို့ တင်ပြတာဖြစ်ပြီး ဒီကိစ္စဟာ ကျွန်တော်တို့ သီပေါတစ်မြို့တည်းရဲ့ကိစ္စမဟုတ်ဘဲ တစ်နိုင်ငံလုံး ရင်ဆိုင်နေရတဲ့ အရေးကြီးပြဿနာ ဖြစ်ကြောင်း ပြည်သူတွေ သိကြပါတယ်။ အခုလို လွှတ်တော်ကိုယ်စားလှယ်က မေးခွန်းပို့ပေးပြီးတဲ့နောက် သီပေါမှာ ဖမ်းဆီးမှုတွေပြုလုပ်လာခဲ့ရာမှာ သုံးစွဲသူအများအပြားကို ဖမ်းမိခဲ့ပေမယ့် ထုတ်လုပ်သူနဲ့ ဖြန့်ဖြူးသူတွေကို ဖမ်းမမိသေးတာကြောင့် မြို့လူထုက မကျေမနပ်ဖြစ်နေကြဆဲဖြစ်ပါတယ်” ဟု ပြောပြသည်။

အလားတူ မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦးက သူ၏အမြင်ကို ပြောကြားရာတွင် “ရှမ်းပြည်နယ်မှာ ဘိန်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး ထိန်းချုပ်ဖို့အတွက် ရဲတပ်ဖွဲ့တစ်ခုတည်းနဲ့ဆောင်ရွက်လို့မရပါဘူး၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေ၊ ပြည်သူတွေ ပူးပေါင်းပြီးဆောင်ရွက်မှသာ ဖြစ်မှာပါ။ ဘိန်းစိုက်တဲ့ နေရာတွေကို သိပေမယ့် အဲဒီနေရာတွေက ကန့်သတ်နယ်မြေတွေဖြစ်ရင် သွားရောက်ဖျက်ဆီးဖို့အတွက် အခက်အခဲရှိပါတယ်။ ဘိန်းစိုက်ဒေသတွေမှာ ဒေသခံတွေကို အစားထိုးသီးနှံတွေ ပြောင်းလဲစိုက်ပျိုးစေပေမယ့် ထိထိရောက်ရောက် မရှိပါဘူး။ အဓိကအားဖြင့် ရှမ်းပြည်နယ်မှာ ဘိန်းစိုက်ပျိုးရောင်းဝယ်မှု ပပျောက်ဖို့အတွက်ဆိုရင် အားလုံးပူးပေါင်းဆောင်ရွက်ဖို့လိုတယ်လို့ ပြောချင်ပါတယ်” ဟု သူ၏အမြင်ကို ပြောပြသည်။

ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုက ပြည်သူ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် စံစားခွင့်အရပ်ရပ်ကို အချိန်ကာလအလိုက် ပြန်လည်စိစစ်၍ လိုအပ်သလိုပြင်ဆင်တိုးမြှင့်စံစားခွင့်ပြုနိုင်ရေးနှင့်စပ်လျဉ်း၍မေးမြန်းရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံတော်၏ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးအခြေအနေနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ရသုံးခန့်မှန်းခြေ ငွေစာရင်းအရ နိုင်ငံတော်၏ဘတ်ဂျက်ဆိုင်ရာအချက်အလက်များမှာ ရငွေစုစုပေါင်း ကျပ်သန်းပေါင်း ၁၂၇၇၄၅၂၀၊ သုံးငွေ စုစုပေါင်း ကျပ်သန်းပေါင်း ၁၄၄၃၉၄၆၆၊ လိုငွေ ကျပ်သန်းပေါင်း ၁၆၆၄၀၄၆၊ ဂျီဒီပီတန်ဖိုး ကျပ်သန်းပေါင်း ၅၁၂၀၇၅၇၇၊ လိုငွေနှင့် ဂျီဒီပီအချိုး ၃ ဒသမ ၂၅ ရာခိုင်နှုန်း၊ နိုင်ငံတော်အတွင်း လှည့်လည်သုံးစွဲနေသော ငွေပမာဏ ကျပ်သန်းပေါင်း ၆၇၄၈၅၆၆၊ ငွေကြေးဖောင်းပွမှုအနေဖြင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ကိန်းဂဏန်းအရ ၁ ဒသမ ၉၅ ရာခိုင်နှုန်းနှင့် စားသုံးသူဈေးဆနှုန်းကိန်းအနေဖြင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလအရ ၁၇၀ ဒသမ ၈၆ ဖြစ်ပါကြောင်း။

သုံးငွေစုစုပေါင်း ကျပ်သန်းပေါင်း ၁၄၄၃၉၄၆၆ တွင် နိုင်ငံ့ဝန်ထမ်းများ၏လစာနှင့် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာအတွက် သုံးငွေမှာ သုံးငွေ စုစုပေါင်း ကျပ်သန်းပေါင်း ၁၄၄၃၉၄၆၆၊ ဝန်ထမ်းလစာ အတွက်သုံးငွေ ကျပ်သန်းပေါင်း ၁၃၉၀၅၅၀ ဒသမ ၆၉၊ သုံးငွေစုစုပေါင်းတွင် ဝန်ထမ်းလစာ သုံးငွေပါဝင်မှု ၉ ဒသမ ၆၃ ရာခိုင်နှုန်း၊ ပင်စင်လစာအတွက်သုံးငွေ ကျပ်သန်းပေါင်း ၃၃၁၆၄၅ ဒသမ ၅၁၁၊ သုံးငွေ စုစုပေါင်းတွင် ပင်စင်လစာသုံးငွေ ပါဝင်မှု ၂ ဒသမ ၃၀ ရာခိုင်နှုန်းနှင့် သုံးငွေစုစုပေါင်းတွင် ဝန်ထမ်းလစာနှင့် ပင်စင်လစာအတွက် သုံးငွေပါဝင်မှု ၁၁ ဒသမ ၉၃ ရာခိုင်နှုန်း ဖြစ်ပါကြောင်း။

သို့ဖြစ်၍ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာတိုးမြှင့်ပေးနိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် ရငွေပိုမိုတိုးတက်ရရှိရေး၊ သုံးငွေစိစစ်လျှော့ချရေးတို့ကို စနစ်တကျဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေအရ ဝန်ထမ်းလစာ တိုးမြှင့်ရန်အစား ထောက်ပံ့ကြေးငွေ တိုးမြှင့်ခံစားခွင့်ပြုရန်ကို ဦးစွာစဉ်းစား ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုးမြှင့်ပေး

မိုင်းပန် မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ပြောကြားစဉ်။ (မြန်မာ့အလင်း)

သည့် ဝန်ထမ်းလစာနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာမည့် အငြိမ်းစားပင်စင်လစာအတွက် တိုးမြှင့်ထောက်ပံ့ရမည့်ပမာဏအတွက် နိုင်ငံတော်မှ ရေတိုရေရှည် ကျခံနိုင်မှုအခြေအနေကို ထည့်သွင်းတွက်ချက် စဉ်းစားဆောင်ရွက်လျက်ရှိပါကြောင်း။

ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုယ်ပိုင်အိမ်ရာမရှိသေးသောဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ပုဂ္ဂလိကကုမ္ပဏီဝန်ထမ်းများနှင့် ပြည်သူများ ကိုယ်ပိုင်အိမ်ရာပိုင်ဆိုင်ခွင့်ရရှိရေးအတွက် အဆင့်လိုက် သီးသန့် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်မှုတွင် လစာဝင်ငွေနည်းပါးသောဝန်ထမ်းများ၊ လစာဝင်ငွေ အလယ်အလတ်အဆင့်ရှိ ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ပုဂ္ဂလိကကုမ္ပဏီဝန်ထမ်းများနှင့် ပြည်သူများအတွက် အိမ်ရာများဆောက်လုပ်ပေးခြင်းတို့ ဖြစ်ပါကြောင်း။

သင့်လျော် ကောင်းမွန်သော အိမ်ရာများတည်ဆောက်ရန် စီမံကိန်းများ ရေးဆွဲပြီး ဦးစားပေးအစီအစဉ်အလိုက် တာဝန်ထမ်းဆောင်ဆဲ ပြည်သူ့ဝန်ထမ်းများအား အငှားချဝန်ထမ်းအိမ်ရာများတွင် စီစဉ်ပေးခြင်း၊ ငွေပေးချေနိုင်မှု အင်အားအပေါ်အခြေခံကာ ကျသင့်အိမ်တန်ဖိုးကို လစဉ်အရစ်ကျ လစာငွေမှပေးသွင်းစေခြင်း၊ အငြိမ်းစားယူသည့်အခါ ကျန်ငွေများကို တစ်လုံးတစ်ခဲတည်း လုပ်သက်ဆုငွေမှ ဖြတ်တောက်ပေးသွင်းစေခြင်းနှင့် ထပ်မံလိုငွေကို ငွေသားဖြင့်ပေးသွင်းစေခြင်း၊ အငြိမ်းစားဝန်ထမ်းများ၊ ပုဂ္ဂလိကကုမ္ပဏီဝန်ထမ်းများနှင့် ပြည်သူများအတွက် ကျသင့်တန်ဖိုးကို တစ်လုံးတစ်ခဲတည်း ပေးသွင်းစေခြင်း နည်းလမ်းများဖြင့် အိမ်ပိုင်ဖြစ်စေရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင်ရပ်နားပြီး အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို မတ် ၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

◆ အမျိုးသားလွှတ်တော်မှ

အခြေခံဥပဒေတွင် အတိအကျဖော်ပြထားခြင်းမရှိသော၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သော၊ ရပိုင်ခွင့်ကိုတောင်းဆိုသော အဆိုဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် တိုင်းရင်းသားရေးရာ ဝန်ကြီးသည် တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ လူနည်းစုတိုင်းရင်းသားအရေးကို ဆောင်ရွက်ရန်ဖြစ်ပြီး ဒေသခံလူမျိုးစုအရေးကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရက တာဝန်ယူစေရေးဖြစ်ကြောင်းဟု ထင်မြင်သုံးသပ်မိပါကြောင်း၊ တိုင်းရင်းသားအရေးအရာကိစ္စများကို ဆောင်ရွက်ရန်နိုင်ငံတော်၌ တာဝန်များရှိနေသဖြင့် တိုင်းဒေသကြီး / ပြည်နယ်အဆင့်အထိသာ တိုင်းရင်းသားရေးရာကိစ္စများကိုဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မှု မအောင်မြင်နိုင်သောကြောင့် ပြည်ထောင်စုအဆင့် တိုင်းရင်းသားရေးရာဝန်ကြီးဌာနဖွင့်လှစ်၍ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးစောထွန်းမြအောင်က ယနေ့ကမ္ဘာတွင် မြန်မာနိုင်ငံကို စတင်ပြီး သံခင်းတမန်ခင်းအရ ဆက်သွယ်မှု၊ ဝင်ထွက်မှုနှင့်ဖိတ်ကြားမှုများ ပိုမိုလုပ်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အဓိကအချက်မှာ ပြည်တွင်းတွင် တည်ငြိမ်လာမှု၊ ပြောင်းလဲလာမှုကြောင့် ပိတ်ပင်မှုများ၊ တားမြစ်မှုများ လျော့နည်းလာသည်ကို တွေ့မြင်ရကြောင်း၊ ယင်းမှာ နိုင်ငံရေးပြောင်းလဲမှုကြောင့်ဟု ပြောလျှင် မမှားပါကြောင်း၊ အဓိကအချက်မှာ တိုင်းရင်းသား အချင်းချင်း ပြန်လည်စည်းလုံးမှု၊ စည်းရုံးမှုကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပျက်ပြားထိခိုက်နိုင်သည့် ပြောဆိုနေထိုင်မှုများကို မိမိတို့ရှောင်ရှားရန် လိုအပ်ပါကြောင်း၊ တိုင်းရင်းသားများဘက်ကလည်း ကိုယ့်လူမျိုးကိုချစ်သလို

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစောထွန်းမြအောင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

အခြား တိုင်းရင်းသားလူမျိုးကိုလည်း လေးစားရမည်၊ ချစ်ခင်ရမည်ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လာရောက်ရှင်းလင်းမည့် ပြည်ထောင်စုဝန်ကြီး၏ သဘောထားမှတ်ချက်ကိုလည်း အလေးထားရန် လိုပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးကမှတ်တမ်းအဖြစ်ထားပေးပါဆိုလျှင် ဝန်ကြီး၏သဘောထားအတိုင်း လိုက်နာလျှင် သင့်တော်မည်ဟု ယူဆပါကြောင်း၊ နိုင်ငံတော်အစိုးရက ယင်းကိစ္စကိုဆောင်ရွက်ပေးရန် စဉ်းစားသည်ဆိုလျှင်လည်း အတိုင်းထက်အလွန် ဝမ်းသာရမည့်အချိန် ဖြစ်ပါကြောင်းနှင့် နိုင်ငံတော်အစိုးရ၏ သဘောထားမှတ်ချက်ကို စဉ်းစားနားထောင်သင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရည်ရွယ်ချက်များနှင့်အညီ နိုင်ငံတော်မှသုံးစွဲနိုင်သည့် ဘတ်ဂျက်ငွေကြေးအပြင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များထံမှ အကူအညီရယူပြီး လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာနများမှလည်း တိုင်းရင်းသားရေးရာကိစ္စရပ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသအထိသွားရောက်၍တိုင်းရင်းသားများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ထပ်မံ၍ လိုအပ်ချက်များရှိပါက တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးများနှင့် တိုင်းရင်းသားရေးရာဝန်ကြီးများအနေဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်သွားနိုင်ပါကြောင်း၊ တိုင်းရင်းသားများအတွက် လိုအပ်ချက်များကို နိုင်ငံတော်၏ စီးပွားရေးအခြေအနေပေါ်မူတည်ပြီး ဖွံ့ဖြိုးတိုးတက်မှု လွန်စွာကွာခြားမှုမရှိစေရေးအတွက် ထိန်းသိမ်းကြပ်မတ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိနေသည့်အတွက် နိုင်ငံတော်၏ဘတ်ဂျက် အခြေအနေအရ တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနကို ထပ်မံတိုးချဲ့ဖွဲ့စည်းရန် မလိုအပ်ပါသဖြင့် အဆိုကို မှတ်တမ်းအဖြစ်သာထားပေးရန် တင်ပြအပ်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်း ဆွေးနွေး

သမ္မတ ရုံး ဝန်ကြီး ဦးစိုး မောင် ပြန်လည် ရှင်းလင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ ကန့်ကွက်ဆန္ဒမဲ များသည့်အတွက် အဆိုကို အတည်မပြုကြောင်း ဆုံးဖြတ်သည်။

အဆိုနှင့်ပတ်သက်၍ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမနားနိုင်က “ယခင်နိုင်ငံရေး ခေတ်ကာလတွေမှာ သမ္မတအဆင့်ကို တိုင်းရင်းသားများက တာဝန်ယူရွေးချယ်ခန့်ထားခဲ့ကြောင်း ကိုသိမှတ်ရသလို၊ တိုင်းဒေသကြီး/ ပြည်နယ်များအတွက် တိုင်းရင်းသား လူမျိုးစုရေးရာဝန်ကြီးများ ရှိခဲ့ကြောင်းကို သိရပါတယ်။ ဒါကြောင့် ယခု ဆွေးနွေးချက်အပေါ် နိုင်ငံတော်၌ ပြည်ထောင်စုအဆင့် တိုင်းရင်းသား ရေးရာဝန်ကြီးဌာန တိုးချဲ့ဖွဲ့စည်းနိုင်မယ်ဆိုရင် တိုင်းရင်းသားများအရေးကို ပိုပြီးထိရောက်စွာ ဆောင်ရွက်လာလိမ့်မယ်လို့ ယူဆပါတယ်”ဟု ပြောပြသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးစောမြဝင်းက “ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ ကန့်ကွက်သွားကြောင်း မရှိသော်လည်း နိုင်ငံတော်က တိုင်းရင်းသားရေးရာကိစ္စနဲ့ပတ်သက်ပြီးတော့ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ တိုင်းရင်းသားရေးရာကိစ္စသည် အလွန်နူးညံ့သိမ်မွေ့သော ကိစ္စဖြစ်တဲ့အတွက် အချိန်ယူစဉ်းစားသုံးသပ်ပြီး အတိမ်းအစောင်းမရှိအောင် ဆောင်ရွက်မှသာ ကျွန်တော်တို့မျှော်လင့်သော၊ တည်တံ့ခိုင်မြဲသော ထာဝရ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို တည်ဆောက်သွားနိုင်မှာဖြစ်တယ်လို့ ယူဆမိပါတယ်”ဟု ပြောပြသည်။

အစည်းအဝေးကို မွန်းလွဲ ၂ နာရီခွဲတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

လွှတ်တော်များသို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် မတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်းရှိ မြို့နယ်များမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင် ၉၅ ဦး၊ ရန်ကုန်တက္ကသိုလ် နိုင်ငံတကာ ဆက်ဆံရေး ပညာရေးဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၄၁ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ထူးချွန်ကျောင်း ကြက်ခြေနီလူငယ် အရည်အချင်းမြှင့်တင် လေ့ကျင့်ရေး နွေရာသီစခန်းမှ အုပ်ချုပ်သူနှင့် သင်တန်းသား သင်တန်းသူ ၈၀ တို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ကျင်းပနေပုံများကို လေ့လာပြီး လွှတ်တော်အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှု၍ ပြန်လည် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားကာကွယ်ရေးဝန်ကြီးအား ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆို

နေပြည်တော် မတ် ၄

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိလာသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Sergey K. SHOIGU အား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Sergey K. SHOIGU တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးကြစဉ်။ (သတင်းစဉ်)

အဆိုပါဂုဏ်ပြုပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးတို့တက်ရောက်ကြပြီး ရုရှားကာကွယ်ရေးဝန်ကြီးနှင့်အတူ ရုရှားကာကွယ်ရေး ဒုတိယဝန်ကြီး Mr. Anatoly I. ANTONOV၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ Lieutenant General Igor D. SERGUN နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Vasiliy B. POSPELOV နှင့် စစ်သံမှူး Colonel Vasiliy I. SAVENKOV တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ရုရှားကာကွယ်ရေးဝန်ကြီးသည် ဂုဏ်ပြုကြိုဆိုပွဲကျင်းပမည့် ဇေယျာသီရိဗိမာန်ရှေ့သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ရုရှားကာကွယ်ရေး ဝန်ကြီးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် အလေးပြုခုံ စင်မြင့်သို့သွားရောက်၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဂုဏ်ပြုတီးမှုတ်

ထိုအချိန်တွင် တပ်မတော် စစ်တီးဝိုင်းက နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများအား ဂုဏ်ပြုတီးမှုတ်သည်။

ယင်းနောက် ရုရှားကာကွယ်ရေး ဝန်ကြီးသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချင်းပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေရေး ခရီးသွားလုပ်ငန်းသည်လည်း အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်

နေပြည်တော် မတ် ၄

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ချင်းပြည်နယ်အတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ချင်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးရမ်မန်းနှင့်အတူ မတ် ၁ ရက် နံနက်ပိုင်းတွင် ဖလမ်းမြို့ကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်ငိုင်းတို့သည် မွန်းလွဲ ၁ နာရီတွင် ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၁ ခုနှစ် နိုင်ငံတော် အစိုးရသစ်လက်ထက်တွင် နိုင်ငံရေး၊ စီးပွားရေးစနစ်ပုံစံများ ပြောင်းလဲလာမှုကြောင့် နိုင်ငံတကာနှင့် ရင်းနှီးပွင့်လင်းစွာ ဆက်ဆံလာနိုင်ခဲ့ရာ ခရီးသွားလုပ်ငန်းအပိုင်းတွင် သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်လာခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်အတွင်း ခရီးသည်ဝင်ရောက်မှု တစ်သန်းကျော်ရှိခဲ့ပြီး ယခု ၂၀၁၃ ခုနှစ်တွင်လည်း ဆက်လက်ဖွံ့ဖြိုးလျက်ရှိကြောင်း၊ ယခုအခါ ခရီးစဉ်ဒေသများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ခရီးသွားလုပ်ငန်း စနစ်တကျ တိုးတက်အောင်မြင်စေရန်၊ ဝန်ဆောင်မှုအရည်အသွေး ပြည့်ဝကောင်းမွန်ရန် လိုအပ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းများအတွက် ဝန်ဆောင်မှု အရည်အသွေးပြည့်ဝစေရန် လိုအပ်သည့်သင်တန်းများ ချင်းပြည်နယ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက် ကောင်းမွန်စေရေးတွင် ခရီးသွားလုပ်ငန်းသည်လည်း အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်၍ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘေးထွက် ဆိုးကျိုးများလည်း ဖြစ်ပေါ်လာနိုင်သဖြင့် ကြိုတင်ကာကွယ်ထိန်းသိမ်းရန်လိုကြောင်းမှာကြားပြီး ဟားခါးမြို့ဝန်းကျင်နှင့် ချင်းပြည်နယ် ယဉ်ကျေးမှုပြတိုက်တို့ကို ကြည့်ရှုလေ့လာသည်။

ပြည်ထောင်စုဝန်ကြီးသည် ချင်းပြည်နယ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးနန်ဇမုန်နှင့်အတူ ညနေပိုင်းတွင် တီးတိန်မြို့ ဆောက်လုပ်ရေးရိပ်သာ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်များ ဝိုင်းဝန်းကူညီပါဝင်ဆောင်ရွက်ကြရန် မှာကြားပြီး တီးတိန်မြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

မတ် ၃ ရက် နံနက်ပိုင်းတွင် ဟိုင်မွှာနယ်စပ်ကုန်သွယ်ရေးစခန်း၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ချင်းပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းများ တိုးတက်အောင်မြင်စေရေး လိုအပ်သည်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မှာကြားပြီး ရိဒ်မြို့နယ်ခွဲ နယ်စပ်စစ်ဆေးရေးဂိတ်၌ မြန်မာ-အိန္ဒိယနယ်စပ်ဖြတ်ကျော်လည်ပတ်သွားလာမှုအခြေအနေများကို လေ့လာမေးမြန်းခဲ့သည်။ ဆက်လက်၍ ရိဒ်ရေကန်သို့ ရောက်ရှိပြီး **(အပေါ်ပုံ)** ပြည်ထောင်စုဝန်ကြီးက ရေကန်ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေး၊ ခရီးသွားဧည့်သည်များ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အပန်းဖြေအနားယူနိုင်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ခရီးသွားဧည့်သည်များ တိုးတက်များပြားလာပါက ဆောင်ရွက်မည့်အစီအမံတို့ကို ဒေသခံမြို့မိမြို့ဖများနှင့် ဆွေးနွေးညှိနှိုင်းခဲ့သည်။

မွန်းလွဲပိုင်းတွင် တီးတိန်မြို့သို့ ရောက်ရှိပြီး အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော တိုင်းရင်းသားခရီးသွားလုပ်ငန်းရှင်နှစ်ဦးက တစ်ဦးလျှင် ငွေကျပ်သိန်း ၂၀ စီနှင့် စုစုပေါင်း ငွေကျပ် သိန်း ၄၀ ကို တီးတိန်မြို့နယ် ပြည်သူ့ဆေးရုံအတွက် လှူဒါန်းကြရာ တီးတိန်မြို့နယ် အုပ်ချုပ်ရေးမှူးက လက်ခံသည်။

မတ် ၄ ရက် နံနက်ပိုင်းတွင် ကလေးမြို့ တာဟန်းဈေး၌ ချင်းတိုင်းရင်းသားများ၏ ရိုးရာအဝတ်အစား အသုံးအဆောင်ပစ္စည်းများ ရောင်းဝယ်နေမှု၊ ရိုးရာအစားအသောက်များ ထုတ်လုပ်ပြင်ဆင်ရောင်းချနေမှုများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ရှေ့ဖုံးမှ*

ကန်သာကို ကျောင်းသွားတက်ပြီး ရထားနဲ့ပြန်လို့ရပြီပေါ့ ရထားလမ်းဖွင့်ပေးမယ်ဆိုရင် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဒေသဖွံ့ဖြိုးရေးအတွက် အများကြီး အဆင်ပြေလာနိုင်တာပေါ့”။

“ကျွန်တော်က ဦးတင်မောင်လွင်ပါ၊ ကဘောင်းကုန်းကျေးရွာပါ။ ရွာအနေနဲ့ အိမ်ခြေ ၄၅၀ လောက်ရှိပြီး လူဦးရေ ၁၈၀၀ လောက်ရှိပါတယ်။ ရွာက ကားလမ်းနဲ့ဝေးတော့ နည်းနည်းခေါင်တယ်။ ရွာက မူလတန်းကျောင်းပဲရှိပြီး ကျန်းမာရေးဆေးခန်း မရှိဘူးဗျာ. . . တော်ရုံနေမကောင်းရင် တောင်ကုလားရှင်ရွာက ကျန်းမာရေး ဆေးခန်းမှာသွားပြီး ဆေးကုရပါတယ်။ ဒီထက်မမာရင်တော့ နတ်မောက်ကို လမ်းကြမ်းမှာ မိုင် ၂၀ လောက်ကို လှည်းနဲ့သွားရတယ်။ မြွေကိုက်ခံရရင်တော့ သေတာများပါတယ်. . ရထားလမ်းဖွင့်ပေးရင်တော့ ကျန်းမာရေးကြောင့် ဒုက္ခရောက်ရင် သွားရေးလာရေးခက်ခဲလို့ ပူပင်ရတဲ့ သောကတွေမရှိတော့ဘူးပေါ့ဗျာ၊ ရွာမှာက ကောက်ပဲသီးနှံအပြင် ဖျာကြမ်းတွေလည်း အလွန်အလုပ်ဖြစ်တယ်။ အရင်က လှည်းနဲ့ နတ်မောက်ပို့ပြီးမှ ရထားနဲ့ ကျောက်ပန်းတောင်းပို့ရတော့ ဒုက္ခများတာပေါ့၊ ရထားရှိပြီဆိုရင်တော့ ဘယ်ပို့ပို့ကုန်ကျစရိတ် သက်သာတာပေါ့။ ရွာကလူတွေလည်း ဝမ်းသာနေတာပါ”။

“ကျွန်တော်က နတ်မောက်အုပ်စု ကျောက်အိုးရွာကပါ၊ ဦးသိန်းရွှေပါ၊ ရွာက အိမ်ခြေ ၁၀၀ ကျော်ပါတယ်၊ ရွာမှာလူဦးရေ ၇၀၀ လောက်ရှိပါတယ်၊ အခု ရထားလမ်းလုပ်တာကြည့်ပြီး လာအားပေးတာပါ၊ ရွာကသွားလာရေး အလွန်ခက်ခဲတယ်လေ၊ နတ်မောက်ဆို မိုင် ၃၀ လောက်ဝေးတာ. . ကားလမ်းမရှိဘူး။ ခရီးကြမ်းပေါ့ဗျာ. . မိုးတွင်းကာလဆို ဒေသထွက်လေး သွားရောင်းချင်တာကို တော်တော်ကိုခက်ခဲနေတာ၊ ရွာက အုပ်ချုပ်ရေးမှူးကို ရပ်စခန်းလေးဖွင့်ပေးဖို့ပြောပေးပါလို့ တောင်းဆိုထားတယ်ဗျာ. . ရထားရပ်ပေးမယ်ဆိုရင်တော့ ကျုပ်တို့ ရွာကလေး တိုးတက်ပြီပေါ့ဗျာ. . ဒါဆိုရင် အလွန် ဝမ်းသာကြမှာပါ။”

“ကျွန်တော်ကတော့ ဦးကြည်စုပါ။ အမှန်းကုန်းကြီးအုပ်စုကပါ ရွာလေးရွာပါဝင်တဲ့ အုပ်စုပါ အိမ်ခြေ ၁၄၄၃ စုပါ။ လူဦးရေ ၇၆၀၀ ကျော်ရှိပါတယ်။ အထက်တန်းကျောင်းခွဲ တစ်ကျောင်းရှိပါတယ်။ အရင်ကတော့ နတ်မောက်ကို သွားဖို့တောင် အင်မတန် ခဲယဉ်းပါတယ်ခင်ဗျာ. . ရထားလမ်းက ရွာနားက ဖြတ်သွားမယ်ဆိုရင်တော့ ကူးသန်းရောင်းဝယ်ရေး လွယ်ကူလာနိုင်တယ်။ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးတွေလည်း အတော့်ကို အဆင်ပြေသွားမှာပါ၊ မြန်မာ့မီးရထားကလည်း ကျွန်တော်တို့ရွာကို ရပ်စခန်းတစ်ခုဖွင့်ပေးဖို့ စီစဉ်ထားတယ်လို့ သိရတဲ့အတွက် အင်မတန် ဝမ်းသာမိပါတယ်ခင်ဗျာ. . .” စသည်ဖြင့် ဒေသခံပြည်သူများရဲ့ ရင်တွင်းစကားများကိုလည်း ကြားသိရသည်။

ယခုအခါ ရွာတော်-နတ်မောက် လမ်းပိုင်းသစ်အား ဖွင့်လှစ်ပြီးစီးသွားပါက အဆိုပါဒေသရှိ ဒေသထွက်ကုန်ပစ္စည်းများအား စရိတ်စကသက်သာစွာဖြင့် အလွယ်တကူ ပို့ဆောင်ရောင်းဝယ်နိုင်တော့မှာ ဖြစ်သည်။

အဆိုပါ ရထားလမ်းပိုင်းသစ်သည် နတ်မောက်-ပျော်ဘွယ်ကို ဆက်သွယ်ထားပြီး အရှေ့အနောက်ရိုးမကို ဖြတ်သန်းဖောက်လုပ်ထားတာဖြစ်သည်။ ရထားလမ်းကြောင်းတစ်လျှောက်ရှိ ပျော်ဘွယ်နှင့် နတ်မောက်မြို့နယ် ကျေးရွာနေပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဒေသဖွံ့ဖြိုးမှု အားနည်းခဲ့ခြင်းကြောင့် မြန်မာ့မီးရထားမှ ၎င်းလမ်းပိုင်းသစ်ကို ဖောက်လုပ်ခဲ့ရကြောင်း တာဝန်ရှိသူများထံမှ သိရှိခဲ့ရသည်။ မြန်မာ့မီးရထားတာဝန်ရှိသူများမှာလည်း အဆိုပါဒေသရှိ ကျေးရွာများ၏ အမှန်တကယ် လိုအပ်ချက်များကို ကွင်းဆင်းလေ့လာပြီး ဒေသအုပ်ချုပ်ရေးမှူးတို့နှင့် ညှိနှိုင်းကာ အမှန်တကယ်လိုအပ်သည့် နေရာများတွင် ရပ်စခန်းဘူတာများအား ထားရှိနိုင်ရေး ဆောင်ရွက်ထားကြောင်း သိရှိရသည်။

နတ်မောက် - ပျော်ဘွယ်မှတစ်ဆင့် ရန်ကုန်-နေပြည်တော်-မန္တလေး စသည့် မြို့ကြီးများသို့ ခရီးသည်နှင့် ကုန်စည်များကို ပို့ဆောင်ပေးနိုင်တော့မည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတို့လည်း ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲဧကန်ဖြစ်သည်။

နတ်မောက် - ပျော်ဘွယ် ရထားလမ်းသစ်ကြီးအား မြန်မာ့မီးရထားက မကြာမီဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုက်ပါသည်။

ကကြိုး၊ ကကွက်များဆိုင်ရာ ဗဟိုနည်းပြသင်တန်းဆင်း

နေပြည်တော် မတ် ၄

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် ကကြိုး၊ ကကွက်များဆိုင်ရာ ဗဟိုနည်းပြသင်တန်းအမှတ်စဉ် (၁/၂၀၁၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ညနေ ၄ နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ကျင်းပရာ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ အတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ရုရှားကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Sergey K. SHOIGU အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားကာကွယ်ရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၄

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၁၀ နာရီတွင်နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ ရုရှားကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Sergey K. SHOIGU အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဆွေတော်၏ခရီးစဉ်သည် မြန်မာ-ရုရှား နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၆၅)နှစ် ပြည့်မြောက်ချိန်တွင် လာရောက်ခြင်းဖြစ်၍ ထူးခြားသော ခရီးစဉ်ဖြစ်ပါကြောင်း၊ ၁၉၆၃ ခုနှစ်တွင် ရုရှားကာကွယ်ရေးဝန်ကြီး မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်လာရောက်ခဲ့ပြီး ယခုနှစ်ပေါင်း(၅၀)ကြာချိန်တွင် ဒုတိယအကြိမ် ထပ်မံလာရောက်ခြင်းသည် မြန်မာ-ရုရှား နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်းဖြစ်၍ ဝမ်းမြောက်မိပါကြောင်း။

ရုရှားနိုင်ငံက မြန်မာနိုင်ငံအား ဖွံ့ဖြိုးရေး အကူအညီများစွာပေးခဲ့သည့်အတွက် နိုင်ငံအနေဖြင့်ရော မြန်မာ့တပ်မတော် အနေဖြင့်ပါ ကျေးဇူးတင်ရှိပါကြောင်း၊ကမ္ဘာ့ဖြစ်ပေါ် တိုးတက်မှုများသည် ရုရှားနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုနှင့် ဒွန်တွဲလျက်ရှိနေသည်ကို တွေ့ရပါကြောင်း၊ အပြန်အလှန် ချစ်ကြည်ရေးခရီးလည်ပတ်ရုံသာမက အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများပါ လိုအပ်ပါကြောင်း၊ အားကစားအဖွဲ့များ အပြန်အလှန် လည်ပတ်ခြင်းဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်နိုင်မည် ဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ငြိမ်းချမ်းရေး လမ်းကြောင်းပေါ် လျှောက်လှမ်းလျက်ရှိကြသော်လည်း နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး အခြေအနေများအရ ဒေသအလိုက် မတည်ငြိမ်မှုများဖြစ်ပေါ်လျက်ရှိပါကြောင်း၊ စစ်ကိုမလိုလားပါဟုဆိုသော်လည်း မယုံသင်္ကာမှုများကြောင့် နိုင်ငံကာကွယ်ရေးအတွက် ပြင်ဆင်မှုများရှိနေကြ၍ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ရုရှားနိုင်ငံကဲ့သို့ အင်အားကြီးနိုင်ငံများက လိုအပ်သည့်ဘက်မှ ကူညီမှုများပေးစေလိုပါကြောင်း၊ အဆွေတော်၏ ခရီးစဉ်သည် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို သက်ရောက်မှုရှိလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ရုရှားနိုင်ငံရှိ အဓိက အဆင့်မြင့်တက္ကသိုလ်များတွင် ပညာသင်ကြားခွင့်ပေးခြင်းသည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို တိုးတက်စေသည့် ပြယုဂ်ဖြစ်ပါကြောင်းဖြင့်ဆွေးနွေးပြောကြားသည်။

ရုရှားကာကွယ်ရေး ဝန်ကြီးက မြန်မာ-ရုရှား နှစ်နိုင်ငံချစ်ကြည်ရေး တိုးတက်ကောင်းမွန်စေရန် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်သွားလိုပါကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေး တိုးတက်စေရန်အတွက် အထက်အောက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် ကောင်းမွန်သော အချိန်အခါသမယ ဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း၊ နှစ်နိုင်ငံ စစ်ဘက်နည်းပညာသာမက စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနယ်ပယ်များတွင်ပါ ပူးပေါင်းဆောင်ရွက်ပါက နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အဓွန့်ရှည်မည်ဟု ယုံကြည်ပါကြောင်း။

မြန်မာ-ရုရှား နှစ်နိုင်ငံ ကြီးမားကျယ်ပြန့်သည့် ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်၍ နှစ်နိုင်ငံ ချစ်ကြည်ရေး အဓွန့်ရှည်မည်ဟု ယုံကြည်ဆုတောင်းပါကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု၊ ပွင့်ပွင့်လင်းလင်း ထိတွေ့ပြောဆိုဆက်ဆံမှုများသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို များစွာ အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ MOSCOW State University တွင် ပညာသင်ကြားနိုင်ရေး ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအား ဘက်ပေါင်းစုံမှ တိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်မိပါကြောင်းဖြင့် ပြန်လည် ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရုရှားကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

အရှေ့ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၄

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ် ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ သာယာဝတီမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မိုင်းဆတ်မြို့တွင် ၀ ဒသမ ၃၉ လက်မ၊ ကျိုင်းတုံမြို့နှင့် မြဝတီမြို့တို့တွင် ၀ ဒသမ ၃၅ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

စုံညီခုံရုံး ရုံးထိုင်စီရင်ချက်ချမှတ်

နေပြည်တော် မတ် ၄

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သောစုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်ပြီး တရားမအထူးအယူခံမှု ခြောက်မှုကို စီရင်ချက်ချမှတ်ခဲ့သည်။ ထို့အပြင် ပြစ်မှုဆိုင်ရာ အထူးအယူခံမှုနှစ်မှုနှင့် တရားမအထူးအယူခံမှုလေးမှုတို့ကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပသည့် တက္ကသိုလ်ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၈) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် သင်တန်းသားများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် တိုင်းပြည်အတွက် အကျိုးအရှိဆုံးဖြစ် ပညာရေးနှင့်ကျန်းမာရေးဘတ်ဂျက် အသုံးစရိတ်များ တိုးမြှင့်သုံးစွဲနေပြီ

နေပြည်တော် မတ် ၄

တက္ကသိုလ်ကောလိပ် ဆရာဆရာမများအနေဖြင့် နိုင်ငံတော်အတွက်ဗလငါးတန်နှင့် ပြည့်ဝသော လူ့စွမ်းအား အရင်းအမြစ်များပေါ်ထွန်းလာအောင် မွေးမြူလေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးရေးက အရေးကြီးသကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာရန်အတွက် ပညာရေးကဏ္ဍက အလွန်ပင်အရေးကြီးကြောင်း၊ ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် တိုင်းပြည်အတွက် အကျိုးအရှိဆုံးဖြစ်၍ အစိုးရသစ်လက်ထက်တွင် ပညာရေးနှင့်ကျန်းမာရေးဘတ်ဂျက် အသုံးစရိတ်များကို တိုးမြှင့်သုံးစွဲနေပြီဖြစ်ကြောင်း၊ နိုင်ငံတကာ တက္ကသိုလ်များ၏ သင်ကြားလေ့ကျင့်ပေးနေမှုများကို နမူနာယူပြီး အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်မည်ဆိုပါက နိုင်ငံတကာ အဆင့်မီ ပညာရည် မြင့်မားလာမည်ဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားလာသည်နှင့်အမျှ ပညာရေးဖြင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်းဖြင့်ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ယနေ့ နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပသည့် တက္ကသိုလ် ကောလိပ်ဆရာဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၈)သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

မှာကြား

အလားတူ တက္ကသိုလ်ကောလိပ် ဆရာဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက လူ့စွမ်းအားအရင်းအမြစ်များ ကြွယ်ဝလာစေရေးအတွက် ပညာရေးကဏ္ဍကို အခြေခံရမည် ဖြစ်သောကြောင့် ပညာရေးကဏ္ဍကို မြှင့်တင်ပေးကြရမည့် ဆရာ ဆရာမများအနေဖြင့် နေ့စဉ်ပြောင်းလဲတိုးတက်နေသည့် ပညာရပ်များကို အစဉ်အမြဲလေ့လာသင်ယူနေကြရမည် ဖြစ်ကြောင်း၊ အဆင့်မြင့် ပညာကဏ္ဍအနေဖြင့် သင်ကြားရေးလုပ်ငန်းများနှင့်အတူ သုတေသန လုပ်ငန်းများကိုလည်း နိုင်ငံတကာ စံနှုန်းများနှင့်အညီ စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို ဒေသအလိုက် အထောက်အကူပြုမည့် ကုန်ထုတ်လုပ်မှုနှင့်ဖြန့်ဖြူးမှုတို့အတွက် နိုင်ငံအကျိုးပြုအသုံးချ သုတေသန လုပ်ငန်းများကို ထိထိရောက်ရောက် တီထွင်ကြံဆပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းအားလုံးအနေဖြင့် မိမိ၏တာဝန်ကို တာဝန်သိ၊ တာဝန်ရှိ၊ တာဝန်ယူ၊ တာဝန်ခံပြီး ကျေပွန်အောင်ထမ်းဆောင်ကြရမည် ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ် ၃ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Sukhothai Thammathirat Open University တွင် သင်တန်းတက်ရောက်ရန် မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဒေါက်တာစိန်ဝင်း ဦးဆောင်သော သင်တန်းသား ၃၃ ဦးအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

အရာတော်မြို့နယ် ဖုတ်ကုန်းကျေးရွာတွင် ဆိုလာပြားဖြင့် တစ်ရွာလုံးမီးလင်းရေးဆောင်ရွက်

အရာတော် မတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အရာတော်မြို့နယ် ဖုတ်ကုန်းကျေးရွာတွင် အိမ်ခြေ ၃၂၀ ရှိပြီး တောင်သူလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း နေထိုင်ကြသည်။ အရာတော်မြို့နှင့် ရှစ်မိုင်ခန့် ကွာဝေးသော ကျေးရွာဖြစ်သောကြောင့် လျှပ်စစ်မီးသွယ်တန်းယူရန် အခက်အခဲများစွာ ရှိသည်။ ကျေးလက်နေပြည်သူများ ဘုန်းတော်ကြီးကျောင်းမှ ဘုရားမီးပူဇော်ရန်နှင့် လမ်းမီးများသုံးစွဲရန် အင်ဂျင်မီးစက်ဖြင့် အချိန်အကန့်အသတ်ဖြင့်သာ လျှပ်စစ်မီးရရှိခဲ့သည်။

ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးရန်ပုံငွေပံ့ပိုးမှုဖြင့် ကျေးလက် မီးလင်းရေးလုပ်ငန်းကို တိုင်းဒေသကြီးအတွင်းရှိ ၃၈ မြို့နယ်တွင် ပါဝင်သော အရာတော်၊ ကနီ၊ မြင်းမူမြို့နယ်များအတွင်းရှိ ကျေးရွာတစ်ရွာစီအားဆိုလာပြားဖြင့် အိမ်တိုင်းမီးလင်းနိုင်ရေးအတွက် အိမ်တိုင်းအခမဲ့တပ်ဆင်ပေးရန် အရာတော်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိန်ဌေးနှင့် မြို့နယ်အဆင့်ဌာန ဆိုင်ရာများမှ တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၆ နာရီက တစ်အိမ်ထောင်လျှင် ငွေကျပ် ခုနစ်သောင်းကျော်တန်ဖိုးရှိ ဆိုလာပြားနှင့်ဆက်စပ်ပစ္စည်းများဖြစ်သော ၁၂ ဗို့အားရှိ ဘက်ထရီတစ်လုံး၊ ငါးဝပ် (LED) မီးသီးသုံးလုံး၊ အင်ဗာတာစသည့် ပစ္စည်းအစုံ ၃၂၀ စုံကို ဖုတ်ကုန်း ကျေးရွာမှ အိမ်ထောင်စုတစ်စုချင်း သို့လည်းကောင်း၊ ကျေးရွာလမ်းမီးအတွက် ဓာတ်တိုင် ၂၃ တိုင်ကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်စိုးထံသို့လည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**ထိုသို့ ဆိုလာပြားနှင့်ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်မှုနှင့် ပတ်သက်ပြီး ကျေးရွာသူ၊ ကျေးရွာသားများက အိမ်တိုင်း မီးလင်းတော့မည်ဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများသည် လုပ်ငန်းခွင်မှ ပြန်လာပြီး အမောဖြေကာ လျှပ်စစ်မီးရောင်ဖြင့် စာအုပ်၊ စာပေများ ဖတ်ရှုနိုင်ပြီး အသိပညာ၊ ဗဟုသုတများ တိုးပွားလာနိုင်မည် ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

အသေးစားချေးငွေ ပေးအပ်

မန္တလေး မတ် ၄

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက် စေတနာရှင်ငွေစုငွေချေးသမဝါယမအသင်း အသေးစားချေးငွေပေးအပ်ပွဲကို မတ် ၃ရက် နံနက်က အသင်းရုံး၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဆန်းလင်းနှင့် အသင်းစု ဥက္ကဋ္ဌ ဦးကျင်စိန်တို့က အမှာစကားပြောကြားသည်။ ထို့နောက် ဦးစီးမှူး ဦးညွန့်ဆွေ၊ အသင်းစုအတွင်းရေးမှူး ဦးအောင်သူရတို့က အသေးစားချေးငွေကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အသင်းစုဥက္ကဋ္ဌက အသင်းစုအနေဖြင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး အသင်းသူ အသင်းသား ၂၅ ဦးအတွက် ကျပ် ၁၀သိန်းတိတိကို အသင်းဥက္ကဋ္ဌထံ ချေးငွေပေးအပ်သည်။ အဆိုပါ အသင်းမှ ပထမအကြိမ် တာဝန်ကျေပွန်ခဲ့သဖြင့် ဒုတိယအကြိမ် ထပ်မံထုတ်ချေးကြောင်းသိရသည်။ **(အပေါ်ပုံ)**

(၀၂၆)

ရှွေပဲသီးစိုက်သူများ ဝင်ငွေကောင်း

ပြင်ဦးလွင် မတ် ၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပဲကျွတ်သီး ရှွေပဲသီးအသီး ခြောက်လက်မမျိုး၊ အသီးလေးလက်မျိုးစိုက်ပျိုးတောင်သူများသည် ရှွေပဲသီးပေါ်ချိန်၌ အသီးခူး ရောင်းလျှင် တစ်ပိဿာ ငွေကျပ် ၁၀၀၀ နှုန်းမှ ၁၅၀၀ နှုန်းအထိ ရောင်းရ၍ ဈေးကောင်းများရရှိ လျက် ဝင်ငွေ ကောင်းနေသည်။

ရေငယ်ကျေးရွာမှ ပဲကျွတ်သီး ရှွေပဲသီးစိုက်ပျိုးတောင်သူတစ်ဦးက ရှွေပဲသီးမျိုးသည် ဆောင်းနှင်းကြိုက်သည့်အတွက် ရှွေပဲသီး ခြောက်လက်မမျိုးကို အောက်တိုဘာလလယ်မှ နိုဝင်ဘာလကုန်သည်အထိ စိုက်ပျိုးနိုင်ပြီး ဇန်နဝါရီလဆန်းမှစတင်ကာ အသီးခူးပြီးရောင်းချနိုင်သည်။ ရှွေပဲသီးမစိုက်ပျိုးခင် မြေပြုပြင်ခြင်း အန်နှစ်ပေခန့် ပေါင်ပြုပြင်ပြီး ပေါက်ပြားဖြင့်ကျင်းအနက် သုံးလက်မခန့် နှစ်ပေပတ်လည် ကျင်းတူးလျက် သဘာဝမြေဆွေးများထည့်ပြီး မျိုးစေ့ကို တစ်ကျင်းလျှင် သုံးလေးစေ့ထည့်ပြီး မြေဖို့ ရေလောင်းပေးလျှင် တစ်ပတ်ခန့်အကြာတွင် အပင်ပေါက်၍ ပြင်ဦးလွင်မြို့နယ်၌ သဘာဝအလျောက် ပေါက်ရောက်နေသော နေကြာရိုင်းပင်များမှ ရိုးတံများခုတ်၍ တိုင်ထောင် ဘေးလေးတန်း တန်းထိုးထားရသည်ဟု ပြောပြသည်။

ထွက်ရှိ

ရှွေပဲသီးစပေါ်ချိန်၌ အသီးခူး ရောင်းချလျှင် တစ်ပိဿာ ငွေကျပ် ၁၀၀၀-၁၅၀၀ အထိ ဈေးကောင်းများ ရရှိလျက် ရှွေပဲသီးမျိုးစေ့ တစ်ပြည် ငွေကျပ် ၂၅၀၀၀ ပေး ဝယ်ရကာ စိုက်ပျိုးမှု ဖြစ်ထွန်းအောင်မြင်လျှင် ရှွေပဲသီးမျိုးစေ့ နို့ဆီဘူး လေးဘူး စိုက်ပျိုးလျှင် ရှွေပဲသီး အသီးခြောက်လက်မ မျိုးပိဿာချိန် ၃၀၀ ကျော် ထွက်ရှိကြောင်းနှင့် ရှွေပဲသီးစိုက်ပျိုးပြီးလျှင် ရာသီအလိုက် စားသီးနှံများဖြစ်သည့်ကြက်သွန်ဖြူ၊ ဆလတ်၊ စမိတ်နှင့် ပန်းမျိုးစုံ စိုက်ပျိုးနိုင်ကြောင်း သိရသည်။

(၀၃၂)

နွေကြက်သွန်နီဖြိုင်ဖြိုင်ပေါ်ပြီ ဈေးနှုန်းထက်ဝက်ကျဆင်း

တပ်ကုန်း မတ် ၃

ယခုအခါ ကြက်သွန်နီများ ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာ၍ ကြက်သွန်ဈေးနှုန်းမှာ ထက်ဝက်ကျဆင်းသွားခဲ့ရကြောင်း တပ်ကုန်း မြို့မဈေး ကြက်သွန်ရောင်းဝယ်သူများထံမှ သိရသည်။

လွန်ခဲ့သောသီတင်းပတ်အတွင်း မိုးကြက်သွန်နီများ နောက်ဆုံးဝင်ရောက်ခဲ့ပြီး တစ်ပိဿာကျပ် ၁၀၀၀အထိဈေးမြောက်ခဲ့ကြောင်း ကြက်သွန်နီ ကုန်သည် ဒေါ်ညွန့်ညွန့်ကပြောသည်။

"ကျွန်မတို့ပြီးခဲ့တဲ့အပတ်က တစ်ပိဿာကို ကျပ် ၁၀၀၀၀န်းကျင်နဲ့ရောင်းတာ။ ဒီအပတ်ရောက်မှ ဆောင်းကစိုက်ခဲ့တဲ့ ကြက်သွန်နီက ဖြိုင်ဖြိုင်ဝင်လာတော့ ဈေးကထက်ဝက်ကျသွားတာပေါ့" ဟု ဆက်လက်ပြောကြားခဲ့သည်။

တပ်ကုန်းမြို့မဈေးတွင် မတ် ၃ ရက်က ကြက်သွန်နီအလုံးကြီးရှယ် တစ်ပိဿာလျှင် ကျပ် ၅၀၀ သာရှိသည်။ အလုံးလတ်တစ်ပိဿာလျှင် ကျပ် ၄၀၀ သာရှိသည်။ ကြက်သွန်နီများလွန်ခဲ့သော သီတင်းပတ်ကထက်ဈေး ကျဆင်းသွားသောကြောင့် ကြက်သွန်နီစားသုံးသူများ ပိဿာအလိုက် အလုအယက်ဝယ်ယူနေကြောင်း သိရသည်။

သတင်း-မြင့်မောင်စိုး၊ဓာတ်ပုံ-ကျော်သူဝင်း

တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ဘွဲ့နှင်းသဘင်ကျင်းပ

မန္တလေး မတ် ၄

တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၏ သတ္တမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မတ် ၃ ရက် နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အပ်နှင်းခဲ့

အခမ်းအနားတွင် တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသန်းမောင်က တိုင်းရင်းဆေးပညာ မဟာဘွဲ့ရသူ ခြောက်ဦးအား မြန်မာ့တိုင်းရင်းဆေးပညာ မဟာဘွဲ့ (M.M.T.M) (Master of Myanmar Traditional Medicine)ကို လည်းကောင်း၊ ဘွဲ့ရမောင် မယ် ၉၅ ဦး၊ အဝေးရောက်ဘွဲ့ယူသူ ခုနစ်ဦး စုစုပေါင်း ၁၀၂ ဦးကို မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (B.M.T.M) (Bachelor of Myanmar Traditional Medicine)ကို လည်းကောင်း အပ်နှင်းခဲ့သည်။

တိုင်းရင်းဆေးတက္ကသိုလ်(မန္တ လေး)မှ မြန်မာ့တိုင်းရင်းဆေးပညာ မဟာဘွဲ့ (M.M.T.M)ဘွဲ့ရ ပညာရှင်ခြောက်ဦးနှင့်မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (B.M.T.M)ဘွဲ့ရပညာရှင် စုစုပေါင်း ၁၀၂၃ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မန်းကိုယ်ပွား

သိမ်ကိုးသိမ်၌ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်မည်

မိတ္ထီလာ မတ် ၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ရှေးဟောင်း သမိုင်းဝင်သိမ်ကြီးကိုးသိမ်အတွင်း ၌ နှစ်စဉ် တပေါင်းလပြည့်နေ့တိုင်း သိမ်တော်မြတ်များ တည်ရှိရာဒေသခံဆရာတော်ကြီးများနှင့်ပြည်သူများ၊ အရပ်ရပ်မှစေတနာရှင်ပြည်သူများက အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲများကို အစဉ်အလာမပျက် ကျင်းပခဲ့ကြသည်။

ယခုနှစ်မှစ၍ သိမ်ကြီးကိုးသိမ်တို့၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲများကို ပိုမိုပြည့်စုံစွာ ကျင်းပနိုင်ရန်အတွက် မိတ္ထီလာခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ် ၁၄ ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့်ဖြစ်မြောက်ရေးကော်မတီတစ်ရပ် ဖွဲ့စည်းပြီး ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းကပ်ခြင်း၊ လှူဖွယ်ဝတ္ထုများဖြင့်လှူဒါန်းခြင်း၊ တပေါင်းလပြည့်နေ့၊ မတ် ၂၆ရက် (အင်္ဂါနေ့) တွင် မိတ္ထီလာမြို့မှ သိမ်ကိုးသိမ်သို့ လှည့်လည်ပူဇော်ရာ၌ ပြည်သူများ လိုက်ပါ ပူဇော်နိုင်ရေးအတွက် မော်တော်ကားများ အခမဲ့စီစဉ် ဆောင်ရွက်ပေးခြင်း၊ အသံမစဲမဟာပဋ္ဌာန်း ပူဇော်ပွဲအောင်ပွဲအဖြစ် သိမ်ကိုးသိမ်တို့တွင် ဓမ္မပူဇာသဘင် စီရင်ကျင်းပပေးခြင်းများကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ မွန်မြတ်သော စိတ်ထားဖြင့် လှူဒါန်းပူဇော်နိုင်ကြပါရန် စေတနာရှင်ပြည်သူအပေါင်းတို့အား နှိုးဆော်ထားကြောင်း သိရသည်။

(၀၀၆)

ယွန်းအနုပညာဆိုင်ရာ စာတမ်းဖတ်ပွဲ ကျင်းပ

ညောင်ဦး မတ် ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံယွန်းပညာကောလိပ်မှ ကြီးမှူးကျင်းပသော ယွန်းအနုပညာဆိုင်ရာ စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက ပုဂံယွန်းပညာကောလိပ်၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ငွေတက်ရောက်၍ အမှာစကားပြောကြားသည်။

စာတမ်းဖတ်ပွဲသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်၊ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းနိုင်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပုဂံယွန်းပညာကောလိပ်ကျောင်းအုပ်ကြီး ဦးဝင်းဇော်စိုး၊ ဒုတိယ ကျောင်းအုပ်ကြီး ဒေါ်အေးမနှင့်ဆရာ ဆရာမများ၊ ဧည့်သည်တော်များ၊ ဖိတ်ကြားထားသူများ၊ စာတမ်းရှင်များနှင့် ယွန်းပညာကောလိပ်မှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ထို့နောက် ယွန်းပညာ အဆင့်မြင့်တင်ရေး စာတမ်းကို ဦးမောင်ချို(ကထိက)ကလည်းကောင်း၊ ကျွန်မယွန်းကုန်သည်စာတမ်းကို ဒေါ်မော်မော်အောင် (ယွန်းလုပ်ငန်း ရှင်)ကလည်းကောင်း၊ ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာလက်မှုပညာ၊ ယွန်းကွမ်းအစ်နှင့်အဆင်များ စာတမ်းကို ကိုစိုး(ပန်းချီ)ကလည်းကောင်း၊ ရှေးက မြန်မာ့သစ်သား ယွန်းအနုပညာ(အဖြူထည်) စာတမ်းကို ဦးအောင်မြင့် (ညောင်ဦး) ကလည်းကောင်း၊ ဂျပန်မ ယွန်းမျက်နှာဖုံး နည်းပညာစာတမ်းကို ဒေါ်ဆွေဆွေမြင့်(နည်းပြ)က လည်းကောင်း၊ ယွန်းထည်လုပ်ငန်း ရှေ့အလားအလာစာတမ်းကို ဒေါ်အိအိဟန် (ဦးစီးအရာရှိ)ကလည်းကောင်း ဖတ်ကြားတင်ပြကြရာ တက်ရောက်လာကြသူများက ပြန်လည်မေးမြန်းဆွေးနွေးကြပြီး စာတမ်းရှင်များအား ညွှန်ကြားရေးမှူးချုပ်က အမှတ်တရ လက်ဆောင်ပစ္စည်းများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သီဟကျော်(ပုဂံ)

ကင်းထောက်လူငယ်များအဖွဲ့ ဖွဲ့စည်းရေးသင်တန်းဖွင့်

ပြင်ဦးလွင် မတ် ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အမှတ်(၂)အခြေခံပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင် မြို့နယ်ကင်းထောက်လူငယ်များအဖွဲ့ ဖွဲ့စည်းရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီက ပြင်ဦးလွင်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဧရာဝတီခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က ကင်းထောက်သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားသည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးစိုးမြင့်ထွန်းက ဆက်လက်ဆောင်ရွက်သွားမည့် ကင်းထောက်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်သိကောင်းစရာများကို ပြောကြားသည်။ယင်းနောက် ကင်းထောက်သင်တန်းသား သင်တန်းသူများက ပြည်သူ့အတွက်အစဉ်သင် ကင်းထောက်တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ပြင်ဦးလွင်မြို့တွင် ယခုဖွင့်လှစ်သော ကင်းထောက်သင်တန်းသည် မန္တလေးတိုင်းဒေသကြီးတွင် ဖွင့်လှစ်သော သင်တန်းနှစ်ခုအနက်မှ တစ်ခုဖြစ်သည်။ အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၀၀ တက်ရောက်သည်။ သင်တန်းကာလမှာ ခုနစ်ရက် ကြာမြင့်သည်။ အဆိုပါသင်တန်းတွင် ကင်းထောက်လုပ်ငန်းဆိုင်ရာများ၊ ကင်းထောက် အတွေ့အကြုံ၊ ရည်ရွယ်ချက် နောက်ခံသမိုင်း၊ အားကစားနှင့်ကာယပညာ၊ ရှေးဦးပြုစုခြင်း၊ မြန်မာ့ယဉ်ကျေးမှုထုံးတမ်းဓလေ့၊ ကင်းထောက်ကတိကျင့်ဝတ်၊ ဝတ်စုံ၊ အလံအချက်ပြ၊ ကင်း ထောက်သီချင်းများ၊ ကင်းထောက်အဖွဲ့ လှုပ်ရှားမှုလုပ်ငန်းများ၊ ကြိုးချည်နည်း၊ ကလေးသူငယ်လူ့အခွင့်အရေး၊ သဘာဝတောတောင်အခြေအနေ စူးစမ်းလေ့လာခြင်း၊ ခြေကျင်ခရီးထွက်ခြင်း၊ တီထွင်ဖန်တီးမှုပတ်ဝန်းကျင်မှအပင်များ၊ စခန်းချ ခရီး ထွက်ခြင်း၊ သဘာဝဘေးအန္တရာယ်လျှော့ချရေး စွမ်းဆောင်မှုပြသခြင်းစသည်တို့ကို သင်ကြားပို့ချကြောင်း သိရသည်။

(၁၄၇)

မီး ဖို မီး အခြား မီး သုံးပြီးသတိ အမြဲရှိ

မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၄

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် အထူးစီမံကိန်းကြီးအထူးအဖွဲ့(၁)က တာဝန်ယူဆောင်ရွက်လျက်ရှိသော ရွှေဘို-မြစ်ကြီးနား လမ်းတစ်လျှောက်ရှိ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် လမ်းမြေသားတာပေါင်ချဲ့ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ သံကူကွန်ကရစ်ကြမ်းခင်းတံတားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျောက်များ စုဆောင်းထားရှိမှု၊ အထူးစီမံကိန်းကြီး အဖွဲ့(၂)က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မန္တလေး-တကောင်း-ဗန်းမော် လမ်းမကြီးတစ်လျှောက် အမာခံ ကျောက်ချောပြုပြင်ထိန်းသိမ်းခြင်းနှင့်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ တကောင်း-သပိတ်ကျင်း လမ်းတစ်လျှောက် ကျောက်စီခင်းကြိတ်ခြင်း လုပ်ငန်း၊ ကတ္တရာခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေသည့်လုပ်ငန်းခွင်၊ သပိတ်ကျင်း-မိုးကုတ်လမ်း တစ်လျှောက် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် သံကူကွန်ကရစ်ကြမ်းခင်းတံတားများ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် မိုးကုတ်-ပြင်ဦးလွင်လမ်းတစ်လျှောက် လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ လမ်းဘေးဝဲယာ ရေနုတ်မြောင်း ဆောင်ရွက်ထားရှိမှု၊ ကျောက်အမာခံလမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် လမ်းပခုံးများ ဆောင်ရွက်ထားရှိမှု၊ ကျောက်များ စုဆောင်းထားရှိမှု၊ ကတ္တရာထပ်ပိုးလွှာလောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လမ်းမြေသား တာပေါင်ချဲ့ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်ကိုင်းမြို့ ပါရမီရပ်ကွက်၌ ကားကြီးကွင်းယာဉ်ရပ်နားဂိတ် ဆောက်မည်

စစ်ကိုင်း မတ် ၄

စစ်ကိုင်းမြို့ ပါရမီရပ်ကွက် ကားကြီးကွင်း ယာဉ်ရပ်နားဂိတ်ခရီးသည်များ ခေတ္တနားနေစခန်းနှင့် အဝေးပြေး ယာဉ်ရပ်နားစခန်း တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မတ် ၁ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့အစည်းဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသိန်းက စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရဲမွန်ဆောက်လုပ်ရေးမှ တာဝန်ယူဆောက်လုပ်မည့် လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရဲမွန်ဆောက်လုပ်ရေးလုပ်ငန်းမှ ဦးအောင်ကျော်ဆန်းက ကားကြီးကွင်းယာဉ်ရပ်နားစခန်း အဆောက်အအုံ ဆောက်လုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်ဝင်း၊ ဆောက်လုပ်ရေးအင်ဂျင်နီယာ (ငြိမ်း) ဦးမျိုးမြင့်တို့က အကြံပြုဆွေးနွေးကြသည်။ အစည်းအဝေးသို့ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ကားကြီးကွင်း ယာဉ်ရပ်နားဂိတ်၊ ခရီးသည်များ ခေတ္တနားနေစခန်းနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းကို ရဲမွန်ဆောက်လုပ်ရေးက တာဝန်ယူဆောက်လုပ်မည်ဖြစ်ပြီး နှစ်ထပ်ခွဲ သံကူကွန်ကရစ် အဆောက်အအုံဆောက်လုပ်မည်ဖြစ်ကာ အလျား ၃၅ ပေ၊ အနံ ၁၂ ပေရှိ အဆောင်တစ်ခုလျှင် ၁၀ ခန်းနှင့် အဆောင် နှစ်ဆောင်၊ ဆိုင်ခန်းပေါင်း ၂၄ ခန်း ပါဝင်မည်ဖြစ်ပြီး တစ်ခန်းလျှင်ကျပ်သိန်း ၃၅၀ ဖြင့် ရောင်းချမည်ဖြစ်ကာ စတိုးဆိုင်များ၊ စားသောက်ဆိုင်များ၊ ငွေအကြွေစေ့ထည့်ပါက အသင့်ဖျော် ကော်ဖီ၊ ရေခဲမုန့်၊ ချောကလက်ထွက်လာသည့် ဆိုင်ခန်းများနှင့် သတင်းစာ၊ စာစောင်များ (Book Corner) စသည့်ဆိုင်ခန်းများ ဆောက်လုပ်မည်ဖြစ်ပြီး ဆိုင်ခန်းများ ရှေ့တွင် ၄၅ပေ× ပေ၃၂၀ ရှိ ကားကြီး ၁၂ စီးနှင့် ကားလေး အစီး ၂၀ ရပ်နားနိုင်မည့် ကားပါကင် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ **(၁၃၇)**

ဇာတိမာန်ရွှေလျားစာကြည့်တိုက် အိမ်တိုင်ရာရောက်စာအုပ်အခမဲ့ ငှားရမ်းမည်

မန္တလေး မတ် ၄

မန္တလေးအောင်မြေသာစံမြို့နယ် သီရိမာလာအနောက် ရွှေလောင်းညွန့်ရပ်ကွက်တွင် ဖွင့်လှစ်ထားသော ဇာတိမာန်လူငယ်စာဖတ် အသင်းက ကြီးမှူး၍ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား လူငယ်များ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်နှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အိမ်တိုင်ရာရောက် စာအုပ်များ အခမဲ့ငှားရမ်းပေးမည့် ဇာတိမာန်ရွှေလျားစာကြည့်တိုက်ကို မတ် ၅ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

"ဇာတိမာန်လူငယ် စာဖတ်အသင်းကို ၁၉၉၇ ခုနှစ် မေ ၁ ရက်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး စာအုပ်တွေကို ပိတ်ရက်မရှိ ဖွင့်လှစ်ငှားရမ်းလျက်ရှိပါတယ်။ နွေရာသီကျောင်းပိတ်ရက်မှာ ကျောင်းသားလူငယ်များအတွက် အထူးအစီအစဉ်ဖြင့် အခမဲ့ စာအုပ်ငှားခြင်းလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။

"ယခင်နှစ်များက ရွှေလျားစာကြည့်တိုက်ကို လူအင်အားဖြင့် ဆောင်ရွက်ခဲ့သော်လည်း ယခုနှစ်မှ စတင်၍ သုံးဘီးဆိုင်ကယ်ဖြင့် ဆောင်ရွက်မှာဖြစ်ပါတယ်။ သုံးဘီးဆိုင်ကယ်ဝယ်ယူရေးအတွက် စာရေးဆရာ တက္ကသိုလ် တေဇာလင်းနဲ့ သန်းဖေသားတို့က ငွေကျပ်တစ်သိန်းစီလှူဒါန်းခဲ့ပါတယ်။ အခုအစီအစဉ်မှာ လူငယ်များက မိမိနေအိမ်မှာနေပြီး စာအုပ်များကို အခမဲ့ ငှားရမ်းဖတ်ရှုနိုင်အောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

"ငှားရမ်းပေးမည့် အချိန်များကို သက်ဆိုင်ရာ ရပ်ကွက်မှော်ရုံများတွင် ကြေညာပေးထားမှာ ဖြစ်ပါတယ်။ ပထမဦးဆုံး အနေနဲ့ ၂၂ လမ်းနှင့် ၂၆ လမ်းအတွင်း၊ ကမ်းနားလမ်းနှင့် ၈၆ လမ်းအတွင်းရှိ ရပ်ကွက်များကို စတင်ငှားရမ်းပေးမှာဖြစ်ပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဇာတိမာန်ရွှေလျားစာကြည့်တိုက် ရေရှည်တည်မြဲစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ဖုန်း-၀၉-၄၄ ၄၀၃၅၈၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၄၀)**

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်းမပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

(မီးသတ်ဦးစီးဌာန)

ပြည်တွင်းသတင်း

ဂျာမနီနိုင်ငံမှ ကမ္ဘာလှည့်မော်တော်ယာဉ်တန်း ညောင်ရွှေနှင့် အင်းလေးသို့ လာရောက်လည်ပတ်

ညောင်ရွှေ မတ် ၄

Journeys Nature and Culture Exploration ခရီးသွားလုပ်ငန်းနှင့် ဂျာမနီနိုင်ငံအခြေစိုက် The Sea Bridge Motarhome တို့ ပူးပေါင်း၍ အိပ်စင်ပါ ကမ္ဘာလှည့်မော်တော်ယာဉ်တန်းသည် မတ် ၂ ရက် မွန်းလွဲပိုင်းက ညောင်ရွှေမြို့သို့ ရောက်ရှိလာကြောင်း သိရသည်။

"မာစီဒီးယာဉ်အများဆုံး ပါဝင်ပြီး မော်တော်ယာဉ် ၂၉ စီးဖြင့် နိုင်ငံခြားသားဧည့်သည်အမျိုးသား ၃၀ ဦး၊ အမျိုးသမီး ၂၄ ဦး ပေါင်း ၅၄ ဦးပါဝင်ကြောင်း၊ ဖေဖော်ဝါရီ ၂၁ ရက်တွင် အိန္ဒိယနိုင်ငံ မိုရေးမြို့မှ တစ်ဆင့် မြန်မာနိုင်ငံ တမူးမြို့သို့ ဝင်ရောက်လာကြောင်း၊ ယင်းမှ ကလေး၊ မုံရွာ၊ ပခုက္ကူ ပုဂံ၊ မန္တလေးလမ်းကြောင်းအတိုင်း လာရောက်ခဲ့ကြောင်း မတ် ၁ ရက်တွင် မန္တလေးမှ ကလောသို့ လည်းကောင်း၊ မတ် ၂ ရက်တွင် ကလောမှ ညောင်ရွှေသို့ လည်းကောင်း လာရောက် လည်ပတ်ခြင်းဖြစ်ကြောင်း၊ မတ် ၃ ရက်တွင် အင်းလေးသို့ လေ့လာလည်ပတ်ပြီး မတ် ၄ ရက်တွင် နေပြည်တော်သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း၊ ယခုအခါ ယာဉ်တန်းကို ညောင်ရွှေမြို့ အားကစားကွင်း၌ နေရာချထား စီစဉ်ပေးထားကြောင်း Journeys ခရီးသွားလုပ်ငန်းမှ အထွေထွေ မန်နေဂျာ ဦးတင်ဝင်းက ပြောကြားသည်။

အဆိုပါ ကမ္ဘာလှည့်မော်တော်ယာဉ်တန်း **(အပေါ်ပုံ)** သည် ဂျာမနီနိုင်ငံမှ ရုရှား၊ တူရကီ၊ အီရန်၊ ဘူတန်၊ နီပေါ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနိုင်ငံများကို ဖြတ်ကျော်လည်ပတ်ခဲ့ပြီး နိုင်ငံအသီးသီး၏ ဓလေ့ထုံးတမ်းများကို လေ့လာခဲ့ကြောင်း သိရသည်။

နေမျိုးသူရိန်(ညောင်ရွှေ)

မသင်္ကာဖွယ်ရာ လူတစ်ဦးအား စစ်ဆေးရာ ပိုင်ဆိုင်ကြောင်း မပြနိုင်သည့်ပစ္စည်းတွေ့ရှိ

ဘားအံ မတ် ၄

ကရင်ပြည်နယ် ဘားအံမြို့နယ် လှာကာကျေးရွာအုပ်စု မြိုင်ကလေးရဲစခန်းအပိုင်နယ်မြေအတွင်း မှုခင်းကျဆင်းရေး၊ ပြစ်မှုကြိုတင်ကာကွယ်ရေးလှည့်ကင်းဆောင်ရွက်စဉ် တရားခံပြေး တစ်ဦးအား ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၈ ရက်တွင် မြိုင်ကလေးရဲစခန်းမှူး ဒုရဲအုပ်သက်စိုးဦးဆောင်သော လှည့်ကင်း၊ ဝပ်ကင်းများဆောင်ရွက်စဉ် နံနက် ၂ နာရီ၌ ဇရပ်ဖြူရွာ အမှောင်ရိပ်ထဲတွင် မသင်္ကာသူတစ်ဦးအား တွေ့ရှိသဖြင့် စစ်ဆေးမေးမြန်းခဲ့ရာ မသင်္ကာသူမှာ တင်ထွန်း (ခ)ပြောင်ကြီး ၅၈ နှစ် ကျပန်းလုပ်ကိုင်သူ တစ်ဦးဖြစ်ပြီး မြိုင်သာယာရပ်ကွက် မဲဘောင်ကျေးရွာ ဘားအံမြို့နေသူဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

သိမ်းဆည်း

သက်သေများနှင့်အတူ ၎င်း၏ ဘေးလွယ်အိတ်နှင့် ခန္ဓာကိုယ်အနှံ့ရှာဖွေ စစ်ဆေးရာ တစ်ပေခန့်အရှည်ရှိ အစိမ်းရောင်လက်ကိုင်ရိုးတပ် ဝက် အူလှည့်တစ်ချောင်း၊ ရှစ်လက်မအရှည်ရှိ အနီရောင် လက်ကိုင်ပါကတ်ကြေးတစ်လက်၊ ခြောက်လက်မအရှည်ရှိအမည်းရောင် ဓာတ်မီးတစ်လက်၊ HAIER တံဆိပ်ပါ အမည်းရောင်လက်ကိုင်ဖုန်းတစ်လုံး၊ ၎င်း၏ အိတ်အတွင်းမှတစ်ထောင် ကျပ်တန်အသေး တစ်သိန်းငါးသောင်း သုံးထောင်ကျပ်တို့ကို သက်သေများ ရှေ့တွင် ရှာဖွေစစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။

တွေ့ရှိသည့်ပစ္စည်းများနှင့် ပတ်သက်၍တင်ထွန်း(ခ)ပြောင်ကြီးအား စစ်ဆေးရာ ၎င်းပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ အခြားတစ်နေရာမှ ခိုးယူလာသော ပစ္စည်းများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရ၍ ဆက်လက်စုံစမ်းစစ်ဆေးဖော်ထုတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်နိုင်ထွန်း(ကျုံဒိုး)

ပုခက်စီးသူ အမျိုးသမီးငယ် အုတ်တိုင်ပိသေဆုံး

ဖြူး မတ် ၄

ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၄ နာရီတွင် ဖြူးမြို့အရှေ့ဘက်ကျေးရွာအုပ်စု ဆေးရုံပိုင်း လိပ်သေရွာသွားလမ်းဘေးနေ ဦးဝင်းအောင် ၅၆ နှစ်ပိုင်သော ခြံကွက်လပ်တွင် ခြံစည်းရိုးပြုလုပ်ရန် ၁၄ လက်မပတ်လည်၊ အမြင့် ငါးပေ အုတ်တိုင်ကို ၁၀ ပေခန့်အကွာရှိ လဲပင်နှင့် ၇ပေ ၄လက်မရှိ အစိမ်းရောင်ကြိုးထိပ်နှစ်စတွင် လက်သန်းလုံးခန့် နိုင်လွန်ကြိုးဖြင့် ပုခက်ပြုလုပ်ပြီး ပုခက်လွှဲစီးနေသူ မနုနုထွေး ၂၀ နှစ် ဆေးရုံပိုင်း (၄)လမ်း ဖြူးမြို့နေသူမှာ ပုခက်လွှဲစီးနေစဉ် အုတ်တိုင်ကျိုးပြီး ခန္ဓာကိုယ်ဝမ်းဗိုက်ပေါ် ပိမိ၍ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။ **(၁၁၃)**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ အကောက်ခွန်မဲ့ပစ္စည်းများ သိမ်းဆည်းရမိ

ဝေါ မတ် ၄

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာနှင့် မြစ်ကျိုးကျေးရွာဆုံရာ မဟာဗျူဟာလမ်းဆုံတွင် (Mobile Team-2) အဖွဲ့သည် စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်ပစ္စည်းများ မှောင်ခိုမှု တားဆီးရေးလုပ်ငန်း ဆောင်ရွက်နေစဉ် မတ် ၁ ရက်က အကောက်ခွန်မဲ့ကုန်ပစ္စည်းများတင်ဆောင်လာသော မော်တော်ယာဉ်များပေါ်မှ ကုန်ပစ္စည်းများကို စစ်ဆေးတွေ့ရှိရသည့်အတွက် ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။ စုံစမ်းစစ်ဆေးတွေ့ရှိရသည်မှာ မတ်လ ၁ ရက် မွန်းလွဲ ၁၂နာရီ ခွဲတွင် ကျိုက်ထိုမြို့မှ ပဲခူးမြို့သို့ယာဉ်မောင်း ဇော်လှိုင်မိုး မောင်းနှင်လာသော ယာဉ်အမှတ် ၄က/. . . ပေါ်တွင် တန်ဖိုးငွေ ကျပ် ၁၁၉၀၀၀ တန်ဖိုးရှိ ထိုင်းနိုင်ငံထုတ် အချိုရည်ဖာများ စစ်ဆေးတွေ့ရှိရသည့်အတွက်လည်းကောင်း၊ (ဝဲပုံ) မြဝတီမှ ရန်ကုန်မြို့သို့ ယာဉ်မောင်း ကျော်မင်းတင့် မောင်းနှင်လာသော ယာဉ်အမှတ် ၆က/. . . ယာဉ်ပေါ်မှ စက်ပစ္စည်းအမျိုးမျိုး ကာလတန်ဖိုးငွေကျပ် ၃၅၅၀၀၀၀ ကို အကောက်ခွန်မဲ့စစ်ဆေး တွေ့ရှိရသည့်အတွက်လည်းကောင်း၊ ယာဉ်မောင်းအောင်အောင်မောင်းနှင်လာသော ယာဉ်အမှတ် ၄ခ/. . . မှန်လုံ ယာဉ်ပေါ်တွင် ကာလတန်ဖိုးငွေ ကျပ် ၄၅၀၀၀၀ ရှိ ငါးသေတ္တာဖာများကိုလည်းကောင်း၊ ယာဉ်မောင်း မင်းဝေမောင်းနှင်လာသော ယာဉ်အမှတ် ပ/. . . ယာဉ်ပေါ်မှ အချိုရည် ၂၂ ဖာ၊ အချိုရည်ကတ် ၁၆ ကတ် ကာလတန်ဖိုးငွေကျပ် ၁၉၆၄၀၀ ကိုလည်းကောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဘုန်းသော်(ဝေါ)

ပြည်တွင်းသတင်း

မြန်မာနိုင်ငံ ဘဏ်လေးဘဏ်အား အမေရိကန်ဘဏ္ဍာရေးဌာနမှ ငွေကြေးလွှဲပြောင်းဆောင်ရွက်ခွင့်ပြုခြင်းအပေါ် ပုဂ္ဂလိကဘဏ်များက ကြိုဆို

နေပြည်တော် မတ် ၄

အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးဌာနက မြန်မာနိုင်ငံ၏ ဘဏ်လေးခုဖြစ်သော မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ အာရှစိမ်းလန်း ဖွံ့ဖြိုးတိုးတက်ရေးဘဏ်၊ ဧရာဝတီဘဏ်တို့နှင့် ငွေကြေးလွှဲပြောင်းပေးပို့မှုများကို ဆောင်ရွက်ခွင့်ပြုသည့် အထွေထွေလိုင်စင်တစ်ရပ်ကို ထုတ်ပေးခဲ့ကြောင်း ဖေဖော်ဝါရီ ၂၂ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

ယင်း သတင်းထုတ်ပြန်ခြင်းနှင့် ပတ်သက်၍ ပုဂ္ဂလိကဘဏ်အချို့မှ တာဝန်ရှိသူများအား မေးမြန်းခဲ့ရာ ကမ္ဘောဇဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်၊ သမဝါယမဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဘဏ်၊ ပထမပုဂ္ဂလိကဘဏ်နှင့် ယူနိုက်တက်အမရာဘဏ် အစရှိသည့် ပြည်တွင်းပုဂ္ဂလိကဘဏ်များကို အမေရိကန်ပြည်ထောင်စုဘဏ္ဍာရေးဌာနကငွေကြေးလွှဲပြောင်းဆောင်ရွက်မှု အပါအဝင် အခြားနိုင်ငံခြားဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းတွေကို မူလကတည်းကကန့်သတ်ထားခြင်းမရှိသည့်အတွက် နိုင်ငံတကာဘဏ်လုပ်ငန်းများနှင့် ငွေကြေးလွှဲပြောင်းပေးပို့ခြင်း၊ ကုန်သွယ်မှုနှင့် အခြားဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းတွေအတွက် ငွေပေးချေခြင်း၊ ငွေလက်ခံခြင်း စတာတွေကို ၂၀၁၂ ခုနှစ် ဇူလိုင်လမှစတင်၍ အောင်အောင်မြင်မြင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင်နိုင်ငံတကာ ငွေပေးချေမှု ကတ်ပြားဖြစ်သော VISA ကတ်၊ Master ကတ်၊ CUP ကတ် စသည်တို့ကိုလည်း ယင်း ပြည်တွင်းဘဏ်များ၏ ATM များတွင် ငွေထုတ်ယူနိုင်ခြင်း၊ဟိုတယ်ကြီးများ၊ ကုန်တိုက်များနှင့် အရောင်းဆိုင်ကြီးများမှ ငွေပေးချေခြင်းတို့ကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် အမေရိကန်အခြေစိုက် ငွေလွှဲလုပ်ငန်းကြီးဖြစ်သော Western Union နှင့် ပူးပေါင်း၍ ကမ္ဘာအရပ်ရပ်ရှိ နေရာအနှံ့အပြားမှ မြန်မာနိုင်ငံသားများ အပါအဝင် ပြည်ပမှ မြန်မာနိုင်ငံသို့ ယင်းပုဂ္ဂလိကဘဏ်များနှင့် ချိတ်ဆက်ပြီး ငွေများလွှဲပြောင်းပေးပို့လျက် ရှိကြောင်း၊ ထို့အပြင် ယခုကဲ့သို့ မြန်မာနိုင်ငံ ဘဏ်လေးခုမှ ထပ်မံ၍ ငွေလွှဲပြောင်းပေးပို့ခွင့်ရရှိလာပြီဖြစ်၍ နိုင်ငံတကာ ငွေလွှဲပြောင်းပေးပို့ခြင်းဆိုင်ရာ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို ပိုမိုအားဖြည့် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများ ပိုမိုတိုးတက် လုပ်ဆောင်လာနိုင်တော့မည်ဖြစ်၍ အထူးကြိုဆိုပါကြောင်း ပြောကြားခဲ့ကြသည်။ **(ဘိုထိန်)**

ကျိုက်ခနေတ်စေတီ စိန်ဖူးတော် ရွှေထီးတော် ရွှေတိဂုံစေတီတွင် ခေတ္တပူဇော်ခံမည်

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် တည်ထားသော ကျိုက်ခနေတ်စေတီတော်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ရွှေထီးတော်နှင့် ငှက်မြတ်နားတော်တို့ကို ရွှေတိဂုံစေတီတော်တွင် ခေတ္တပူဇော်ခြင်း အခမ်းအနားကို မတ် ၂ ရက်က ကျင်းပသည်။

ကျိုက်ခနေတ်စေတီတော်ကို အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပ (ကျိုက်ထီးဆောင်းဆရာတော်) ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို) ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ(ဇေကမ္ဘာမိသားစု)က ပဓာနဒါယကာအဖြစ် လှူဒါန်း၍ ခုနစ်ရက်သားသမီးများ၏ စုပေါင်းလှူဒါန်းမှုများဖြင့် ပြုပြင်တည်ထားကိုးကွယ်ခြင်းဖြစ်သည်။

အဆိုပါ စေတီတော်အား မတ် ၁၄၊ ၁၅၊ ၁၆ ရက်များတွင် ထီးတော်များ တင်လှူပူဇော်မည်ဖြစ်ပြီး ကျိုက်ခနေတ်စေတီတော်တွင် တင်လှူမည့် စိန်ဖူးတော်ကို မတ် ၂ ရက် နံနက်ပိုင်းက နေပြည်တော်မှ ရန်ကုန်သို့ ပင့်ဆောင်ခဲ့သည်။ အလှူရှင် ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများက စိန်ဖူးတော်၊ ရွှေထီးတော်နှင့် ငှက်မြတ်နားတော်တို့ကို မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ ဇေကမ္ဘာကုမ္ပဏီမှ ရွှေတိဂုံစေတီတော်ပေါ်သို့ ပင့်ဆောင်ကြသည်။ **(အပေါ်ပုံ)**

ကျိုက်ခနေတ်စေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ရွှေထီးတော်နှင့် ငှက်မြတ်နားတော်တို့ကို ရွှေတိဂုံစေတီတော်တွင် မတ် ၂၊ ၃၊ ၄ ရက်များတွင် အပူဇော်ခံပြီး မတ် ၅ ရက်တွင် ကွမ်းခြံကုန်းမြို့သို့ ပင့်ဆောင်ကာ တစ်ညတာအပူဇော်ခံမည်ဖြစ်သည်။ မတ် ၆ ရက်တွင် ကွမ်းခြံကုန်းမြို့မှ ကော့မှူးမြို့သို့ ပင့်ဆောင်ပြီး တွံတေးမြို့တွင် တစ်ည အပူဇော်ခံကာ မတ် ၇ ရက်တွင် တွံတေးမြို့မှ ဒလမြို့သို့ ပင့်ဆောင်ကာ တစ်ညတာ ပူဇော်ခံမည်ဖြစ်သည်။

မတ် ၈ ရက်တွင် ဒလမြို့မှ ကျိုက်ခနေတ်ဘုရား သာသနာ့ဗိမာန်တော်သို့ ပင့်ဆောင်ပြီး ငါးညတာ အပူဇော်ခံမည်ဖြစ်သည်။ မတ် ၁၄ ရက်တွင် မွန်ရွှေထီးတော်၊ မတ် ၁၅ ရက်တွင် ရှမ်းရွှေထီးတော်၊ မတ် ၁၆ ရက်တွင် မြန်မာရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်မည်ဖြစ်ကြောင်း သိရသည်။ ကျိုက်ခနေတ်စေတီတော်ကြီး တည်ထားပြီးစီးခြင်းအထိမ်းအမှတ်အဖြစ် သတ္တဝါများကို ဘေးမဲ့လွှတ်မည်ဖြစ်ပြီး သစ်ပင်များလည်း စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။ **(ညီညီစိုးညွန့်)**

ဥတ္တရသီရိမြို့နယ် နန်ချွန်ကျေးရွာ ကတ္တရာလမ်းသစ်ဖွင့်

နေပြည်တော် မတ် ၄

နေပြည်တော် ဥတ္တရသီရိမြို့နယ် နန်ချွန်ကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးလင်းရေး ဖွင့်ပွဲ အခမ်းအနားများကို ယနေ့နံနက် ၈ နာရီ ၃၇ မိနစ်က ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးစောလှက အမှာစကားပြောကြားပြီး နန်ချွန်ကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်အား နေပြည်တော်ကောင်စီဝင် ဦးစောလှ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်မြင့်နှင့် ဥတ္တရသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်တို့က ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ နန်ချွန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးလင်းရေးဖွင့်ပွဲ ဆိုင်းဘုတ်အား နေပြည်တော်ကောင်စီဝင် ဦးကံချွန်က စက်ခလုတ်နှိပ်၍လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ပေးသည်။ ယနေ့ဖွင့်လှစ်သည့် ဥတ္တရသီရိမြို့ရှိ နန်ချွန်ကျေးရွာ အဝင်လမ်းသည် အရှည် ၅၂၀၀ အကျယ် ၁၂ ပေအား ငွေကျပ် ၉၂၈ သိန်း အကုန်အကျခံ၍ မြေသားလမ်းအဆင့်မှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများ၊ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းများ လျှပ်စစ်မီးရရှိရေးအတွက်လည်း ငွေကျပ် ၄၅၈ သိန်း အကုန်ကျခံ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း နန်ချွန်ကျေးရွာအတွင်း ကြိုးဆိုင်းတံတားတည်ဆောက်ပေးခြင်း၊ မြေသားလမ်းပြုပြင်ပေးခြင်း၊ တံတားများ ဆောက်လုပ်ပေးခြင်း၊ မူလတန်းလွန်ကျောင်းတည်ဆောက်ပေးခြင်း၊ နှစ်လက်မရေတွင်း တူးဖော်ပေးခြင်း၊ စာသင်ကျောင်းခြံစည်းရိုး ကာရံပေးခြင်းတို့အတွက် စုစုပေါင်း ငွေကျပ် ၁၂၁၇ ဒသမ ၆၆ သိန်း အကုန်ကျခံ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မာစတာကတ် (Master Card) ကို စီဘီဘဏ်၏ POS စက်များတွင် အသုံးပြုနိုင်ပြီ

ရန်ကုန် မတ် ၄

“သမဝါယမဘဏ်(စီဘီဘဏ်)၏ ငွေပေးချေသောစက် (POS) များ၌ မာစတာကတ်ကို မတ် ၁ ရက်မှစတင် အသုံးပြုနိုင်ပြီဖြစ်ကြောင်း” စီဘီဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဖေမြင့်က ယနေ့ညနေ ၃ နာရီတွင် စီဘီဘဏ်ရုံးချုပ်၌ ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါမာစတာကတ်ကို ဟိုတယ်များ၊ စာအုပ်ဆိုင်များ၊ ကျောက်မျက်ရတနာဆိုင်များနှင့် ခရီးသွားလုပ်ငန်းများ အပါအဝင် နေရာ ၂၀ ခုတွင် အသုံးပြုနိုင်မည်ဖြစ်သော်လည်း ယခုအခါ Orchid Hotel၊ Myanmar Book Center၊ Myin Kaung ကျောက်မျက်လုပ်ငန်းနှင့် မြန်မာလက်မှုလုပ်ငန်း၊ Myanmar VES Gems & Jewellery၊ Hotel 7 Miles၊ Sein Win & Brothers၊ GMA Airline နှင့် New Star Jewellery တို့ရှိ POS စက်များတွင်သာ အသုံးပြုနိုင်သေးကြောင်းသိရသည်။

“နိုင်ငံတစ်ဝန်းရှိ စက်များတွင် ငွေပေးချေနိုင်ခြင်းသည် စီဘီဘဏ်နှင့် မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့အတွက် ကြီးမားသောအချက်ဖြစ်ကြောင်း၊ ငွေပေးချေမှုနည်းလမ်းသစ် တိုးတက်လာခြင်းဖြင့် တိုင်းပြည်၏ အခွင့်အလမ်းများကို အထောက်အကူပြုလာမည်ဖြစ်ကြောင်း” ဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နိုင်ငံတကာကလာရောက်ကြသော မာစတာကတ်ကိုင်ဆောင်သူ ပြည်ပဧည့်သည်များသည် ငွေကိုင်သည့် ဒုက္ခမှကင်းဝေးစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ငွေပေးချေသည့်အခါတွင်လည်း အမေရိကန်ဒေါ်လာအပြင် မြန်မာကျပ်ငွေဖြင့်လည်း ပေးချေနိုင်ကြောင်း သိရသည်။

ယခုအခါ ပြည်ပဧည့်သည်များ၊ ပြည်တွင်း၌ ဈေးဝယ်ခြင်း၊ တည်းခိုခြင်းတို့အတွက်ငွေပေးချေရာ၌ မာစတာကတ်ဖြင့် လက်လီ အရောင်းဆိုင်များနှင့် ဟိုတယ်များရှိ POS စက်များတွင် လက်ခံအသုံးပြုနိုင်ပြီး နေပြည်တော်နှင့် မန္တလေးမြို့တို့တွင်လည်း လက်ခံအသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမည်ပြောင်း

နေပြည်တော် ဥတ္တရသီရိမြို့နယ် (CAE)ကျောင်း နဝမတန်း S(1) မှ မောင်နေကမ္ဘာအောင် ၉/ပမန(နိုင်) ၂၇၄၅၀၁အား ယနေ့မှစ၍ မောင်နိုင်းထက်ဟုပြောင်းလဲခေါ်ပါရန်။

စစ်ကိုင်းမြို့နယ် ဘောက်သောက်ကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

စစ်ကိုင်း မတ် ၄

စစ်ကိုင်းမြို့မှ ၃၂ မိုင်ခန့် ကွာဝေးသော ဆားတောင်တိုက်နယ် ဘောက်သောက်ကျေးရွာနေ ဦးအောင်ကြည်၏နေအိမ်တွင် ယနေ့နံနက် ၄ နာရီခွဲက နေအိမ် မီးဖို၌ ထမင်းချက်ရန် ရေနွေးအိုးတည်ရာမှ မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စစ်ကိုင်းမြို့နယ် ဆားတောင်တိုက်နယ် ဘောက်သောက်ကျေးရွာနေ အိမ်ရှင် ဦးအောင်ကြည်က ထမင်းချက်ရန်ရေနွေးအိုးတည်ထားပြီး ဘုရားဝတ်ပြုနေစဉ် မီးဖိုအနီးရှိ ထရံမှတစ်ဆင့် နေအိမ်သို့ မီးကူးစက်လောင်ကျွမ်းခဲ့ရာ သွပ်မိုး အုတ်ကာ အုတ်ခင်း နှစ်ထပ် သုံးလုံး၊ သွပ်မိုးထရံကာ ဝါးခင်း နှစ်ထပ် ခုနစ်လုံး၊ ထန်းလက်မိုးထရံကာ မြေစိုက် ၁၀ လုံး၊ ထန်းလက်မိုးထရံကာ (နွားစာတဲ)ကိုးလုံး၊ ထန်းလက်မိုး ထရံကာ မီးဖိုချောင် ခုနစ်လုံး၊ ပရိဘောဂ၊ အဝတ်အထည်နှင့်အိုးခွက်ပန်းကန်များ ဆုံးရှုံးခဲ့ရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ် ကားနှစ်စီးနှင့် အထောက်အကူပြုယာဉ်တစ်စီးဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် စုစုပေါင်း အိမ်ခြေ ၂၀၊ အိမ်ထောင် စု ၁၉ စု၊ လူဦးရေ ၁၀၈ ဦးတို့ အိုးမဲ့အိမ်မဲ့ ဖြစ်သွားသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆားတောင်ရဲစခန်းမှ စခန်းမှူး ရဲအုပ်ဝင်းမြိုင်က တရားလိုပြုလုပ်၍ ဦးအောင်ကြည်အား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မျိုးဝင်း)**

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အောင်ချမ်းသာ(၂)လမ်း၊ (၁)ရပ်ကွက်၊ အိမ်အမှတ် ၅၉၊ မြေတိုင်းရပ်ကွက်အမှတ်-၇၄၊ မြေကွက်အမှတ်-၅၉၊ ဧရိယာ ဝဒသမ ၁၆၅ ဧက၊ ၇၂၀၈ ဒသမ၄၇ စတုရန်းပေရှိ အိမ်ရာမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးမျိုးအောင် ၁၂/ကမရ(နိုင်)၀၄၆၇၃၇နှင့် ဒေါ်တင်တင်အေး ၁၂/မဂဒ(နိုင်)၀၂၂၆၂၀တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် နှစ်ဦးနှစ်ဖက်သဘောတူညီမှုအပေါ် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါအိမ်ရာမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်ရှိသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေး(တရားလွှတ်တော်ရှေ့နေ-၆၇၄၉)
အမှတ်(၃-B)၊ စစ်ကိုင်းလမ်း၊
မြကန်သာဥယျာဉ်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၁၁၈၇၅

ပြည်သူ့ကျန်းမာရေးလုပ်ငန်းစဉ်ဟု ဆိုရာဝယ်

မောင်မောင်ထွေး

"မင်းတို့ခေတ်မှာ ကျန်းမာရေး Inspector တွေ သိပ်မရှိတော့ဘူး"။ အသက် ၈၀ ကျော် ဖခင်ကြီးထံ ရောက်လေတိုင်း ဤစကားကို ကြားရစမြဲ။ မူလကတော့ ဖခင်ကြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကျန်းမာရေး Inspector ဘဝက အငြိမ်းစားယူပြီး အတိတ်ဟောင်းကို သတိတရနှင့် ပြောသည်ဟုပဲ ကျွန်တော်ထင်မှတ်ခဲ့၏။

သို့သော် သူတို့ခေတ် သူတို့အခါက တာဝန်ထမ်းဆောင်ခဲ့ရမှုတွေ၊ သင်တန်းပေါင်း မြောက်မြားစွာကို စနစ်တကျသင်ယူပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့မှုများကို နားထောင်ရင်း နားထောင်ရင်း အဖေ ပြောနေတာ အတိတ်ကို သတိရလို့လည်းမဟုတ်ဘူး၊ ပြည်သူတွေကြားမှာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အမှန်တကယ် ထိထိရောက်ရောက် လိုအပ်နေမှုကို ထောက်ပြနေပါလား ဆိုသည်ကို ကျွန်တော်သိလာ၏။

အဖေသည် ၁၉၈၆ ခုနှစ်တွင် သက်ပြည့်အငြိမ်းစားယူခဲ့၏။ အငြိမ်းစားမယူခင် အဖေ့လုပ်ငန်းတာဝန်က မြန်မာ့ရေပြင်သို့ ပြည်တွင်းပြည်ပမှ ဝင်ရောက်ဆိုက်ကပ်လာသော ပင်လယ်ကူးသင်္ဘောကြီးများကို ကျန်းမာရေးနှင့်ပတ်သက်၍ Inspect စေ့စေ့စပ်စပ် စစ်ဆေးရ၏။ အရပ်အခေါ် အင်စပက်တော်ဆိုသည်မှာ စေ့စေ့စပ်စပ်ကြည့်ရှုစစ်ဆေးသူ Inspector ကို ဆိုလိုကြောင်း အရွယ်ရောက်မှ သဘောပေါက်ခဲ့ရ၏။ လုပ်ငန်းတာဝန်များကို မြန်မာ့ရေပြင်ပိုင်နက်အတွင်း ဝင်ရောက်လာသော ပင်လယ်ကူးသင်္ဘောကြီးများမှတစ်ဆင့် ကူးစက်ရောဂါများ မြန်မာနိုင်ငံအတွင်း မဝင်ရောက်လာစေရေးပင်ဖြစ်၏။

ထို့ကြောင့် ထိုထိုသော နိုင်ငံခြား ပင်လယ်ကူးသင်္ဘောကြီးများပေါ်သို့ ပထမဦးဆုံး ခြေချခွင့်ရသည်မှာလည်း ထိုကျန်းမာရေး Inspector ပင်ဖြစ်၏။ လုပ်ထုံးလုပ်နည်းအရ စစ်ဆေးပြီး ညီညွတ်ပါမှ အကောက်ခွန်၊ လဝက၊ ရဲတပ်ဖွဲ့စသည့် တာဝန်ရှိသူများ တက်ရောက်ကြရ၏။ ကိုယ့်ငါးချဉ်မို့ ချဉ်သည်မဟုတ်၊ အဖေသည် အင်္ဂလိပ်စာ ဘာသာရပ်အပြင် ဘာသာရပ်နှစ်မျိုး၊ သုံးမျိုးကို ကျွမ်းကျင်တတ်မြောက်ရုံမက လုပ်ငန်းဘာသာရပ်၏ ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ကျွမ်းကျင်ပိုင်နိုင်သူဖြစ်၍ စာအုပ်ကြီးသမားဟုပင် နာမည်ကျော်ခဲ့၏။

သင်္ဘောစားဖိုခန်းရှိ စည်သွတ်ဘူးများ ရက်လွန်ပါက ချက်ချင်းဖျက်ဆီးစေ၏။ အလှမွေးတိရစ္ဆာန်ငယ်များ မွေးမြူထားပါကလည်း နောက်ဆုံးဝင်ရောက်ဆိုက်ကပ်သည့် နိုင်ငံမှ ကျန်းမာရေး Inspector ၏ ကျန်းမာရေး ကောင်းမွန်ကြောင်း ထောက်ခံချက်မပါခဲ့ပါမူ ပြဿနာတက်ချေပြီ။

သင်္ဘောသားအချို့၌ ကူးစက်ရောဂါပိုးများတွေ့ရှိပြီဆိုပါက ထိုသင်္ဘော မြန်မာ့ဆိပ်ကမ်းသို့ ကမ်းကပ်ခွင့်မရတော့။ မြန်မာ့ပင်လယ်ပြင်မှာပင် ကျောက်ချရတော့မည်။ လိုအပ်သော ဆေးဝါးကုသမှုနှင့် သင်္ဘောတစ်စင်းလုံးကို ပိုးသတ်ဆေးများ ပက်ဖျန်းစေ၏။ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးမှ ကမ်းကပ်ခွင့်ပေး၏။ ကမ်းကပ်ရာတွင်လည်း ဆိပ်ခံတံတားနှင့် သုံးပေကျော်ခန့် အကွာမှသာကပ်ရ၏။ အဘယ်ကြောင့်ဟူမူ ကြွက်တစ်ကောင်၏ ခုန်နှုန်းသည် သုံးပေခန့်ရှိ၍ ဖြစ်၏။ ထို့ပြင် ဇော်ယာနှင့်ချည်ထားသော ကြိုးတွင်လည်း ကြွက်မလျှောက်နိုင်ရန် ကပ်ပြားများ ကပ်ထားရ၏။

ဤသည်တို့မှာ ကျွန်တော်အရွယ်ရောက်သည့်အချိန်မှအစပြု၍ ဖခင်ကြီးထံမှကြားသိခဲ့ရမှုများ ဖြစ်သည်။ ဤသည်များကို ကျွန်တော်အကြောင်းမဲ့ဖော်ပြနေခြင်းမဟုတ်။ ထိုခေတ်ထိုအခါကသူများသည် မိမိထမ်းဆောင်ရသည့် တာဝန်နှင့်ဝတ္တရားများ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းသဘောသဘာဝကို ကဏ္ဍအလိုက်ကျွမ်းကျင်ပိုင်နိုင်ကြသူများဖြစ်ကြောင်း ဖော်ပြလို၍ဖြစ်သည်။

တကယ်တော့ ပြည်သူ့ကျန်းမာရေးကဏ္ဍသည် လူမှုအဖွဲ့အစည်းအတွင်း၌ အမှန်တကယ်လိုအပ်၏။ ဝမ်းနည်းစရာကောင်းသည်က ပြည်သူ့ကျန်းမာရေးကို ဖော်ဆောင်ပေးရမည့် ပြည်သူ့ကျန်းမာရေး ဆရာဝန်ကြီးများ၊ ပြည်သူ့ကျန်းမာရေး Inspector များ မျက်မှောက်ကာလတွင် မွေးထုတ်မှုနည်းသွား၍လားမသိ။ သေချာသည်ကတော့ ရပ်ရွာအခြေပြု ပြည်သူ့ကျန်းမာရေးလုပ်ငန်းဆောင်တာများမှာ ကုန်လွန်ခဲ့သော ဆယ်စုနှစ်များမှ ယခုတိုင် ရှားပါးသွားသည်ကို တွေ့ရ၏။

ကျွန်တော်တို့ငယ်စဉ်က မြင်တွေ့ရလေ့ရှိသည့် သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ ကာကွယ်ရေးအတွက် ရပ်ကွက်အနှံ့ မြောင်းကြိုမြောင်းကြားများတွင် ပုံမှန်ခြင်ဆေးမှုတ်လေ့ရှိသည့် မြင်ကွင်းကိုလည်း လွမ်းမိ၏။ ဆိုးဆေးနှင့် ဓာတုဗေဒပစ္စည်းများ လှိုင်လှိုင်အသုံးပြုထားသည့် ဟင်းသီးဟင်းရွက်နှင့် အစားအသောက်များကို သိသိနှင့် ပင်စားမိတိုင်း ငယ်စဉ်က သဘာဝအတိုင်းစားခဲ့ရသည့် အစားအသောက်များကို လွမ်းမိ၏။

တစ်ဆက်တည်းမှာပင် ၁၉၈၁ မှ ၁၉၉၄ အထိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသကြီး၏ ဒေသဆိုင်ရာညွှန်ကြားရေးမှူး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဂုဏ်ထူးဆောင်ဒေသညွှန်ကြားရေးမှူးအဖြစ် အသိအမှတ်ပြုတာဝန်ထမ်းဆောင်ခဲ့သူ ဒေါက်တာဦးကိုကို DPH (EDIN), DTM&H (ENG), FRCP (EDIN) ၏ "ရောဂါကင်းဝေး အသက်ရှည်ရေး" စာအုပ်တွင် ဆရာကြီးကျော်အောင်က "ဆရာဝန်ဘွဲ့ရပြီးနောက် ကိုကိုသည် ဗြိတိန်နိုင်ငံသို့ ပြည်သူ့ကျန်းမာရေးပညာတော်သင်အဖြစ် သွားသည်။ ထိုအခါ သူငယ်ချင်းဆရာဝန်များက "ကိုကို ရူးနေသလား မသိဘူး၊ ဘာဖြစ်လို့ အဲဒီဘာသာရပ်ကို ရွေးသလဲ" ဟု စေတနာဖြင့် ပြောကြသည်။ သူနှင့်အတူ ဆရာဝန်ဘွဲ့ရကြသူများသည် သမားတော်ဘွဲ့၊ ခွဲစိတ်ပါရဂူဘွဲ့များယူရန် အင်္ဂလန်သို့ သွားကြ၏။ MRCP ဘွဲ့ FRCS ဘွဲ့တို့မှာ ထိုခေတ်က ပညာတော်သင်တို့ အားကျသည့်ဘွဲ့များဖြစ်ကြ၏။ ကိုကိုသည် ထိုဘွဲ့များကိုမယူဘဲ ပြည်သူ့ကျန်းမာရေးကို စိတ်အားထက်သန်စွာ အလေးပေးဆောင်ရွက်သူဖြစ်လာသည်"ဟု အမှာစာ ရေးသားခဲ့ရာ ---ပြည်သူ့ကျန်းမာရေး ဘာသာရပ်၏ အနာဂတ်နှင့် စပ်လျဉ်း၍ စိုးထိတ်မိ၏။

သို့ဖြစ်ရကား မျက်မှောက်ကာလတွင် ပြည်သူအခြေပြုပြည်သူ့ကျန်းမာရေးလုပ်ငန်းစဉ်များကို ယခုမှစ၍ ထိထိရောက်ရောက် ထဲထဲဝင်ဝင်ဆောင်ရွက်ကြရပါမည်။ ပြည်သူ့ ကျန်းမာရေးဆရာဝန်ကြီးများ၊ ပြည်သူ့ကျန်းမာရေး Inspector များကိုလည်း ပိုမိုမွေးထုတ်ကြရပါမည်။ နိုင်ငံတော်ကလည်း ပြည်သူအခြေပြု ပြည်သူ့ကျန်းမာရေးလုပ်ငန်းစဉ်များအတွက် ဘတ်ဂျက်ဘဏ္ဍာငွေများကို ပိုမိုသုံးစွဲရန် အကြံပြုတင်ပြလိုက်ရပါသည်။

နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်။



မဟာဇေယျအတုလမာရဇိန်ကြေးသွန်းဘုရားကြီး
ဂေါပကအဖွဲ့ရုံး
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ရွှေမှိုက်လေလံတင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်းရှိ မဟာဇေယျအတုလမာရဇိန် ကြေးသွန်းမြတ်စွာဘုရားကြီး ရုပ်ပွားတော်မြတ်ကြီးကို နေ့စဉ် ရွှေမျက်ပါးသင်္ကန်းကပ်လှူပူဇော်လျက်ရှိရာ အဆိုပါ ရွှေမျက်ပါးရွှေဆိုင်းရွက်များမှ ကျန်ရှိသော စက္ကူရွှေမှိုက်များကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချရန်ရှိပါသောကြောင့် ဝယ်ယူရန်ဆန္ဒရှိသော လုပ်ငန်းရှင်များမှ အိတ်ပိတ်ဈေးနှုန်းတင်ဒါကို ၁၆-၃-၂၀၁၂ရက် ညနေ ၅နာရီ နောက်ဆုံးထား၍ ကြေးသွန်းဘုရားကြီး ဂေါပကအဖွဲ့ရုံးခန်းသို့ အရောက်ပေးပို့ရန် ဖိတ်ခေါ်အပ်ပါသည်။

စုံစမ်းမေးမြန်းရန်ရှိပါက ရုံးအဖွဲ့မှူး ကြေးသွန်းဘုရားကြီးဂေါပကအဖွဲ့ရုံးသို့ ရုံးချိန်အတွင်း လာရောက်မေးမြန်း စုံစမ်းနိုင်ပါကြောင်း။

တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်ရက်မှာ ၁၇-၃-၂၀၁၂ရက် မွန်းလွဲ ၂နာရီဖြစ်ပါသည်။

ရုံးအဖွဲ့မှူး
ကြေးသွန်းဘုရားကြီးဂေါပကအဖွဲ့ရုံး

ပြည်တွင်းသတင်း

ရွှေဒုံးကို အနုပညာယောင်ထုံးခဲ့သူများ

အချိန်းအချက်မရှိ ကတိုက်ကရိုက်နှင့်လိုက်သွားခဲ့ရသော ရောဝတီတိုင်းဒေသကြီး ညောင်တုန်းဒေသဖွား ကာတွန်းဆရာကြီး အလင်္ကာကျော်စွာဦးဘဂျမ်း၏ (၁၁၁)နှစ်ပြည့်ဂုဏ်ပြုအခမ်းအနားဖြစ်သည်။

အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တွင် ညောင်တုန်းမြို့ အတုလမာရဇိန် သွန်းဘုရားကြီးဝင်းအတွင်း၌ စည်ကားစွာကျင်းပခဲ့သည်။

ဂုဏ်ပြုအခမ်းအနားသို့ မြို့ခံပြည်သူများ၊ ရပ်ဝေးရောက်ကာတွန်း၊ ပန်းချီ၊ ရုပ်ရှင်၊ ဂီတတို့မှ ယနေ့အောင်မြင်ကျော်ကြားနေသော အနုပညာရှင်များအပြင် ဆရာကြီးအားလေးစားကြည်ညိုခဲ့ကြသော အနုပညာအသိုင်းအဝိုင်းမှ ပညာရှင်များက တက်ရောက်ဂုဏ်ပြုခဲ့ကြသည်။

ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ကာတွန်းကားပေါင်း ၁၁၁ ကား၊ ကွယ်လွန်ခဲ့သော ညောင်တုန်းသား ကာတွန်း၊ ပန်းချီဆရာကြီးများဖြစ်သည့် ဦးဘဂျမ်း၊ ဦးလှတင်၊ဦးဝင်းထိန်၊ဦးမြတ်ဖေတို့၏ အနုပညာမြောက်ပန်းချီကားများအပြင် ဆရာကြီး၏ တပည့်ကိုးဦးတို့၏ မြို့ညောင်တုန်းအမှတ်တရရှုခင်း ပန်းချီကားများကို ပြသခဲ့ကြသည်။ ညပိုင်းတွင် ညောင်တုန်းဇာတိဖွား ဒါရိုက်တာညီညီထွန်းလွင်၊ အကယ်ဒမီ ဝေဠုကျော်၊ အကယ်ဒမီ မေသဥ္ဇာဦး၊ လူရွှင်တော် ဇရော၊ ဇာတ်ညွှန်း ဆုဩချယ်၊ ပန်တျာညောင်တုန်း ငွေငွေဝင်း(ယဉ်ကျေးမှု)၊ ပန်းချီ ဝင်းမြင့်မိုး(စာကလေး)၊ စာရေးဆရာတင့်လွင်ဦး၊ ညောင်တုန်းငွေးဝင်းတို့နှင့်အတူ အနုပညာ ညီအစ်ကိုမောင်နှမများက အငြိမ့်၊ တေးဂီတတို့ဖြင့် ဖျော်ဖြေခဲ့ကြသည်။

သတင်း၊ ဓာတ်ပုံ-ကိုကြီးတင်

ဖေဖော်ဝါရီ ၂၃ ရက် ညချမ်းတွင် ပန်းချီဆရာကြီး ဦးလှတင်ထွန်း(ပန်းချီဝင်းပ)၊ ဆရာမောင်သာချို၊ ကာတွန်းဝင်းအောင်တို့က ကာတွန်း၊ ပန်းချီ၊ စာပေရေးရာများကို ဟောပြောခဲ့သည်။

ပွဲစီစဉ်သူ ပန်းချီဆရာ ဝင်းမြင့်မိုးက "ညောင်တုန်းမြို့ကနေ နိုင်ငံကျော် အနုပညာရှင်တွေ အများကြီးပေါ်ထွက်ခဲ့တဲ့ အစဉ်အလာ ရှိခဲ့ဖူးပါတယ်။ သဘင်ဝန်ဦးနု၊ မင်းသားကြီး ဂရိတ်ဦးဖိုးစိန်၊ ရုပ်သေးဆရာကြီး ဦးကျော်၊ ဒါရိုက်တာ ရွှေဒုံးဘီအောင် စတဲ့ အနုပညာရှင်တွေက ညောင်တုန်း(ရွှေဒုံး) ဇာတိသားတွေပါ။ အဲဒါကြောင့် ဒီကနေ့ ညောင်တုန်းမြို့ကနေ ပန်းချီစတဲ့ အနုပညာရှင် မျိုးဆက်တွေ ထပ်မံပေါ်ထွက်လာနိုင်ဖို့အတွက် ရွှေဒုံး(ညောင်တုန်း)ကို အနုပညာ ယောင်ထုံးလို့ မြို့ရဲ့သမိုင်းကို ဖော်ဆောင်စေချင်လို့ ဒီပွဲလေးကို ပေါင်းစုပြီး စီစဉ်ရတာပါ"ဟု ရည်ရွယ်ချက်ကို ဖွင့်ဆိုခဲ့သည်။

စည်းကမ်းမဲ့သူအချို့ကြောင့် မြို့အလှပျက်စီး

သီပေါ မတ် ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့သည် မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်၌ တည်ရှိသည့် လှပထင်ရှားသော ရှေးဟောင်းမြို့တစ်မြို့ဖြစ်ပြီး နိုင်ငံခြားကမ္ဘာလှည့်ခရီးသွားများ နေ့စဉ်အဝင်အထွက်များရာဒေသဖြစ်သည်။

သီပေါမြို့ကို ကွေ့ပတ်ပြီး လှပစွာ စီးဆင်းနေသော ဒုဋ္ဌဝတီမြစ်ကြီးနှင့်ခုံညားထည်ဝါလှသော တံတားကြီးမှာ ပန်းတင့်လျက်ရှိသည်။ တံတားကြီးပေါ် နံနက်ခင်းနှင့် ညနေခင်းနေဝင်ရီတရောကာလများတွင် မြို့သူမြို့သားများ သန့်ရှင်းလတ်ဆတ်သော လေကို ရှူရှိုက်ပြီး ကျန်းမာရေးအတွက် လမ်းလျှောက်သူများနှင့် စည်ကားလျက်ရှိသည်။ ထို့အပြင် နိုင်ငံခြားခရီးသွားဧည့်သည်များအနေဖြင့် ဒုဋ္ဌဝတီမြစ်ကို နောက်ခံပြုလျက် နေထွက်၊ နေဝင်ချိန်တို့ကို ကြည့်ရှုမှတ်တမ်းတင်ရာ အထင်ကရနေရာ တစ်ခုလည်းဖြစ်သည်။

တင်ပြ

ထိုသို့ သာယာလှပကြည်နူးစရာ မြင်ကွင်းနှင့်တံတားကြီး၏ လုံခြုံရေးနယ်မြေကို စည်းမဲ့ကမ်းမဲ့နယ်မြေချဲ့လိုသူအချို့ကြောင့် နေအိမ်ဆောက်လုပ်နေထိုင်ခြင်း၊ မြစ်ကမ်းနဖူးအညစ်အကြေးစွန့်ရာ အိမ်သာဆောက်လုပ်နေခြင်းများကြောင့် အကျည်းတန်အရုပ်ဆိုးမှုများကို မြို့အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ပေးစေလိုကြောင်း တင်ပြအပ်ပါသည်။

ပြောဆို

ဤဖြစ်ရပ်များကြောင့် အဆိုပါ ပန်းတိမ်တောင်ရပ်ကွက်နေ ဒေသခံတစ်ဦးမှ သက်ဆိုင်ရာကလည်း ယခုကဲ့သို့ မြို့အလှပျက်ကျူးကျော်နေမှုများကို စိစစ်အရေးယူမှုများ ဆောင်ရွက်သင့်ကြောင်း ပြောဆိုသွားသည်ကို သိရသည်။ **စိုင်း(သီပေါ)**

နိုင်ငံတကာအားကစားသတင်း

ဖာဂူဆန်နဲ့ မော်ရင်ဟို၊ ဗန်ပါစီနဲ့ စီရိုနယ်ဒိုတို့ အိုးထရက်ဖို့ဒ်မှာ ဆုံပြီ

ပရိသတ်တွေရင်ကို ဆွဲကိုင်လှုပ်ရမ်းတော့မယ့် ချန်ပီယံလိဂ်ဒုတိယအကျော့ ၁၆ သင်းအဆင့် ပွဲစဉ်တွေ လာမယ့် မတ် ၆ ရက်မှာ နှစ်ပွဲကစားပါတော့မယ်။ ကမ္ဘာ့ထိပ်တန်းကလပ်တွေဖြစ်တဲ့ မန်ယူနဲ့ ရီးရဲမက်ဒရစ်တို့ပွဲကတော့ တစ်ကမ္ဘာလုံးက စောင့်ကြည့်ကြမယ့်ပွဲဖြစ်ပြီး ဖာဂူဆန်၊ စီရိုနယ်ဒိုနဲ့ မန်ယူရဲ့ အိုးထရက်ဖို့ဒ်ကွင်း ပုံရိပ်တွေဟာ ပရိသတ်တွေရဲ့ စိတ်အာရုံကို ဖမ်းဆုပ်တော့မှာဖြစ်ပါတယ်။ ဒါ့အပြင် ဒေါ့မွန်နဲ့ ရှက်တာဒိုးနက်အသင်းတို့ရဲ့ ယှဉ်ပြိုင်မှုကလည်း ပထမအကျော့ရလဒ်ကြောင့် စိတ်ဝင်စားစရာကောင်းနေတာတော့ အမှန်ပါပဲ။

မန်ယူနှင့် ရီးရဲမက်ဒရစ်

မန်ယူရော ရီးရဲမက်ဒရစ်ပါ ပေါ့ဆလို့မရတဲ့ ပွဲစဉ်ဖြစ်နေပါတယ်။ မန်ယူဟာ အိမ်ကွင်းအားသာချက်ကို အပြည့်အဝ အသုံးချမှာဖြစ်ပြီး ရွန်းနေ၊ ဗန်ပါစီတို့ရဲ့ တိုက်စစ်အတွဲကို ဖာဂူဆန် အကောင်းဆုံး ဗျူဟာခင်းကျင်းဖို့ စီစဉ်နေပြီဖြစ်ပါတယ်။ မန်ယူရဲ့ လက်ရှိခြေစွမ်းအရ နောက်ဆုံးလေးပွဲကစားပြီးချိန်မှာ နိုင်ပွဲသုံးပွဲနဲ့ သရေတစ်ပွဲဖြစ်ထားလို့ ရှုံးပွဲ မရှိပါဘူး။ ပြိုင်ပွဲစစ်မျက်နှာအရပ်ရပ်မှာ ခြေစွမ်းပြနေတဲ့ မန်ယူဟာ ရီးရဲမက်ဒရစ်ကို အလေးအနက်ထားပြီး အမှားအယွင်းမရှိအောင် ဖာဂူဆန် သေသေချာချာပြင်ဆင်ကစားပါလိမ့်မယ်။ ရီးရဲမက်ဒရစ်ဟာ မန်ယူကစားသမားဟောင်း တိုက်စစ်မှူး စီရိုနယ်ဒိုကို အဓိကအားပြုပြီး ချီတက်လာမှာဖြစ်ပါတယ်။ သံယောဇဉ်မကုန်သေးတဲ့ စီရိုနယ်ဒိုနဲ့ မန်ယူတို့ကြောင့် နည်းပြ မော်ရင်ဟိုဟာ စိုးထိတ်နေတာတော့ အမှန်ပါပဲ။ နည်းပြဖာဂူဆန်နဲ့ ကစားဖက်တွေ၊ အိုးထရက်ဖို့ဒ်ကွင်းနဲ့ မန်ယူပရိသတ်တွေကြောင့် စီရိုနယ်ဒိုရဲ့ခြေစွမ်း ပုံမှန်ဖြစ်နိုင်ပါ့မလားဆိုတာကလည်း စိတ်ဝင်စားစရာ ကောင်းနေပါတယ်။ မန်ယူနဲ့ ပွဲအတွက် မော်ရင်ဟို တာစူပြင်ဆင်နေပြီး ဒီပွဲရဲ့ရလဒ်က ရီးရဲမက်ဒရစ်အတွက် စိန်ခေါ်မှုတစ်ရပ်လိုဖြစ်နေပါတယ်။ အဝေးကွင်းမှာ တစ်ဂိုးပေးထားရတဲ့ ရီးရဲမက်ဒရစ်ဟာ မန်ယူထက်နှစ်ဆပိုပြီး အားထုတ်ရမှာတော့ သေချာနေပါတယ်။ မန်ယူဟာ ဒီနှစ်ဘောလုံးရာသီမှာ ပုံမှန်ခြေစွမ်းရနေပြီး ရလဒ်လည်း ကောင်းနေတဲ့အပြင် စိတ်ဓာတ်အသာစီးနဲ့ ကစားရမှာဖြစ်တာမို့ ခံစစ်အားပြုတဲ့ပုံစံတော့ ဖာဂူဆန်ခင်းကျင်းမှာ မဟုတ်ပါဘူး။ တိုက်စစ်ကို ရဲရဲဖွင့်ကစားတတ်တဲ့မန်ယူတို့ ဒီပွဲမှာ ရီးရဲမက်ဒရစ်ကို ဘယ်လိုရင်ဆိုင်မလဲဆိုတာ စောင့်ကြည့်ရမယ့်ပွဲဖြစ်ပါတယ်။

ဒေါ့မွန်နှင့် ရှက်တာဒိုးနက်

ယူကရိန်းကလပ် ရှက်တာဒိုးနက်တို့တော့ ဂျာမနီမြေမှာ ခြေစွာနေတဲ့ ဒေါ့မွန်နဲ့တွေ့ကြုံပြီဖြစ်ပါတယ်။ ပထမအကျော့ ရှက်တာဒိုးနက်ကွင်းမှာ နှစ်ဂိုးစီသရေပွဲဖြစ်ထားတာမို့ ဒေါ့မွန်တို့အိမ်ကွင်းမှာ အနိုင်ရဖို့ ကြိုးစားပါလိမ့်မယ်။ အိမ်ရှင်ဒေါ့မွန်ဟာ နောက်ဆုံးလေးပွဲကစားခဲ့တဲ့ခြေစွမ်းကိုကြည့်ရင် ရလဒ်တွေ ကောင်းအောင် ကစားနိုင်နေသလို ရှက်တာဒိုးနက်တို့ကလည်း ခြေစွမ်းထက်မြက်နေတာတော့ အမှန်ပါပဲ။ မာကျောမှုနဲ့ တွန်းတွန်းတိုက်တိုက် ကစားတတ်မှုတို့မှာ ဒေါ့မွန်တို့က အားသာပြီး ခံစစ်ဇုန်တွေမှာလည်း စနစ်တကျနဲ့အမှားအယွင်းနည်းအောင် ကစားနိုင်နေပါတယ်။ ရှက်တာဒိုးနက်ဟာ အသင်းလိုက် ကစားအားကောင်းပေမယ့် အဝေးကွင်းမှာ ခြေစွမ်းယိုင်တတ်တာမို့ သတိထားရမှာ ဖြစ်ပါတယ်။ ရှက်တာဒိုးနက်ရဲ့ အားသာချက်က ပွဲချိန်ပြည့်တဲ့အထိ ကစားအားမချတတ်ဘဲခြေကုန်ထုတ်နိုင်တာမို့ ဒေါ့မွန်တို့ အဝေးကွင်းမှာ နှစ်ဂိုးသွင်းထားနိုင်ပေမယ့် မမျှော်လင့်တဲ့ရလဒ်တွေ ဖြစ်ပေါ်နိုင်ပါတယ်။ ဒါပေမယ့် ရှက်တာဒိုးနက်တို့ ဒေါ့မွန်ကွင်းမှာ စိုးတထိတ်ထိတ်နဲ့ ကစားရမှာတော့ အမှန်ပါပဲ။

မိုးမြင့်လင်းလက် - ရေးသားသည်

အားကစားသတင်းအတိုအထွာ

မောင်ချစ်ကြည်-ရေးသားသည်

- မန်ယူ၏အိုးထရက်ဖို့ဒ်ကွင်း၌ကစားရမည့် ချန်ပီယံလိဂ်ဒုတိယအကျော့ပွဲစဉ်အတွက် မိမိတို့ စိတ်လှုပ်ရှားလျက်ရှိကြောင်း စီရိုနယ်ဒိုက ပြောကြားသည်။
- ဂါရက်ဘေးလ်သည် ပေါင်သန်း ၁၀၀ တန်သော ကစားသမားတစ်ဦး ဖြစ်ကြောင်း စပါးအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ပြောကြားသည်။
- မိမိသည် အင်္ဂလန်မြေတွင် တာဝန်ထမ်းဆောင်ရသည်မှာ ပျော်ရွှင်ကြောင်း၊ ပရီမီယာလိဂ်သည် အခြားလိဂ်ပြိုင်ပွဲများနှင့်မတူဘဲ စိတ်လှုပ်ရှားဖွယ်ရာ အကောင်းဆုံးဖြစ်လာကြောင်း ချယ်ဆီးနည်းပြ ဘင်နီတက်ဇ်က ပြောကြားသည်။
- မန်ယူကွင်းလယ်ကစားသမား ကာဂါဝါသည် နော့ဝှစ်နှင့်ပွဲတွင်သုံးဂိုးသွင်းယူနိုင်ခဲ့သဖြင့် ဂျပန်ပရိသတ်များကလည်း ဂုဏ်ယူကြောင်း အင်တာနက်မှ စာများပေးပို့ခဲ့သည်။
- အာဆင်နယ်အသင်းနည်းပြ အဖြစ်မှ မိမိနုတ်ထွက်ရန်စိတ်ကူးမရှိကြောင်း အာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားသည်။
- ဂျာမနီအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အတော့်တင်းဆုံးအသင်းဖြစ်လာမည်ဟု ဘရာဇီးဂန္ထဝင်ဘောလုံးကစားသမားပီလီက ပြောကြားသည်။
- အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားဆွတ်ခူးနိုင်ရန်မှာ ပြင်ဆင်မှုနှင့် အချိန်ယူမှု လိုအပ်နေဆဲဖြစ်ကြောင်း အင်္ဂလန်အားကစား မီဒီယာများက ဖော်ပြသည်။

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်း ဆွေးနွေးပွဲ ဖိတ်ကြားလွှာ

မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းမှ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဥပဒေကြမ်းနှင့်ပတ်သက်၍ အကြံပြုနိုင်ရေးအတွက် ဆွေးနွေးပွဲတစ်ရပ် ကျင်းပမည်ဖြစ်ပါ၍ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင် အသင်းဝင်များအားလုံး တက်ရောက်ဆွေးနွေး အကြံပြုပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးအစီအစဉ်

(က) **ကျင်းပမည့်ရက်** - ၈-၃-၂၀၁၃ရက် (သောကြာနေ့)
(ခ) **ကျင်းပမည့်အချိန်** - မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ
(ဂ) **ကျင်းပမည့်နေရာ** - ပန်ဒါဟိုတယ်၊ မင်းရဲကျော်စွာလမ်းနှင့် ဝါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊

အလုပ်အမှုဆောင်အဖွဲ့

စပါးက အာဆင်နယ်ကိုအနိုင်ကစား

အင်္ဂလိပ်ပရီမီယာလိဂ်ပြိုင်ပွဲအဖြစ် စပါးအသင်းနှင့် အာဆင်နယ်အသင်းတို့ မတ် ၂ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ စပါးက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး အမှတ်ပေးဇယားတတိယနေရာသို့ တက်ရောက်သွားသည်။ အိမ်ရှင် စပါးအသင်းက ပထမပိုင်းတွင် နောက်တန်းခံစစ်ကို လုံအောင်ထိန်းချုပ်ပြီး အနိုင်ဂိုးနှစ်ဂိုးကို သွင်းယူခဲ့ခြင်းဖြစ်သည်။ စပါးအသင်းအတွက် ဂါရက်ဘေးလ်နှင့် လင်နွန်တို့က သုံးမိနစ်အတွင်း ဂိုးများဆက်တိုက်သွင်းယူခဲ့သည်။ ဂါရက်ဘေးလ်သည် စပါးအသင်းတွင် ဆက်လက်ခြေစွမ်းပြနေရာ ခုနစ်ပွဲအတွင်း ကိုးဂိုးမြောက်အဖြစ် သွင်းယူခဲ့သည်။ သို့သော်လည်း မာတီဆက်ကာက အာဆင်နယ်အတွက် ဒုတိယပိုင်းတွင် ခေါင်းတိုက်ဂိုးဖြင့် ချေပခဲ့သည်။

နာမည်ကြီး ရာဖေးလ်နာဒယ် မက်ဆီကန်ဖလားဆွတ်ခူး

စပိန်နာမည်ကြီးတင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် မက္ကဆီကိုနိုင်ငံ အကာပူလ်ကိုမြို့၌ ကျင်းပသော မက်ဆီကန်အိုးပင်းတင်းနစ်တွင် တစ်နိုင်ငံတည်းသား ဒေးဗစ်ဖာယာအား အနိုင်ရပြီး ချန်ပီယံဆုဖလားဆွတ်ခူးသွားသည်။ အသက် ၂၆ နှစ်ရှိ ရာဖေးလ်နာဒယ်သည် ဖေဖော်ဝါရီလက ဘရာဇီးအိုးပင်းတွင် ဖလားဆွတ်ခူးခဲ့ပြီး သုံးပတ်အကြာ ထပ်မံ၍ ဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ နာဒယ်သည် ဒေးဗစ်ဖာယာအား ၆-၀၊ ၆-၂ ဖြင့် အနိုင်ရပြီး ဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ကောင်းမြတ်သူ - ရေးသားသည်

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာဆုတောင်း

အချစ်ဆုံးဖေဖေနှင့် မေမေတို့၏ ၅-၃-၂၀၁၃ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် နှောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောသား၊ သမီး မိသားစုနှင့်အတူ စိတ်ချမ်းသာကိုယ်ကျန်းမာစွာဖြင့် ပျော်ရွှင်အေးချမ်းသောဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

ဖွေးဖွေး၊သားထွေး

ရန်ကုန်တောင်ပိုင်းခရိုင်မှ အောင်မြင်ဖြစ်ထွန်းနေသော ပုလဲသွယ်နွေစပါးစိုက်ခင်းနှင့်သီးထပ်ပဲတီစိမ်းစိုက်ခင်းကို လေ့လာကြည့်ရှု

သတင်းမြင်ကွင်း
အောင်သန်း(မင်္ဂလာတောင်ညွန့်)
ဓာတ်ပုံ-သန်းဝင်း(သန်လျင်)

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သိုက်တူးကန်စံပြကျေးရွာ ဧက ၁၀၀ စံပြကွက်၌ မိုးစပါးရိတ်သိမ်းပြီး ပြည်ပဈေးကွက်ဝင်သီးနှံတစ်မျိုးဖြစ်သော ပဲတီစိမ်းကို သီးထပ်သီးနှံအဖြစ်စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိနေသည်။ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ သန်လျင်၊ ကျောက်တန်း၊ တံတား၊ သုံးခွ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလမြို့နယ်များကို တောင်သူလယ်သမား ၁၀၀ ကျော်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၁ ရက်က အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ပဲတီစိမ်းနှင့် နွေစပါးစိုက်ခင်းများကို လက်တွေ့ကွင်းဆင်းလေ့လာကြရာ လယ်သမားကြီးဦးမြသောင်း၏ လယ်မြေဧက ၂၀ အပါအဝင်တောင်သူလယ်သမား ၂၂ ဦးတို့၏ ဧက၁၀၀ပဲတီစိမ်း စံပြစိုက်ခင်းသို့ ပထမဦးစွာ လက်တွေ့ကွင်းဆင်းလေ့လာကြည့်ရှုကြသည်။ စိုက်နည်းစနစ် မှန်ကန်မှုကိုလိုက်၍ တစ်ဧက ၁၀တင်းမှ တင်း ၂၀ အထိ ထွက်သည့် ပဲတီစိမ်းမျိုးများ ဖြစ်ကြသော ပဲတီရွှေဝါ၊ ရေဆင်း-၉၊ ရေ ဆင်း-၁၁ မျိုးများကို စိုက်ပါက ယနေ့ပေါက်ဈေးပဲတီစိမ်း တစ်တင်းလျှင်ငွေကျပ် နှစ်သောင်းခွဲခန့်ရရှိသဖြင့် ပဲတီစိမ်း တစ်ဧကစိုက်ပါက ဝင်ငွေကျပ်နှစ်သိန်းခွဲရရှိမည်ဖြစ်ရာတစ်ဧက စိုက်ပျိုးစရိတ်ကုန်ကျငွေကျပ်တစ်သိန်းခွဲခန့်ရှိ၍ အသားတင်အမြတ်ငွေကျပ်တစ်သိန်း ရရှိမည်မှာ သေချာကြောင်း၊ တင်း ၂၀ အထိ ထွက်မည်ဆိုပါလျှင် အမြတ်ငွေကျပ်နှစ်သိန်းခွဲမှ သုံးသိန်း အထိရရှိမည်ဖြစ်၍ မိုးစပါးပြီးလျှင် သီးထပ်သီးနှံအဖြစ် ပဲတီစိမ်းကို စိုက်ပျိုးကြစေလိုကြောင်း၊ လိုအပ်သည့်စိုက်ပျိုးနည်းပညာများကို စိုက်ပျိုးရေး ဦးစီးဌာနမှ အခမဲ့ကူညီပံ့ပိုး ပေးမည်ဖြစ်ကြောင်းဖြင့် စိုက်ပျိုးရေးဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင် ဦးစီးမှူး ဦးကျော်ကျော်က ရှင်းပြသည်။

စံပြစိုက်ကွက်မှာ အထွက်တိုး၍ အကျိုးရှိနေသော လယ်သမားဦးမြသောင်းက "ငါးပိဖုတ်တာတောင် ဆရာရှိမှဖြစ်မယ်လေ။ ဆရာမပြနည်းမကျတဲ့။ အခုစိုက်ပျိုးရေးနည်းပညာတွေက အလွန်တိုးတက်နေတာ မသိတာရှိရင် စိုက်ပျိုးရေးဌာနကို တယ်လီဖုန်းဆက်မေးလို့ရတယ်။ စိုက်ပျိုးနည်းမှန်မယ်။ ဝီရိယရှိမယ်ဆိုရင် အောင်မြင်ဖြစ်ထွန်းမှာ သေချာပါတယ်" ဟု သူ၏ စိုက်ပျိုးအောင်မြင်မှုကို လေ့လာအကဲခတ်သူ တောင်သူလယ်သမားများအား သူ့အတွေ့အကြုံများကို ဖွင့်ဟပြောကြားသည်။ မှန်ပေသည်။ ယခင်က လယ်သူရင်းငှား၊ ယခုတော့ လယ်ဧက ၂၀ ပိုင်ရှင်ဖြစ်နေခဲ့ပေပြီ။ လက်တွန်းထွန်စက်၊ ထော်လာဂျီ (ထယ်ထိုးထွန်မွှေ)ရွှေနားပျံတစ်စီး၊ ရေစုပ်စက်၊ လက်လုပ်ကိရိယာ အပြည့်အစုံ၊ကိုယ်ပိုင်လက်ကိုင်ဖုန်းနှင့်ဥပဒေဘွဲ့ရသားအကြီးကို လယ်ငါးကေခွဲပေးပြီး လယ်လုပ်စေနေပြီဖြစ်သည်။

ဆက်လက်၍ ကွင်းဆင်းလေ့လာရေးအဖွဲ့များသည် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်၊ ဒုတိယတိုင်း ဦးစီးမှူး ဦးလှဆန်းတို့နှင့်အတူ သန်လျင်မြို့နယ်စစ်ပြင်ကွင်းကျေးရွာရှိ အောင်မြင်ဖြစ်ထွန်းနေသော လယ်သမားကြီး ဦးမြင့်ဦး(နေလ)၏ ပုလဲသွယ်စံပြကွက် ၁၀ ဧကနှင့် စိုက်ပျိုးရေးဦးစီးဌာန သိပ္ပံနည်းကျ ပေါင်းပျိုးစနစ်ဖြင့် ပျိုးထောင် စိုက်ပျိုးထားသော တောင်သူ ပညာပေး နွေစပါးစံပြစိုက်ခင်းများသို့ သွားရောက်လေ့လာကြည့်ရှုကြသည်။ ယခုနှစ်မိုးရာသီတွင် ပုလဲသွယ်စပါး စိုက်ပျိုးခဲ့သူတောင်သူများမှာ တစ်ဧက တင်း ၁၀၀ မှ ၁၂၀ အထိ ထွက်ရှိခဲ့ပြီး ယခုစိုက်ထားသော နွေစပါးမှာ တင်း ၁၂၀ မှ တင်း ၁၈၀ အထိ ထွက်ရှိနိုင်ကြောင်း သိရှိရသည်။

ပုလဲသွယ် အထူးအထွက်တိုး နွေသီးထပ်စပါးများကို စိုက်ပျိုးရေး ဦးစီးဌာန၏ သိပ္ပံနည်းကျ ၁၄ ချက် အတိုင်း စိုက်ပျိုးပါက အထွက်နှုန်း ပိုမိုမည်မှာ သေချာကြောင်း စိုက်ပျိုးရေးမှူးများက ရှင်းပြသည်။ ရန်ကုန်တောင်ပိုင်းခရိုင် အနေဖြင့် ယခုနှစ် မိုးစပါး ၇၉၉၈၈၅ ဧကနှင့် သီးထပ်စိုက်ဧက ၄၂၇၁၁၄ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် သတ်မှတ်သီးနှံ စိုက်စွမ်းအားထက်ပိုကာ ၁၅၃ ရာခိုင်နှုန်းကျော်ရှိသည်ဟု စာရင်းဇယားများအရ သိရှိရသည်။ သုံးခွမြို့နယ် တစ်ခုတည်းမှာပင် မိုးစပါး၁၄၇၇၈၃ ဧကနှင့် သီးထပ်သီးနှံ ပဲမျိုးစုံ ၁၂၄၉၁၇ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် သတ်မှတ်လျာထားချက်ထက် ကျော်လွန်ကာ သီးနှံစိုက် စွမ်းအား ၁၈၅ ရာခိုင်နှုန်းရှိသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ တောင်ပိုင်းခရိုင်အတွင်း စိုက်ဧကပြည့်မီရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်ရေး လမ်းညွှန်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အောင်မြင်ဖြစ်ထွန်းနေသော သုံးခွမြို့နယ်မှ ဧက ၁၀၀ ပဲတီစိမ်း စံပြစိုက်ခင်းနှင့် တောင်သူပညာပေး သန်လျင်မြို့နယ် နွေစပါးစံပြစိုက်ခင်းတို့ကို ရန်ကုန်တောင်ပိုင်းခရိုင်မှ တောင်သူများ လေ့လာကြည့်ရှုနေကြစဉ်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကမ္ဘာ့သွားနှင့်ခံတွင်းကျန်းမာရေးနေ့ အထိမ်းအမှတ် သွားနှင့်ခံတွင်းဆရာဝန်အသင်း(ဗဟို) ကွင်းဆင်းကုသ

ပုသိမ် မတ် ၄

မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်အသင်း(ဗဟို)၏ ပြည်သူ့ သွားနှင့်ခံတွင်းစောင့်ရှောက်မှု ကွင်းဆင်းအဖွဲ့(Dental Public Section) သည် ကမ္ဘာ့သွားနှင့်ခံတွင်း ကျန်းမာရေးနေ့ (World Oral Health Day)ကို ကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ပုသိမ်မြို့နယ် ငွေဆောင်ကမ်းခြေဒေသအတွင်းရှိ သံဃာတော်များနှင့် ပြည်သူများအား သွားနှင့်ခံတွင်း ကျန်းမာရေးပညာပေးဟောပြောခြင်း၊ သွားနှင့်ခံတွင်းစစ်ဆေးပေးခြင်းနှင့် သွားရောဂါဝေဒနာရှင်များကို သွားကျန်းမာရေးကုသပေးခြင်း၊ သွားပွတ်တံ၊ သွားတိုက်ဆေးများ လှူဒါန်းခြင်းစသည့် သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၂ရက်မှ ၂၃ရက်အထိ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ငွေဆောင်ကမ်းခြေ မဟာပုညာရာမ ကျောင်းတိုက် ဓမ္မာရုံ၌ ငွေဆောင်ကမ်းခြေအနီး ကျေးရွာများမှ ပြည်သူ ၁၂၈ ဦးတို့အား သွားနှင့်ခံတွင်းစစ်ဆေးပေးခြင်း၊ ၁၂၄ ဦးအား သွားနုတ်ကုသခြင်း၊ ၃၇ဦးအား သွားပိုးစားရောဂါကုသပေးခြင်း၊ ၆၀အား သွားနှင့်ခံတွင်းသန့်ရှင်းပေးခြင်း၊ ၃၂၀အား သွားနှင့်ခံတွင်းကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ငွေဆောင်ဒေသ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ငွေဆောင်ဒေသ ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီးနှင့်အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီး သွားနှင့်ခံတွင်းဆရာဝန်အသင်းခွဲဥက္ကဋ္ဌ ဒေါက်တာဦးခင်မောင်ဦးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များ အသင်း(ငွေဆောင်ဇုန်)ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်ဌေးလင်း၊ Silver View Hotel မှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့မှ အလှူရှင်များ၊ ကုမ္ပဏီများက လိုအပ်သည်များကို ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။ **(အောင်သူရ)**

ဒို့ကျေးရွာဂျာနယ် ထွက်ရှိ

ဒို့ကျေးရွာဂျာနယ် အတွဲ (၁၀)၊ အမှတ်(၅)ကို ၂၀၁၃ ခုနှစ် မတ်လ ၁ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။ ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် စိုက်ပျိုးရေးဆောင်းပါးများ၊ မွေးမြူရေး ဆောင်းပါးများ၊ အာဆင်းနစ်အန္တရာယ်၊ နှလုံးသွေးကြောရှင်သန်လာရေး၊ တန်ဖိုးထားကြစေရာ မြန်မာ့အစားအစာစသည့် ကျန်းမာရေး ဆောင်းပါးများ၊နိုင်ငံတကာ သတင်းဆောင်းပါးများ၊ အားကစားသတင်းများ၊ အနုပညာ သတင်းများ၊ ဆရာဝန်လေး ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ပုံပြင်၊ ကာတွန်း၊ ဗေဒင်နှင့်သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။ ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ်- ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မီးကြွင်းမီးကျန်မှ မီးထလောင်

မလှိုင် မတ် ၄

မလှိုင်မြို့ အိုင်မရိုးကျေးရွာအုပ်စု သီးပင်ကုန်းကျေးရွာ ဒေါ်ဆိတ်၏ ထရံကာ၊ သွပ်မိုးလူနေအိမ် မီးဖိုမီးကြွင်းမီးကျန်မှ မတ် ၁ ရက်နံနက် ၁၁နာရီက မီးစတင်လောင် ကျွမ်းမှုဖြစ်ခဲ့သည်။ မီးလောင်မှုဖြစ်ပွားရာသို့ ပန်းအိုင်ကျေးရွာ မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်တစ်စီး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်တစ်စီးအပါအဝင် ကျေးရွာနေ ပြည်သူများကလည်း ဝိုင်းဝန်းကူညီ မီးငြိမ်းသတ်ခဲ့သဖြင့် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။ မီးလောင်မှုကြောင့် လူနေအိမ် လေးလုံး၊ နွားတဲနှစ်ခု ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ **(၀၈၃)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများဌာန၏ 66/11KV, 2 MVA ကျောဓာတ်အားခွဲရုံအတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၆-၃-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂၇-၃-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာန၏ ဟားခါးဓာတ်အားခွဲရုံအား Turn Key စနစ် (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ် ဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၆-၃-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၈-၄-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

အင်းလေးဒေသဟိုတယ်ဇုန်မြေနေရာအတွက်
လျှောက်လွှာခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အင်းလေးဒေသတွင် ဟိုတယ်ဇုန်မြေနေရာများအား ဖော်ထုတ်လျက်ရှိပါသည်။
၂။ ဟိုတယ်ဇုန်တွင် လုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများအား တောင်ကြီးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လျှောက်လွှာတစ်စုံလျှင် ၅၀၀၀ိ/နှုန်းဖြင့်ဝယ်ယူပြီး ၁၇-၃-၂၀၁၃ ရက်ညနေ ၄ နာရီ နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။
၃။ အသေးစိတ်သိလိုပါက တောင်ကြီးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း-၀၈၁-၂၁၂၁၀၀၃၊ ၂၁၂၁၆၉၁ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အင်းလေးဒေသဟိုတယ်ဇုန်ဖော်ထုတ်ရေးဦးစီးကော်မတီ
တောင်ကြီးမြို့

အမည်ပြောင်း

ဦးစိုးသူလွင်၏သား TTC(ကမာရွတ်) နဝမတန်း(F)မှ မောင်ဘုန်းထက်သူအား မောင်မင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်မင်းသန့်

တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးတက္ကသိုလ် သချ်ာ(တတိယနှစ်)မှ မသက်နှင်းခန့်နှင့် ဦးရဲမြင့် ၉/မထလ(နိုင်) ၁၆၁၀၀၉ ၏သမီး မသက်နှင်းထွေး ၁/မမန(နိုင်)၀၃၇၃၁၂ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၄၈၉၆၂၊ LANJIA -125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်မေ ၅/ကလတ(နိုင်)၀၀၁၉၀၉က (ကမ-၃)ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၈၈၃၄၂၊ Anbo -125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်း ၁/ဗမန(ပြု)၀၀၀၀၇၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

သားအဖြစ်မှ စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ ရပ်ကွက် ၉၊ နယ်မြေ ၅တွင် နေထိုင်သော ဦးထွန်းရှင်(ခ)ဦးကြိတ် ၁၃/လရန(နိုင်)၁၇၀၀၇၀ ၏သား မောင်ဉာဏ်မင်းထွန်း ၁၃/လရန(နိုင်)၁၆၆၈၉၁ သည် မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၂၆-၂-၂၀၁၃ရက်တွင် မိမိသဘောဖြင့် နေအိမ်မှဆင်းသွားပါသဖြင့် ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို မိဘမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ကြောင်း ကြေညာအပ်ပါသည်။

ဦးထွန်းရှင်

ကြော်ငြာ

မန္တလေးမြို့ တိုင်းရင်းဆေးသိပ္ပံ
တိုင်းရင်းဆေးပညာဒီပလိုမာ(၄)နှစ်သင်တန်း
အပတ်စဉ် (၆) (၇) (၈) (၉)
ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

ကွယ်လွန်သူ ဆရာကြီးများနှင့် သူငယ်ချင်းများအားရည်စူး၍ သံဃာတော်များအား နေ့ဆွမ်းကပ်လှူခြင်း၊ ဆရာ/ဆရာမများအား ကန်တော့ခြင်းများ ပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၃ ခုနှစ် မတ်လ ၂၇ ရက် (တပ်မတော်နေ့)
အချိန် - နံနက် ၉ နာရီ
နေရာ - မဟာဓမ္မိကာရာမရွှေကျောင်းတိုက်မကြီး၊ မန္တလေးမြို့။
(တိုင်းရင်းဆေးတက္ကသိုလ်အနီး)

အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

နေပြည်တော်		**မန္တလေး**	
ဦးဝေဝင်း	ဖုန်း-၀၉-၄၉၂၀၁၈၄၉	ဦးကြည်လွင်မြင့်	ဖုန်း-၀၉-၆၈၀၁၉၉၉
ဦးဝင်းဟန်	ဖုန်း-၀၉-၄၂၀၇၀၅၈၅၀	ဦးအောင်ကျော်မင်း	ဖုန်း-၀၉-၄၀၂၆၆၂၁၈၇
		ဦးစန်းလွင်	ဖုန်း-၀၉-၉၁၀၀၉၉၄၆
ရန်ကုန်		ဦးတင်ဝင်း	ဖုန်း-၀၉-၄၀၂၅၃၁၄၄၁
ဦးအုန်းမြင့်	ဖုန်း-၀၉-၄၄၈၀၀၂၈၂၈	ဒေါ်ထွေးထွေး	ဖုန်း-၀၉-၄၂၀၃၈၉၄၈
ဒေါ်ရင်ရင်တင့်	ဖုန်း-၀၉-၅၀၃၉၆၅၁		
ဒေါ်ဖြူဖြူအောင်	ဖုန်း-၀၉-၅၁၂၂၄၅၇	**မော်လမြိုင်**	
ဦးသန်းဦး	ဖုန်း-၀၉-၄၉၂၉၇၉၉၃ ၀၉-၄၂၁၀၂၀၉၁၃	ဦးဝင်းမြင့်ဦး	ဖုန်း-၀၉-၄၂၅၂၆၁၆၉
ဒေါ်မြချိုချို	ဖုန်း-၀၉-၇၃၁၄၃၂၁၆	**မကွေး**	
ဒေါ်အေးအေးချို (မိုချို)	ဖုန်း-၀၉-၅၀၉၀၁၇၃	ဦးသန်းညွှန့်	ဖုန်း-၀၉-၄၄၄၀၁၇၂၁၃
ဒေါ်မေထားအောင်	ဖုန်း-၀၉-၅၀၃၄၉၅၂		
ဒေါ်မေရီအောင်	ဖုန်း-၀၁-၅၁၃၈၄၅		
ဦးသိန်းဇော်	ဖုန်း-၀၉-၇၃၀၆၀၅၈		
ဦးစိုးမိုး	ဖုန်း-၀၉-၇၃၀၅၇၀၆၀		
ဒေါ်ရီရီစန်း	ဖုန်း-၀၉-၄၂၀၀၀၀၈၅၆		

ကမ္ဘောဇ(ဗဟန်းဘဏ်ခွဲ) ငွေစုစာရင်းအမှတ်(၀၄၁၂၂၀၀၀၇၁၀၇)သို့ ငွေလွှဲလှူဒါန်းနိုင်ပါသည်။ (လိပ်စာစာအုပ်ပြုလုပ်ရန် ဆက်သွယ်ရန်ဖုန်းနံပါတ်နှင့် လိပ်စာများကို ဒေါ်ဖြူဖြူအောင်၊ ဦးသန်းဦးနှင့် ဒေါ်ရီရီစန်းတို့ထံ ဖုန်းဆက်ပေးပါရန်)

[illegible]

www.irdmyanmar.gov.mm

[illegible]

[illegible]

ကြော်ငြာ

မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတား အသုံးပြုခကောက်ခံခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်

၁။ မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်းအသုံးပြုခ ကောက်ခံရေးဂိတ် ၁၇ ခုနှင့် တံတားအသုံးပြုခ ကောက်ခံရေးဂိတ် ၁၁ ခုတို့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ၁-၄-၂၀၁၃ရက်မှ ၃၁-၃-၂၀၁၄ရက်အထိ လမ်း/တံတား အသုံးပြုခ ကောက်ခံခြင်းလုပ်ငန်းလိုင်စင် (၁)နှစ် လုပ်ကိုင်ခွင့်ကို အောက်ဖော်ပြပါအတိုင်း လေလံစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်-

(က) လေလံတင်ရောင်းချမည့် လမ်းဂိတ်များ

စဉ်	ခရိုင်	မြို့နယ်	လမ်းဂိတ်အမည်
၁။	မင်းဘူး	မင်းဘူး	မင်းဘူး(၁)ဂိတ် မင်းဘူး-ပဒါန်း-အမ်း-တပ်တောင်လမ်း
၂။	မင်းဘူး	ငဖဲ	ပဒါန်း(၁)ဂိတ် မင်းဘူး-ပဒါန်း-အမ်း-တပ်တောင်လမ်း
၃။	မင်းဘူး	ငဖဲ	ပဒါန်း(၂)ဂိတ် ပုသိမ်-မုံရွာလမ်း
၄။	ဂန့်ဂေါ	ဂန့်ဂေါ	ဂန့်ဂေါဂိတ် မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်း
၅။	မကွေး	မကွေး	မြို့သစ်(ကံပြား)ဂိတ် (၇၉/၄) နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေးလမ်း
၆။	မကွေး	မကွေး	နတ်မောက်(ကံပြား)ဂိတ် (၉၁/၄) ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကံပြား-မကွေးလမ်း
၇။	မကွေး	မြို့သစ်	မြို့လုလင်ဂိတ် (၄၅/၃) နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေးလမ်း
၈။	မင်းဘူး	စလင်း	စလင်း-ကံပြားဂိတ် ပုသိမ်-မုံရွာလမ်း
၉။	ပခုက္ကူ	ဆိပ်ဖြူ	ကံဇွန်းမဂိတ် ပုသိမ်-မုံရွာလမ်း
၁၀။	ပခုက္ကူ	ပေါက်	ရေပြာဂိတ် ပုသိမ်-မုံရွာလမ်း
၁၁။	ပခုက္ကူ	မြိုင်	မြိုင်(၁)ဂိတ် ပုသိမ်-မုံရွာလမ်း
၁၂။	ပခုက္ကူ	မြိုင်	မြိုင်(၂)ဂိတ် ပခုက္ကူ-မြိုင်လမ်း
၁၃။	မကွေး	တောင်တွင်းကြီး	ချောင်းနက်ဂိတ် တောင်တွင်းကြီး-တောင်ညို-ပျဉ်းမနားလမ်း
၁၄။	မင်းဘူး	စလင်း	တညောင်ဂိတ် မင်းလှ-ကနီ-မင်းဘူး-တညောင်-ဆိပ်ဖြူလမ်း
၁၅။	သရက်	ဆင်ပေါင်ဝဲ	ကိုးပင်လမ်းဂိတ် ကိုးပင်-သာဂရလမ်း
၁၆။	မကွေး	နတ်မောက်	မြို့သစ်(နတ်မောက်)ဂိတ် (၂၅/၇) တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်း
၁၇။	ပခုက္ကူ	ပခုက္ကူ	ပခုက္ကူ(မြစ်ခြေ)ဂိတ် ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်း

(ခ) လေလံတင်ရောင်းချမည့်တံတားဂိတ်များ

စဉ်	ခရိုင်	မြို့နယ်	တံတားဂိတ်အမည်
၁။	သရက်	မင်းတုန်း	ကန်လည်တံတား(စီမံကိန်း) ပုသိမ်-မုံရွာလမ်း
၂။	မင်းဘူး	မင်းဘူး	မန်းချောင်း(ဥယျာဉ်)တံတား (သာမန်) ပုသိမ်-မုံရွာလမ်း
၃။	မကွေး	မြို့သစ်	ယင်းချောင်း(မြို့သစ်)တံတား(သာမန်) နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြားလမ်း
၄။	မကွေး	နတ်မောက်	ကျားထူးချောင်းတံတား (သာမန်) နတ်မောက်-ပျော်ဘွယ်လမ်း
၅။	သရက်	မင်းလှ	ရွှေချောင်းတံတား (သာမန်) ပုသိမ်-မုံရွာလမ်း
၆။	မင်းဘူး	မင်းဘူး	မဲဇလီတံတား (သာမန်) ပုသိမ်-မုံရွာလမ်း
၇။	မင်းဘူး	စလင်း	နွယ်တမယ်တံတား(စီမံကိန်း) မင်းလှ-ကနီ-မင်းဘူး-တညောင်-ဆိပ်ဖြူလမ်း
၈။	ဂန့်ဂေါ	ဂန့်ဂေါ	မြစ်သာမြစ်ကူး(စိုင်ဒူး)တံတား(သာမန်) မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်း
၉။	သရက်	မင်းလှ	ချောင်းကောက်တံတား(သာမန်) သရက်-မင်းလှလမ်း
၁၀။	သရက်	ကံမ	မင်းတုန်းချောင်းတံတား(သာမန်) သရက်-ကံမလမ်း
၁၁။	မကွေး	နတ်မောက်	ယင်းချောင်းတံတား(နတ်မောက်)(သာမန်) တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်း

(ဂ) မဲစနစ်လေလံရောင်းချမည့်ရက်/အချိန် - ၂၀-၃-၂၀၁၃ ရက် နံနက် ၉း၃၀ နာရီ

(ဃ) မဲစနစ်လေလံတင်ရောင်းချမည့်နေရာ - မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံး၊ အစည်းအဝေးခန်းမ၊ မကွေးမြို့။

၂။ စိတ်ပါဝင်စားသူများ လေလံနှင့်ပတ်သက်၍ လေလံစည်းကမ်းချက်အသေးစိတ်အား မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံးတွင် ကြည့်ရှုနိုင်ကြောင်းနှင့် လျှောက်လွှာတင်သွင်းလွှာများကို ၁၈-၃-၂၀၁၃ ရက် ညနေ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ အင်ဂျင်နီယာမှူးကြီးရုံးတွင် တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

လေလံကြီးကြပ်ရေးကော်မတီ
မကွေးတိုင်းဒေသကြီး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား ... [illegible] ...

တင်ဒါအမှတ်- ၇၉/မမ/(CE) 2012-2013

(က) ... 84'-10" PC Girder Bench & Assembly (2-Bed 1-Set) ...
(ခ) 84'-10" PC Girder (20-Nos) ...
(ဂ) 84'-10" PC Girder (20-Nos) Launching ...
(ဃ) 5x 85'-6" RC Slab ...
(င) ... [illegible]
... ၁၅. ၃. ၂၀၁၃ (...)(၁၂း၀၀)နာရီ

၂။ ... (၄ - ၃ - ၂၀၁၃) ... [illegible]

... [illegible] ... ဖုန်း - 294352,291994

ခေါ်စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ အောင်ဆန်း(၃)၊
ကျောက်ဖူးရပ်ကွက်နေ (ဦးမောင်မောင်)-ဒေါ်ကြည်တို့၏ သားထွေး

ဒုရဲအုပ် လှထွန်းနိုင် B.Sc (Zool)

ရမည်းသင်းရဲတပ်ဖွဲ့စခန်း

နှင့်

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ကျောင်းတိုက်စုရပ်ကွက်နေ
ဦးလှကျော်-(ဒေါ်မမလေး)တို့၏ သမီး

မမေဇင်သန့်(ခ)မထွေး

လန်းဆန်းသောက်ရေသန့်နှင့် အမေထွေးခန်းမ

တို့သည် ၂၂-၂-၂၀၁၃ရက်တွင် နှစ်ဖက်သော မိတ်ဆွေသင်္ဂဟ သားချင်းများနှင့်တကွ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

[illegible]

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တပ်ကုန်းမြို့နယ်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၉

ကိုဝင်းသန်း **တရားလို** **နှင့်** ၁။ ကိုမြင့်နောင်၊ ၂။ မမူမူ **တရားပြိုင်များ**

တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ နယ်မြေ(၈)နေ (၁) ကိုမြင့်နောင် (ဘ) ဦးသန်း၊ (၂) မမူမူ (ဘ) ဦးမောင်မောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ကိုဝင်းသန်းက ငွေ ၁၆၈၃၅၀၀/- ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၁၉ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ညွန့်ညွန့်ဝင်း)
မြို့နယ်တရားသူကြီး
တပ်ကုန်းမြို့နယ်တရားရုံး

OASIS
Dream
၀၉-၅၀၁၂၄၅၂၊ ၀၉-၅၀၇၅၆၁၂၊ ၀၉-၅၀၁၂၃၃၆
ဉာဏ်နှစ်သစ်မွေး
၀၉-၅၁၁၇၂၂၆

မွေးသက္ကရာဇ်မှန်

မိုင်းဖြတ်မြို့၊ ကွက်သစ်ရပ်ကွက်နေ ဦးကျော်အေး ၁၃/မဖန(နိုင်)၀၀၇၂၉၈ ၏ မွေးသက္ကရာဇ် အမှန်မှာ ၁၉-၆-၁၉၅၃ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၆ယ/၁၉၆၂၂ Honda Wave ယာဉ်လက်ဝယ်ရှိသူ ဦးကျဆော ၁၃/မပတ(နိုင်)၀၃၆၀၆၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(ပြည်နယ်ရုံး)၊ ကျိုင်းတုံ**

လူပျောက်ကြော်ငြာ

အထက်ပါ ဓာတ်ပုံရှင် မအေးခိုင်(ထားဝယ်)သည် အမှတ်(၉၈)၊ ဝေဇယန္တာဥယျာဉ်၊ ရိပ်သာ(၅)လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေအိမ်မှ ထွက်ခွာသွားပြီး ပျောက်ဆုံးသွားသည့်အတွက် လူပျောက်အဖြစ် သဃ်န်းကျွန်းရဲစခန်းတွင် တိုင်ကြားအသိပေးထားပြီးဖြစ်ပါကြောင်းနှင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဆက်သွယ်ရန်- ဦးအောင်ကျော်သက် ဖုန်း-၀၉-၅၀၁၆၆၁၀**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၈၊ မြေကွက်အမှတ် ၅၈ အမည်ပေါက် ဦးမင်းတင် ၁၂/ဗဟန(နိုင်)၀၅၇၇၂၆က မြေချပါမစ်မိတ္တူမှန် ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါပစ်မိတ္တူမှန် ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/က၊ မြေကွက်အမှတ် ၁၁၂/ခ၊ မြေကွက်တည်နေရာအမှတ်(၁၁၂/ခ)၊ မောင်းမကန်ကမ်းသာလမ်း၊ (၂၀/က)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဒေါ်မြင့်မြင့်ကြည် W/RGN-004293 အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် မိခင် ဒေါ်မြင့်မြင့်ကြည်၊ ဖခင် ဦးကျော်ဝင်း ကွယ်လွန်သဖြင့် ဒေါ်စိုးစိုးကြည် ၁၂/ဒဂတ(နိုင်)၀၄၄၇၉၅က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဒေါ်စိုးစိုးကြည်ထံမှ Gp-၁၆၄၉၅/၁၀-၁၀-၁၂ရသူ ဦးအောင်ခိုင် ၇/ရကရ(နိုင်)၁၀၀၀၃၇ က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၃၀

ဒေါ်ခင်မြင့်(ခ)ကျမ်းကျင်းကြီ **နှင့်** ဒေါ်ရင်မေ(ခ)ရန်မေ
တရားလို **တရားပြိုင်**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ သီရိမင်္ဂလာလမ်း၊ အိမ်အမှတ် ၄၆(ခ)/၆နေ (ယခုနေရပ်လိပ်စာမသိ) ဒေါ်ရင်မေ(ခ)ရန်မေ သိစေရမည်။

သင့်အပေါ်၌ တရားလိုက စုကြေးငွေကျပ် ၉၉၂၅၀၀၀၀နှင့် နိုင်ငံတော်မှ သတ်မှတ်သော အတိုးနှင့်နစ်နာကြေးငွေရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၁၈ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၇ရက်) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှသောင်းရီ)
ဒုတိယခရိုင်တရားသူကြီး(၂)
တောင်ကြီးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၅၂စီ (မင်းဘောစမ်းကွင်း) မြေကွက်အမှတ် -၁၁ B³၊ ဧရိယာ ၁ဒသမ၀၀၈ကေရှိ နှစ် ၆၀စက်မှုဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၁-B³)၊ အမှတ် (၄)လမ်းမကြီး၊ မင်းဘောစမ်းကွင်း၊ ရွှေပြည်သာမြို့နယ်ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်ကြသူ ဦးဇော်မင်းထွန်းနှင့် ဒေါ်ခင်မာအေးတို့ထံမှလည်းကောင်း၊ မြေကွက်အမှတ် ၁၁-A၊ ဧရိယာ ၂ဒသမ၀၀၈ကေရှိ နှစ် ၆၀စက်မှုဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၁-A)၊ အမှတ်(၄) လမ်းမကြီး၊ မင်းဘောစမ်းကွင်း၊ ရွှေပြည်သာမြို့နယ်ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သန်းသန်းလွင်က အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၈၃၃၉/၂၀၁၀ကို လွှဲအပ်ခံရထားရသူ ဦးဇော်မင်းထွန်းထံမှလည်းကောင်း၊ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်များနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါပစ္စည်း၏ တရားဝင်အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသက်ထွန်း (စဉ်-၃၅၅၇) B.A (Law), LL.B
ဒေါ်ကြည်ကြည်ငွေ (စဉ်-၂၃၆၇) B.A (Law), LL.B

တရားလွှတ်တော်ရှေ့နေများ
အိသီရိမွန် LL.B
အထက်တန်းရှေ့နေ (စဉ်-၃၆၉၄၇)
အမှတ် (၆ စီ-၂)၊ ရန်ကင်းစင်တာကွန်ဒို၊ ဆရာစံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၅၆၈၁၂၊ ၀၉-၅၀၁၅၂၃၄၊ ၀၉-၅၀၃၁၂၃၄

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနုလမ်း၊ အမှတ် ၃၃ ဟု ခေါ်တွင်သော ရှစ်ထပ်တိုက်မှ ခုနစ်လွှာ(ဘီ)၊ အကျယ်ပေ(၂၅×၆၅)ရှိ ရေ၊ မီး၊ ဆမ္ဗမီတာပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အရပ်ရပ်အကျိုးခံစားခွင့်များကို ကျွန်ုပ်၏မိတ်ဆွေက တရားဝင်ပိုင်ဆိုင်ကြောင်းအဆိုရှိသူ ဒေါ်မြင့်မြင့်အေး ၇/ကတခ(နိုင်)၀၀၄၅၀၈ ထံမှ ဝယ်ယူရန် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေပြီးဖြစ်သည်။

မည်သူမဆို အထက်ပါတိုက်ခန်းအား လွှဲပြောင်းရောင်းချခြင်းအပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံသို့ အထောက်အထားအခိုင်အမာဖြင့် တရားဝင်လာရောက်ကန့်ကွက်နိုင်သည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

ညွှန်ကြားချက်အရ-

ဒေါ်မေငြိမ်းကျော် LL.B (စဉ်-၂၃၈၉၈)
ဒေါ်သူဇာအောင် LL.B, D.B.L, D.I.L (စဉ်-၂၆၀၈၀)
အထက်တန်းရှေ့နေများ

ဓနဖြူ-ဦးမြင့်အောင်
B.A (Law), LL.B(စဉ်-၂၂၇၇)
Advocate & Legal Consultant

ရုံးအမှတ် ၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ MAC TOWER၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၉-၅၁၇၈၇၆၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဦးကျော်စွာဦး ၁၂/ဒဂန(နိုင်)၀၁၂၅၉၇၊ နေပြည်တော်နေထိုင်သူသည် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ညောင်ပင်ကြီးစု၊ အမှတ်(၉၈)၊ အလျားပေ ၆၀ × အနံပေ ၆၀ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိခံစားခွင့်များကို ကျပ် ၅၅ သိန်းဖြင့် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်မူက ဝယ်ယူရန်သဘောတူခဲ့ပါသည်။ အထက်ဖော်ပြပါစာချုပ်မူရင်းများနှင့် ယင်းမြေကွက်ကို ဒေါ်တင်တင်မူလက်ရောက် ရယူပြီးဖြစ်ပါသည်။

ဦးကျော်စွာဦးသည် ဦးတင်ဆန်းထံမှ အထက်ဖော်ပြပါမြေကွက်ကို ၁၃-၇-၂၀၁၀ရက်တွင် ကျပ် ၅၅ သိန်းဖြင့်ဝယ်ယူခဲ့ပါသည်။ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်ထားသူတစ်ဦးဖြစ်ကြောင်း ကျမ်းကျိန်ခဲ့ပါသည်။ ဖော်ပြပါအိမ်ခြံမြေနှင့်ပတ်သက်၍ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ အမွေစားအမွေခံပေးကမ်းခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်းကင်းရှင်းကြောင်း ရောင်းသူက ဝန်ခံကတိပြုပါသည်။ အရှုပ်အရှင်းပေါ်ပေါက်လာပါက မိမိစရိတ်ဖြင့် ဖြေရှင်းပေးမည်ဖြစ်ကြောင်း ရောင်းသူက ဝန်ခံပါသည်။ ကန့်ကွက်လိုသူများအနေဖြင့် စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်စေ့ရောက်သည့်နေ့ နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မည်သည့်ကန့်ကွက်လွှာမဆို လုံးဝလက်မခံပါကြောင်း အသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသာလှိုင် LL.B အထက်တန်းရှေ့နေ (စဉ်-၁၉၅၅၆)
အမှတ် ၆၁၅/ခ၊ မိုးစန္ဒာ(၁)လမ်း၊ ၂၆-ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ကိုယ်တွေ့အကျိုးဆောင်ပညာရှင်
ကြည်စိုး I.C
၀၉-၇၃၃ ၂၃၆ ၂၆၁ (အိမ်ခြံမြေ)

တစ်ဦးတည်းဖြစ်ပါကြောင်း

အထက(၁)၊ သဃ်န်းကျွန်းမှ အလယ်တန်းပြဆရာမ ဒေါ်မြင့်မြင့်စိန် ၇/၀မန(နိုင်)၀၀၃၇၂၉၏ဖခင် ဦးလှထွန်း(ခ)ဦးအေးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်မြင့်မြင့်စိန် ၇/၀မန(နိုင်)၀၀၃၇၂၉

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
စစ်ကိုင်းမြို့နယ် နယ်တရားမရုံး၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၀

ဒေါ်အေးအေးခင် **နှင့်** ၁။ ကိုမျိုးထွန်း
၂။ ဒေါ်သန်းသန်းမြင့်
တရားလို **တရားပြိုင်များ**

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်နေ ကိုမျိုးထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အပ်နှံထားသည့် ငွေကျပ်သိန်း ၃၀ တိတိရလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၁၁ရက် (၁၃၇၄ ခုနှစ် တပို့တွဲလကွယ်နေ့) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးဝေဠုထွန်း
ဒုတိယမြို့နယ်တရားသူကြီး
စစ်ကိုင်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၃)ရပ်ကွက်၊ သဇင်(၃)လမ်း၊ အမှတ်(၆၉)နေ ဦးရဲထွဋ်ဝင်း ၁၂/မဂတ(နိုင်)၀၀၀၉၄၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊(၃)ရပ်ကွက်၊ စံပါယ်ဖြူလမ်း၊ အမှတ်(၁၄၀)ဟုခေါ်တွင်သော အလျား၁၅ × အနံပေ၅၀ မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးထွန်းမြင့် ၁၂/ဥကမ(နိုင်)၁၁၃၀၅၀က တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အဆိုပါအိမ်ခြံမြေအားအပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဦးရဲထွဋ်ဝင်းမှ စရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေပြီးဖြစ်ပါသည်။ ယင်းအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာတွင်ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးအာကာဝင့်ဇော် LL.B
အထက်တန်းရှေ့နေ (စဉ်-၂၅၅၉၄)

ဒေါ်အိရွှေစင် LL.B,Dip in Business Law
အထက်တန်းရှေ့နေ (စဉ်-၃၄၇၄၂)

အမှတ်(၁၃၂)၊ ဦးအောင်ဇေယျ ၂ လမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊
မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၃၁၂၁၅၂၆

ဦးသက်တင်သိရှိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ မိုးစန္ဒာလမ်း၊ အမှတ် ၇၀၅က/ခ၊ မြေအကျယ်ပေ (၄၀×၆၀)ဟုခေါ်တွင်သော ဦးတင်အောင်နှင့် ဒေါ်စောသာလှ အမည်ပေါက်မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်မိုးမှဝယ်ယူရန် ဦးသက်တင်သို့ ထိုက်သင့်သည့် စရန်ငွေပေးချေထားပြီး ဦးသက်တင်မှ အပြီးသတ်ငွေချေရန် သတ်မှတ်ရက်ကျော်လွန်သည့်တိုင် လာရောက်ခြင်းမရှိ၍ ဤကြော်ငြာစာပါရှိသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ အမြန်ဆုံးဆက်သွယ်ပါရန်နှင့် ကန့်ကွက်လိုသူများရှိပါကလည်း ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်း လာရောက်မှုမရှိခဲ့ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်တင်တင်မိုး
၁၂/ဒဂတ(နိုင်)၀၀၅၆၃၈

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘုန်းကျော် LL.B
အထက်တန်းရှေ့နေ (စဉ်-၇၀၅၇)
အခန်း ၀၅၊ ရှေ့နေများရုံးခန်း၊
မြို့နယ်တရားရုံးဝင်း၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၄၃၀၃၉၉၇၇

ကျေးဇူးတင်ရှိခြင်း
Mr. Charles Hugill Allworth
ဦးချာလီ (ရွှေကူ)
အသက် (၈၆)နှစ်

၉-၂-၂၀၁၃ရက် (စနေနေ့)တွင် အင်္ဂလန်နိုင်ငံ၌ ကွယ်လွန်သွားခဲ့သော ဦးချာလီ(ရွှေကူ)၏ နာရေးကိစ္စအဝဝနှင့် မကွယ်လွန်မီနှင့် ကွယ်လွန်ပြီးချိန်အထိ အဘက်ဘက်မှ ဝိုင်းဝန်းကူညီမေးမြန်းကြပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်လှလှမြင့် (ပြည်)
အသက် (၈၂)နှစ်

ဒေါက်တာဦးသန်းထွန်း (ဆေးရုံအုပ်ကြီး၊ ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်း)-ဒေါက်တာဒေါ်နွယ်နီသိန်း၏မိခင် ဒေါ်လှလှမြင့်သည် ၂၈-၂-၂၀၁၃ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

(ခွဲစိတ်ကုသဆောင်)
ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်း

ဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းတင် (ညွှန်ကြားရေးမှူး၊ ငြိမ်း)
ရန်ကုန်တိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အသက် (၈၁)နှစ်

ခင်မင်ရပါသော သူငယ်ချင်း ဒေါက်တာမြသူဇာ (တွဲဖက်ပါမောက္ခ၊ ပြည်တက္ကသိုလ်)နှင့် Capt ဦးထွန်းနီတို့၏ဖခင် ဦးထွန်းတင်သည် ၂၇-၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာခင်ချိုတင်၊ ဒေါက်တာသီဂီရွှေ(အရှေ့ပိုင်း)၊ ဒေါက်တာမျိုးမျိုးမြတ်(ပုသိမ်)၊ ဒေါက်တာဆွတ်ဆွတ်နိုင်(စင်ကာပူ)၊ ဒေါက်တာစန္ဒာခါ(ပဲခူး)၊ ဒေါက်တာမြင့်မြင့်မေ(စစ်တွေ)

မြေငှားစာချုပ်ပျောက်ဆုံးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၃)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အမှတ် ၆၇၂-က မြေကွက်ကို အမည်ပေါက် ဒေါ်အေးသိန်း ၁၂/တမန(နိုင်)၀၂၄၂၆၅ ထံမှ မြေကွက်နှင့်တကွ အကျိုးခံစားခွင့်များကို ဝယ်ယူလက်ဝယ်ထားရှိရာမှ မြေငှားစာချုပ်ပျောက်ဆုံးသွားပါသဖြင့် ရရှိထားသူများသည် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ပေးပို့ပါရန် သိစေအပ်ပါသည်။

ဒေါ်ထွေးရီ ၁၂/တမန(နိုင်)၀၂၄၁၃၀
အမှတ် ၁၆၄၉-ခ၊ စပွါယ်မြိုင်လမ်း၊ (၅၃)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါသည်

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော အိမ်ရာနှင့် ယာယီမြေရှင်တိုက်ခန်းအား မူလအမည်ပေါက်၊ ကန်ထရိုက်တာထံမှ ဝယ်ယူထားသူက အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် တင်ပြလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးစံထွန်း ၁၂/စခန(နိုင်)၀၄၈၉၉၉ (မှ)	ဒေါ်အေးအေးမြင့် ၁၂/စခန(နိုင်)၀၃၈၀၅၅	အခန်းအမှတ် (၁/ဒီ)၊ ရွှေကိန္နရီအဆင့်မြင့်အိမ်ရာ၊ ကမာရွတ်
၂။	ဦးခင်မောင်လတ်(LC-၂၀၆) ၁၂/ကတတ(နိုင်)၀၂၂၃၆(မှ)	ဦးလင်းထွဋ်မောင် ၁၂/လမတ(နိုင်)၀၀၀၉၈၅	အမှတ်(၁၀၄/၁၁၀)၊ အခန်း (၂၇)၊ တ-ထပ်၊ (၃၉)လမ်း၊ ကျောက်တံတား။
၃။	ဦးကျော်ဝင်း(LC-၃၂၈) MYGN-037757 (မှ) ဦးခင်မောင်ဝင်း ၁၂/တမန(နိုင်)၀၈၃၀၄၉ (မှ)	ဒေါ်မြင့်ဝင်းရင် ၉/မမန(နိုင်)၀၂၈၈၇၈	အမှတ် (၁၄၄)၊ လေးလွှာ(ယာ)၊ (၂၇) လမ်း၊ ပန်းဘဲတန်း။
၄။	ဦးတင်မောင်ဝင်း(C-L-၀၃) ၁၂/လမတ(နိုင်)၀၁၅၉၅၄(မှ) ဒေါ်ဟောစုချင့်(Haw Su Chint) ၁၃/နမတ(ပြု)၀၀၀၀၁၉ (မှ)	ဦးဘညွန့် ၁၂/မရက(နိုင်)၁၁၈၆၂၄	အမှတ် (၂၀၄)၊ ခြောက်လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်။
၅။	ဦးမောင်မောင်ဝင်း ၁၂/ကတတ(နိုင်)၀၁၆၆၁၈ (မှ)	ဦးမောင်မောင်စိန် ၁၂/ကတတ(နိုင်)၀၁၆၆၁၉	အမှတ် (၁၈၃/၁၈၅)၊ အခန်းအမှတ် (၃)၊ ပ-ထပ် ၃၇လမ်း၊ ကျောက်တံတား။
၆။	ဦးသန်းလွင်(ကွယ်လွန်) ၁၂/ဗဟန(နိုင်)၀၅၁၄၃၁ (ဇနီး) ဒေါ်မူမူအေး ၁၂/ဗဟန(နိုင်)၀၅၀၂၆၄(မှ)	ဒေါ်ခင်မာဝင်း ၁၀/မလမ(နိုင်)၀၂၄၇၁၉	တိုက်(၂)၊ အခန်း (၆၁)၊ ရွှေဂုန်ရိပ်မွန်အိမ်ရာ၊ ဗဟန်း။
၇။	ဒေါ်ကေဇင်ဝင်း ၇/ဝမန(နိုင်)၀၉၆၀၉၉(မှ)	ဒေါ်ညိုညိုသန်း ၁၂/ရပသ(နိုင်)၀၁၈၀၆၀	တိုက် (၃)၊ အခန်း (၆၀)၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)

ပြည်တွင်းသတင်းနှင့်မှုခင်း

ဘတ်စ်ကား ၁၃၇စီး တင်သွင်းရောင်းချခွင့်ပြုမည်

ရန်ကုန် မတ် ၄

ရန်ကုန်မြို့တော်နေ ပြည်သူများ ခရီးသွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် CNG သုံး ဘတ်စ်ကားစီးရေ ၁၃၇ စီးကို တင်သွင်းရောင်းချခွင့်ပြုသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၈ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီအစည်းအဝေး(၁/၂၀၁၃) သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ ဘတ်စ်ကားများကို ရန်ကုန်မြို့တော် အများပြည်သူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့၏ ကြီးကြပ်မှုဖြင့် ရောင်းချခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဘတ်စ်ကားများကို မော်တော်ယာဉ်လိုင်းများတွင် ပါဝင်ပြေးဆွဲနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ရန်ကုန်မြို့တော် အများပြည်သူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ အနေဖြင့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စေရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဘတ်စ်ကားအသစ်များ ထပ်မံဖြည့်ဆည်း ပြေးဆွဲပေးရန် စီစဉ်ဆောင်ရွက်နေကြောင်းသိရသည်။

မောင်နွေသစ်(မြန်မာ့အလင်း)

မချမ်းဘောမြို့နယ် ကောင်းမှုလုံစေတီ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

ပူတာအို မတ် ၄

"အထက်မှာ ကောင်းမှုလုံ၊ အလယ်မှာရွှေစည်းခုံ၊ အောက်မှာ ရွှေတိဂုံ" ဟူသည့် ဗုဒ္ဓဘာသာဝင် မြန်မာတို့၏ အထွတ်အမြတ်ထား ပူဇော်ရာ ကောင်းမှုလုံစေတီတော်မြတ်ကြီးသည် ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ မချမ်းဘောမြို့နယ်အတွင်း၌ ကိန်းဝပ်တည်ရှိတော်မူသော ရှေးဟောင်းသမိုင်းဝင်အထူးခြားဆုံး ဆုတောင်းပြည့်စေတီတော်ကြီးတစ်ဆူဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် ကောင်းမှုလုံ စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို ခရိုင်/မြို့နယ် ဌာနဆိုင်ရာများနှင့်ဘုရားဂေါပကအဖွဲ့တို့က ကြီးမှူး၍ ဖေဖော်ဝါရီ ၂၄ ရက်တွင် စေတီတော်မြတ်ကြီးအား မသိုးသင်္ကန်းများ ယှဉ်ပြိုင်ရက်လုပ်ပူဇော်ခြင်း၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ ဆွမ်းတော်ကြီး ကပ်လှူခြင်း၊ ဖေဖော်ဝါရီ ၂၅ရက်တွင် လှေပြိုင်ပွဲ၊ မြင်းပြိုင်ပွဲ၊ ထမနဲထိုးပြိုင်ပွဲ ကျင်းပ၍ ဆုချီးမြှင့်ခြင်း၊ မလိခမြစ်အတွင်း ကြာဆီမီးခွက် ၁၀၀၀ နှင့် ရှင်ဥပဂုတ္တဖောင်တော် ရေမျှောပူဇော်ခြင်း၊ ဖေဖော်ဝါရီ ၂၆ ရက်နံနက် ၉ နာရီတွင် သံဃာတော် အပါး ၄၀ အား ဆွမ်းဆန်စိမ်း လောင်းလှူခြင်း ပြုလုပ်ပြီး လှူဒါန်းမှုအစုစုတို့ကို ရေစက်ချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

(ခရိုင်/ပြန် ဆက်)

နေပြည်တော် မတ် ၄

မော်လမြိုင်(ထားဝယ်) အသင်းက ကြီးမှူးကျင်းပသော (၂၉)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်က မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက် ချမ်းသာခန်းမ၌ ကျင်းပရာ ရှေးဦးစွာအပူဇော်ခံ အသက်(၇၅)နှစ်အထက် အဘိုးအဘွား၁၁ဦး အား မော်လမြိုင်(ထားဝယ်) အသင်း အမှုဆောင်များနှင့် အသင်းဝင်များက ပူဇော်ကန်တော့ကြပြီးအပူဇော်ခံ ဘိုးဘွားတစ်ဦးလျှင်ငွေကျပ်၅၅၀၀၀ နှင့်ထောက်ပံ့ပစ္စည်းများ လှူဒါန်းကြသည်။ **(ယာပုံ)**

ဆက်လက်၍ (၂၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကိုကျင်းပရာ အသင်းအတွင်းရေးမှူးက အသင်း၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ၂၀၁၂ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ကျင်းပရာ ရန်ကုန်-မော်လမြိုင်-ထားဝယ်- မြိတ်များသို့ ခရီးသည်

(၂၉) ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

တင် ပြေးဆွဲလျက်ရှိသော သီဟမင်း၊ ကြယ်စင်ဟိန်းနှင့်မင်းထက်ဟိန်းယာဉ်လိုင်းမိသားစုမှ ဦးစိန်မြင့်-ဒေါ်ညွန့်တင်(ကျောင်းအုပ်ကြီး-ငြိမ်း) တို့က ထူးချွန်ဆုရ ခြောက်ဘာသာ ဂုဏ်ထူးရှင်တစ်ဦးအား လည်းကောင်း၊ ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာနှင့်တစ်ဘာသာ ဂုဏ်ထူးရှင်များအား ဂိတ်တာဝန်ခံများကလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် အမှုဆောင်သစ်ကို ရွေးချယ်ရာ ဥက္ကဋ္ဌအဖြစ် ဦးစွန်စိမ်း နှင့် အတွင်းရေးမှူး ဦးကြည်ဝင်း ဦးဆောင်သော အမှုဆောင် ၁၆ ဦး ကိုရွေးချယ်တင်မြှောက်ခဲ့ကြသည်။

(သတင်းစဉ်)

စကားများရန်ဖြစ်ရာမှ ဓားထိုးမှုဖြစ်ပွား

တောင်ငူ မတ် ၄

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ရွာသစ်ကျေးရွာ အုတ်ဖိုကျေးရွာအုပ်စု အနီးတွင် ဖေဖော်ဝါရီ၂၆ရက် ညနေ ၃ နာရီခွဲက ဓားထိုးမှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ဇော်နိုင်ဦး ၃၅နှစ် အရှေ့ဇီးကုန်းကျေးရွာ အုတ်တွင်းမြို့နယ်နေသူနှင့် မောင်ဇော် ၃၇ နှစ် ရေလျှံရွာ အုတ်တွင်းမြို့နယ်နေသူတို့သည် ဖရဲသီးအရောင်းအဝယ် လုပ်ငန်းကိစ္စနှင့်ပတ်သက်၍ စကားများရန်ဖြစ်ပြီး မောင်ဇော်က အသင့်ပါလာသော ဓားမြှောင်ဖြင့်ထိုးရာ ဇော်နိုင်ဦး၏ချက်ပေါ်ဝမ်းဗိုက် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဝဲဘက်ချိုင်းအောက်ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိပြီး အုတ်တွင်းဆေးရုံ၌ အတွင်းလူနာအဖြစ်တက်ရောက် ကုသလျက်ရှိရာ ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၄နာရီခွဲခန့်တွင် သေဆုံးသွားသည်။ မောင်ဇော်အား အုတ်တွင်းမြို့နယ် ကွဲပွဲရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(၁၂၃)

တုန်ဖန်းကားတိမ်းမှောက် လေးဦးသေဆုံး၊ ၃၆ဦး ဒဏ်ရာရ

ဗန်းမော် မတ် ၄

ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအုပ်စု နတ်ခုတ်ကျေးရွာမှ ရွာသူရွာသားများသည် ရွှေကူမြို့နယ် စီင်နန်းကျေးရွာမှ မင်္ဂလာဆောင် အပြန် ကားတိမ်းမှောက်၍ လေးဦးသေဆုံးပြီး ၃၆ဦး ဒဏ်ရာရကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၂ရက် မွန်းလွဲ ၁နာရီ ၁၀မိနစ်က ရွှေကူမြို့နယ်စီင်နန်းကျေးရွာ မင်္ဂလာဆောင်မှ ကားဖြင့် ပြန်လာခဲ့စဉ် ယာဉ်မောင်း ကိုမျိုးကို မောင်းနှင်ပြီး လူ ၄၀ တင်ဆောင်လာသည့် တုန်ဖန်း(နံပါတ်မရှိ) နတ်ခုတ်ကျေးရွာ ကုန်းဆင်းအရောက်တွင် ဂီယာညှပ်၍ တိမ်းမှောက်သဖြင့် အမျိုးသမီးသုံးဦး သေဆုံးခဲ့ပြီး ၃၇ဦးဒဏ်ရာရရှိခဲ့သည်။ သေဆုံးသူနှင့် ဒဏ်ရာရသူများကို ဗန်းမော်ပြည်သူ့ဆေးရုံသို့ သယ်ယူပို့ဆောင်စဉ် အမျိုးသမီးတစ်ဦး ထပ်မံသေဆုံးခဲ့သည်။ သေဆုံးသူများမှာ နတ်ခုတ်ကျေးရွာတွင် နေထိုင်သော ဒေါ်ပွဲ ၄၃ နှစ်၊ ဒေါ်သေး ၃၅နှစ်၊ မအေးမွန် ၂၈နှစ်၊ မမိုးသဇင်ထွေး ကိုးလတို့ ဖြစ်ကြသည်။

သေဆုံးသူများနှင့်ဒဏ်ရာရသူများကို ဗန်းမော်ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်နှင့်မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်၊ ကြက်ခြေနီ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်သူများက လိုအပ်သည်များကို ကူညီပေးခဲ့ကြောင်း သိရသည်။ ယာဉ်တိမ်းမှောက်မှုနှင့်စပ်လျဉ်း၍ စင်းခန်းရဲတပ်ဖွဲ့စခန်းက ယာဉ်မောင်း ကိုမျိုးကို ၂၁နှစ်ကို ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဦးခင်ရီ)

မြေကွက်ဝယ်ယူထားသူများသိသာရန်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်းနှင့် အနံ့လုပ်ငန်းဇုန်တို့အား လုပ်ငန်းလိုအပ်ချက်အရ စီမံကိန်းဖော်ထုတ်ခဲ့ပြီး အဆိုပါလုပ်ငန်းများ ဇုန်အတွင်းသို့ စနစ်တကျပြောင်းရွှေ့နေရာချထား လုပ်ကိုင်ခွင့်ပြုခဲ့ပါသည်။ လုပ်ငန်းအများအပြား ပြောင်းရွှေ့အခြေချလုပ်ကိုင်ဆောင်ရွက်လျက်ရှိသဖြင့် ဇုန်အတွင်း လုပ်ငန်းများဖွံ့ဖြိုးလည်ပတ်လျက်ရှိပါသည်။ သို့ရာတွင် အချို့သောမြေကွက်ဝယ်ယူထားသည့် လုပ်ငန်းရှင်(မြေကွက်ပိုင်ရှင်)များသည် လာရောက်လုပ်ငန်းလုပ်ကိုင်ခြင်းမရှိဘဲ မြေကွက်လွတ်အတိုင်းထားရှိသည့်အတွက် ဇုန်သန့်ရှင်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများဖြစ်ပေါ်လျက်ရှိသည့်အပြင် မလိုလားအပ်သော ကျူးကျော်မှုများကိုလည်း ထိန်းသိမ်းနေရပါသည်။ ယင်းကိစ္စများကို ပေါင်းစပ်ညှိနှိုင်းနိုင်ရေး မြေကွက်ဝယ်ယူထားသူများအား မှုရင်းလျှောက်လွှာပါ လိပ်စာဖြင့် ဆက်သွယ်ခဲ့သော်လည်း အဆိုပါလိပ်စာတွင် နေထိုင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ သို့ပါ၍ လုပ်ငန်းရှင်များအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်နိုင်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန(မြို့တော်ခန်းမ)သို့ အမြန်ဆုံးလာရောက်ဆက်သွယ်ကြပါရန် အသိပေးနှိုးဆော်ပါသည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရွှေပြည်သာမြို့နယ်တရားရုံး

၂၀၁၃ ခုနှစ် တရားမကြီးအမှုအမှတ်-၁၃

ဦးရွှေမြ
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဦးဝေလင်းနိုင်)
အမှတ် ၁၃၄၊ ၂၃ လမ်း၊
(၈)ရပ်ကွက်၊လသာမြို့နယ်၊ ရန်ကုန်မြို့၊

နှင့်

၁။ ဒေါ်ကျင်မေ
၉၅-က၊ သရဖီလမ်း၊၅/၅ရပ်ကွက်
ရွှေပြည်သာမြို့နယ်၊ရန်ကုန်မြို့၊
(ယခုနေရပ်လိပ်စာမသိ)
၂။ ဦးသိန်းဝင်း
၃။ ဒေါ်ဆွေဆွေအုန်း
(အတူနေလင်မယား)
၉၅-က၊ ပတ္တမြားလမ်း၊ ၅/၅ရပ်ကွက်
ရွှေပြည်သာမြို့နယ်၊ရန်ကုန်မြို့၊

တရားလို **တရားပြိုင်များ**

အမှတ်(၁) တရားပြိုင် ဒေါ်ကျင်မေ(ယခင်လိပ်စာ)၊ အမှတ် ၉၅-က၊ သရဖီလမ်း၊ ၅/၅ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက အိမ်နှင့်မြေ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု စွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၂၂ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၁၁ရက်) သောကြာနေ့ မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းနိုင်ရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ ထွက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သက်သက်ဦး
တွဲဖက်မြို့နယ်တရားသူကြီး၊ ရွှေပြည်သာမြို့နယ်တရားရုံး

စက်ရေတွင်းမှာ ထိပ်တန်း

ဖုန်း-၀၉-၈၆၂၇၈၀၄







ကျန်းမာရေးဆောင်းပါးနှင့်ကြော်ငြာ

ဏ္ဍသရမူလီအကြောင်း သိကောင်းစရာ

ခေတ်မီဆေးသိပ္ပံနည်းပညာများဖြင့် ကုသရန်ခက်ခဲသောရောဂါများကိုပင်ပျောက်ကင်းစေနိုင်သော်လည်း၊ လိုအပ်သည်ထက် ပိုမိုစားသုံးမိပါက ဘေးထွက်ဆိုးကျိုးများလှသည့် ဏ္ဍသရမူလီ အပင်အကြောင်း မိတ်ဆက်ပေးလိုပါသည်။ Aristolochiaceae မျိုးနွယ်ဝင်ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Aristolochia indica (Linn) ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဆေးဖက်ဝင် Aristolochia မျိုးစိတ်ပေါင်း၅၀၀ကျော်ရှိကြရာဏ္ဍသရမူလီ၏ ထူးခြားချက်မှာ ရန့်အပြင်းဆုံးဖြစ်ပြီး အရွက်ခြောက်သွားသော်လည်း ရန့်ပြယ်လေ့မရှိပါ။ ဏ္ဍသရမူလီပေါက်ရောက်ရာ ဇာစ်မြစ်ဒေသသည်မုတ်သုံသစ်တောများတည်ရှိရာ အိန္ဒိယနိုင်ငံရှိ Kerala ဒေသနှင့် သီရိလင်္ကာတို့ဖြစ်သည်။ အိန္ဒိယဆေးလောကတွင် Iswarmul ဟုခေါ်ကြပြီး Hindi ဘာသာစကားဖြင့် Isharmul ဟူ၍ လည်းကောင်း၊ Sam skrit ဘာသာစကားဖြင့် Sunanda ဟူ၍လည်းကောင်း၊ အင်္ဂလိပ်လို Indian birthwort ဟူ၍လည်းကောင်း အမျိုးမျိုး ခေါ်ကြသကဲ့သို့ အပင်၏အမြစ်သည် မြွေဆိပ်ပြေစေနိုင်သဖြင့် Snakeroot ဟူ၍လည်း အလွယ်ခေါ်ကြသည်။ အရှေ့တောင်အာရှနိုင်ငံများဖြစ်သော မြန်မာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်း၊ တရုတ်နိုင်ငံများသာမက၊ သြစတြေးလျနိုင်ငံ၏ ဆိုလိုမွန်ကျွန်းဆွယ်နှင့် ကွင်းစ်လန်း ဒေသတို့တွင်လည်း ကျယ်ပြန့်စွာတွေ့မြင်ရသည်။

တိုင်းရင်းရိုးရာ ကုထုံးများအဖြစ် မလေးရှားနိုင်ငံတွင် အဖျားကျစေရန် အရွက်ကိုကြိတ်၍ဦးခေါင်းနှင့် နားထင်ကို လိမ်းပေးခြင်း၊ အင်ဒိုနီးရှားနိုင်ငံတွင် ဗိုက်နာဗိုက်အောင့်ခြင်းအတွက် အရွက်ကိုမီးမြှိုက်၍ ကပ်ပေးခြင်း၊ ဖိလစ်ပိုင်နိုင်ငံတွင် သွေးတိုးနှင့် ငှက်ဖျားရောဂါများအတွက် အရွက်ပြုတ်ရည်တိုက်ကျွေးခြင်း၊ တရုတ်နိုင်ငံတွင် ဖောရောင်ခြင်းဝေဒနာများအတွက်အရွက်သတ္တုရည် လိမ်းကျံခြင်း၊ တောင်အမေရိကတိုက်တွင် ဝမ်းနုတ်ဆေးနှင့်သွေးသန့်ဆေးများ ဖော်စပ်ခြင်းစသည်ဖြင့် အသုံးပြုကြသည်။

အိန္ဒိယနိုင်ငံတွင် မြွေ၊ ကင်းမြီးကောက်နှင့်အဆိပ်ရှိ သတ္တဝါအမျိုးမျိုးအကိုက်ခံရပါက ရိုးရာဆေးမြီးတိုအဖြစ် အရွက်များကိုကြိတ်ချေထောင်းထုကာ အကိုက်ခံရသော နေရာတစ်ဝိုက်တွင် အုံပေး၍သော်လည်းကောင်း၊ အရွက်သတ္တုရည် ၂၀ မီလီလီတာ ခန့်ကို ငရုတ်ကောင်းမှုန့်ဖြင့် ရောကာ တစ်နေ့ ခုနစ်ကြိမ်ခန့် လိမ်းပေး၍ သော်လည်းကောင်း၊ အရွက် ခုနစ်ရွက်ကို ငရုတ်သီး ခုနစ်တောင့်ဖြင့် ရောထောင်းကာ ၁၅ မိနစ်တစ်ကြိမ် လိမ်းပေး၍သော်လည်းကောင်း ကုသခြင်းဖြင့် အချိန်နှစ်နာရီအတွင်း အဆိပ်လုံးဝကင်းစင်ကာအသက်ချမ်းသာရာရစေသည်။ ထို့အပြင် အပင်၏အမြစ်ကို သွေးလိမ်းပေးခြင်းဖြင့် မြွေဟောက် အဆိပ်ကို တစ်မုဟုတ်ချင်း ပြေစေနိုင်၏။

အမြစ်ထဲတွင် ပါရှိသော Alcohol ဓာတ်ကို ကြွက်များဖြင့် စမ်းသပ်ကြည့်ရာ ကင်ဆာအကျိတ်များကြီးထွားလာမှုကို ဟန့်တားပေးနိုင်ကြောင်းတွေ့ရသည်။ အထူးသဖြင့် အပင်၏ မြေအောက်မြစ်လျှောက်ပင်စည်ပွား (အမြစ်ယောင်) ထဲတွင် ပါရှိသော အရစ္စတိုလိုခစ်အက်စစ်သည် ကင်ဆာရောဂါများကို တိုက်ထုတ်ပေးနိုင်ကြောင်း ၁၉၆၂ ခုနှစ်တွင် အမေရိကန်ဆေးသုတေသီများက အတည်ပြုနိုင်ခဲ့ကြသည်။

ကိုယ်တွင်း ကိုယ်ပ ရောင်ရမ်းနာ အမျိုးမျိုး၊ ကလေးငယ်များ ဝမ်းလျှောဝမ်းပျက်ခြင်းနှင့် မကြာခဏဖျားနာခြင်း၊ သည်းခြေ ဖောက်ပြန်ခြင်း၊ အဖျားကြီးခြင်းတို့အတွက် အရွက်ပြုတ်ရည်ကို တစ်နေ့သုံးကြိမ်

တိုက်ကျွေးပေးသင့်ပါသည်။

အစာမကြေ လေထိုး လေအောင့် ဗိုက်ကြောတင်းသော အခါ ရွက်ခြောက်မှုန့် နှစ်ဆ၊ ချင်းခြောက်မှုန့် တစ်ဆကို ရေနွေးနှင့်ရောသောက်၍လည်းကောင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်းတို့အတွက် အမြစ်သတ္တုရည်ကို ငရုတ်ကောင်းဖြင့် ရောစပ်သောက်၍လည်းကောင်း ချမ်းသာပျောက် ကင်းစေသည်။ အမြစ်ထဲတွင်ပါရှိသော အခါးဓာတ်က အစာအိမ်ကို ကောင်းကျိုးပြုသဖြင့် အစာအိမ် ရောဂါအမျိုးမျိုးအတွက် အမြစ်ပြုတ်ရည်ကို သောက်သင့်သည်။

နာတာရှည် ချောင်းဆိုးဝေဒနာရှင်များ၊ ပန်းနာရင်ကျပ်၊ ချောင်းခြောက်၊ လေပွွန်ပွခြင်း၊ အူထဲရှိ သံကောင်/ တုပ်ပြားကောင်များကို သေကျေပျက်စီးစေကာ ဘေး ထိုးရင်ကျပ်နာ၊ ကိုယ်တွင်းကိုယ်ပ အနာ (အိုင်းနာ)တို့အတွက် အရွက်ခြောက်မှုန့် တစ်ဂရမ်ကို တစ်နေ့လျှင် တစ်ကြိမ် သောက်သုံးပေးသင့်သည်။

မြန်မာ ဆေးမြီးတိုများအဖြစ် နှုတ်ခမ်း/ပါး/အာလေး လျှာလေး ဖြစ်လျှင် အမြစ်ကို လျှာပေါ် ပွတ်တိုက်၍ လျှာပွတ်ဆေးအဖြစ် အသုံးပြုလေ့ရှိသည်။

ဖျားနခြင်း၊ နှလုံးရောဂါများ၊ သွေးအားနည်းခြင်း၊ ဝဲနှင့်ယားနာ အမျိုးမျိုးနှင့် ရေဖျဉ်းရောဂါများ အတွက် အရွက်ခြောက် မှုန့် နှစ်ဂရမ်မှ လေးဂရမ်အထိ တစ်နေ့ နှစ်ကြိမ် သောက်ပေးနိုင်သည်။

အပင်ထဲတွင် ပါရှိသော ဓာတ်များသည် အင်တီဂလိုင်စမစ် အစွမ်းသတ္တိရှိခြင်းကြောင့် ကာယ/ ဉာဏ လှုပ်ရှားမှုကို လှုံ့ဆော်ပေးသော အာနိသင်ရှိခြင်း၊ ခံတွင်းပျက်၍ အစာစားလိုစိတ်ကုန်ခန်းခြင်းတို့ကို သက်သာ ပြေလျော့စေသည့်အပြင် သွေးသန့်ဆေးနှင့်ကာမရောဂါနှီးဆွ ဆေးအဖြစ် အသုံးဝင်သည်။

အဆစ်အမျက်အကြော အချဉ်ရောင်ရမ်းကိုက်ခဲခြင်းနှင့် ကိုယ်လက်ကိုက်ခဲ အဆစ်ရောင်နာများအတွက် အမြစ်မှုန့်၊ ဂျုံပြာနှင့် ဆားတို့ကို ဆတူရောကာ ရေနွေးဖြင့် သောက်သင့်သည်။

AD ၁ရာစုတွင် အိန္ဒိယနိုင်ငံ၌ အမျိုးသမီးများ ကလေးမီး ဖွားစဉ် သန္ဓေသား၏အချင်း အမြန်ကွာကျ၍ သားဖွားလွယ်စေရန် ဏ္ဍသရမူလီ သတ္တုရည်ကို မိခင်လောင်းအား တိုက်ကျွေးလေ့ရှိကြသည်။ မြန်မာ့တိုင်းရင်းဆေးများတွင် မီးယပ်ကွက်များ ပျောက်စေရန်နှင့် ဥတုသွေး မှန်စေရန်တို့အတွက် အရွက်ခြောက်မှုန့်၊ ငရုတ်ကောင်းမှုန့်နှင့် ဆားတို့ကို ရေနွေးရောစပ်ကာ သောက်စေပါသည်။

Antimicrobial အစွမ်းသတ္တိရှိခြင်းကြောင့် အမြစ်ကို ကြိတ်ချေ၍ ပျားရည်ဖြင့် ရောနယ်လိမ်း ပေးခြင်းဖြင့် ကိုယ်ရေပြား(အနာကြီး) ရောဂါများကို သက်သာစေသည်။

မြန်မာ့ ဆေးကျမ်းများတွင် ဂမ္ဘီရ ဆန်ဆန် နတ်၊ ဘီလူး၊ ပယောဂနိုင်သော အပင်ဖြစ်၍ တန်ခိုးရှိသော အပင်အဖြစ် ဖော်ပြထားပြီး ရုက္ခစိုးမှော်သွင်း၍ အဂ္ဂိရတ်ထွက်ရပ်ပေါက်ရာတွင်လည်း အပင်ကိုထည့်ပြီး ဖိုထိုးလေ့ရှိကြသည်။

အသီးထဲတွင် ပါရှိသော အစေ့များကို ကြိတ်ချေသောက်ပေးခြင်းဖြင့် အစာမကြေရောဂါ၊ အဖျားနှင့် အူသိမ်အူမရောဂါများကို ပျောက်ကင်းစေသည်။ ထို့အပြင်အိန္ဒိယနိုင်ငံတွင် အားဆေး၊ လေနိုင်ဆေးများ ဖော်စပ်ရာတွင် အမြစ်ကိုထည့်သွင်း အသုံးပြုလေ့ရှိသည်။

အမြစ်နှင့် ပင်စည်တို့ သည် ကျွဲ၊ နွား ဒေါင့်သန်းရောဂါများအတွက် အသုံးဝင်သည်။

အနောက်နိုင်ငံတွင် ကြွက်မများကို အပင်၏အမြစ်ထဲတွင် ပါရှိသော Alcoholic ဓာတ်ဖြင့် ခြောက်ကြိမ်တိတိ ဆေးထိုးစမ်းသပ်ကြည့်ရာ မျိုးသုဉ်းစေကြောင်း လေ့လာတွေ့ရှိရသည်။

အပင်ထဲတွင် အရစ္စတို လိုခစ်အက်စစ် ကြွယ်ဝခြင်းကြောင့် ခန္ဓာကိုယ် အလေးချိန် လျော့ကျခြင်းအတွက် အသုံးဝင်စေသည်မှာ မှန်သော်လည်း အမြောက်အမြား သုံးမိပါက ဘေးထွက်ဆိုးကျိုးများအဖြစ် အသည်းနှင့် ကျောက်ကပ်ကို အဆိပ်သင့်စေကာ ကျောက်ကပ်ရောင်၍ ပျက်စီးစေတတ်ကြောင်း၊ ဘယ်လ်ဂျီယံနိုင်ငံတွင် ၁၉၉၃ခုနှစ်၌ သုတေသနအဖြေ ထွက်ရှိခဲ့သည်။ ၂၀၁၂ ခုနှစ်၌ထိုင်ဝမ်တွင် ဆေးသုတေသနပြုလုပ်ခဲ့ရာ အပင်ထဲတွင် ပါရှိသော အရစ္စတိုလိုခစ်အက်စစ်သည် ဆီးလမ်းကြောင်းကင်ဆာနှင့် ပတ်သက်ဆက်နွယ်မှုရှိသောကြောင့် ဏ္ဍသရမူလီပင်ကို သုံးစွဲခွင့် ပိတ်ပင်ထားခဲ့သည်။ ထို့ပြင် အပင်ထဲတွင်ပါရှိသော Allaxon ဓာတ်သည် သွေးထဲရှိ ဂလူးကို့စ် ပမာဏကို ကျစေ၍ ဆီးချို၊ သွေးချိုရောဂါများကို သက်သာ စေနိုင်သော်လည်း ထို Allaxon ဓာတ်တို့ ခန္ဓာကိုယ်ထဲတွင် လွန်ကဲစွာရောက်ရှိသွားပါက အသည်းနှင့် ကျောက်ကပ် ပျက်စီးစေနိုင်သည်။

ဏ္ဍသရမူလီသည် အထက်ပါအတိုင်း ဆေးဖက်ဝင်သကဲ့သို့ ဘေးထွက်ဆိုးကျိုးများလည်း ဒွန်တွဲလျက်ရှိနေပါသည်။ ၁၉၉၉ ခုနှစ်တွင် The Encyclopedia ၏ ဆေးဖက်ဝင် သစ်မြစ်စာရင်းထဲတွင် ဏ္ဍသရမူလီပင်သည် လူသားတို့၏ ဆေးဝါးအသုံးပြုမှုအတွက် အလွန်အဆိပ်ပြင်းသော အပင်ဟူ၍ ဖော်ပြထားပြီး ယခုအခါ ဟောင်ကောင်တွင် အသုံးပြုမှုကို တရားဝင်ပိတ်ပင်ထားသည်။ ထို့ကြောင့် သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင် ဘေးဖြစ်စေသည့် ဏ္ဍသရမူလီကို သုံးစွဲမည့်သူ၏ အသက်အရွယ်၊ ကိုယ်ခံစွမ်းအားနှင့် ကိုယ်အလေးချိန် အချိုးအစားအတိုင်း စနစ်တကျ မှီဝဲသင့်သောကြောင့် တတ်သိ နားလည်သော ဆရာသမားကောင်းများနှင့် တိုင်ပင်ပြီးမှသာ သုံးစွဲကြပါရန် အကြံပြုလိုက်ရပါသည်။

(ပေါက်ပေါက်)

အောင်လံဆရာတော် အရှင်စန္ဒိမာ၏ (၁၀)ရက်အဓိဋ္ဌာန် အထူးတရားစခန်းပွဲ ကျင်းပမည်

အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ တိုက်ခွဲအမှတ် ၃၂၊ သဲအင်းဂူဝိပဿနာ ဓမ္မရိပ်သာ၏ ဦးစီးပဓာနနာယက ကမ္မဋ္ဌာနာစရိယ(သောတာပတ္တိမဂ်ရှုဖွယ်ကျမ်းပြု) ဆရာတော်အရှင်စန္ဒိမာသည် ၁၀ရက်အဓိဋ္ဌာန် အထူးတရားစခန်းပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်ကျေးရွာရှိ တိုက်ခွဲအမှတ် ၃၂၊ သဲအင်းဂူဝိပဿနာ ဓမ္မရိပ်သာ(ရန်ကုန်ရိပ်သာကြီး)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ တရားစခန်းဝင်မည့် ယောဂီများသည် တရားစခန်းပွဲပထမရက် မတိုင်မီ တစ်ရက်ကြိုတင်၍ အိပ်ရာလိပ်၊ ထီး၊ လက်နှိပ်ဓာတ်မီးစသည့် အသုံးအဆောင်ပစ္စည်းများ၊ မှတ်ပုံတင်စိစစ်ရေးကတ်တို့နှင့်အတူ လာရောက်ရန်ဖြစ်ပါသည်။ ယောဂီများအနေဖြင့် လူဦးရေ ကန့်သတ်ထားပါသောကြောင့် ၁၅-၅-၂၀၁၃ ရက်မတိုင်မီ စာရင်းပေးသွင်းကြပါရန်ဖြစ်ပါသည်။ နှစ်ကြိမ်အထက် ယောဂီများ လက်မခံပါ။

ကျင်းပမည့်ရက် - ၁၇-၅-၂၀၁၃ ရက် ညနေ ၅း၀၀ နာရီအရောက် လာရောက်သတင်းပို့ရန်။

- ၁၈-၅-၂၀၁၃ ရက်မှ ၂၈-၅-၂၀၁၃ ရက် နံနက် ၆း၀၀ နာရီအထိ

[နိုင်ငံသားစိစစ်ရေးကတ်ပြား မပါရှိသူများကို လုံးဝ(လုံးဝ) လက်ခံမည်မဟုတ်ပါ။]

(နယ်မှ လာရောက်သူများအနေဖြင့် ၁၆-၅-၂၀၁၃ရက်ထက်မစော၊ ၁၇-၅-၂၀၁၃ရက်ထက် နောက်မကျစေရ။)

ယောဂီများအနေဖြင့် တရားစခန်းဝင်ခွင့်ပုံစံများအား အောက်ဖော်ပြပါ နေရာ၊ ပုဂ္ဂိုလ်များထံမှ ကြိုတင်ရယူ၍ နားလည်သဘောပေါက်ပြီး လိုက်နာနိုင်မည့်သူများသာ လက်ခံပါမည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ-

တိုက်ခွဲ(၃၂)၊ သဲအင်းဂူ ဝိပဿနာဓမ္မရိပ်သာ၊ ကုန်းတလပေါင်စံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၆၃၈၃၁၁၊

ဦးထွန်းရီ ဖုန်း-၀၁-၅၈၀၂၂၇၊ ဦးကြည်အောင် ဖုန်း-၀၉-၄၉၂၅၈၁၆၁၊ ဦးသန်းငွေ ဖုန်း-၀၁-၆၃၈၁၇၉၊ ဦးသက်လှိုင် ဖုန်း-၀၁-၅၇၉၀၁၆၊ ဦးတိုးဦး ဖုန်း-၀၉-၇၃၀၅၂၂၆၇ သာကေတမြို့နယ်၊ ဦးအေးကို ဖုန်း-၀၁-၅၆၃၃၁၁ တောင်ဥက္ကလာပမြို့နယ်၊ ဦးသန့်ဇင် ဖုန်း-၀၁-၅၄၆၆၇၀ ဗဟန်းမြို့နယ်၊ ဦးဇော်ကြီး ဖုန်း-၀၉-၄၉၄၄၄၁၆၉ ပဲခူးမြို့၊ နိုင်ငံခြားတိုင်းပြည်များမှ ပုဂ္ဂိုလ်များအနေဖြင့် အောက်ပါ Website တွင် ပုံစံများဖြည့်၍ ပြန်လည်ပေးပို့ရန် ဖြစ်ပါသည်။

Email: theinngu 32@gmail. com, Website:www. theinngu32org



ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ/တက္ကသိုလ် ကျောင်းဆင်းများ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ/တက္ကသိုလ် ကျောင်းဆင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၅-၃-၂၀၁၃ ရက် ညနေ ၃ နာရီနှင့် ကျောင်းဆင်းများတွေ့ဆုံပွဲကို ၂၆-၃-၂၀၁၃ ရက် နံနက် ၉ နာရီတွင် အောင်မြေဘုံသာ ရှမ်းကျောင်းတိုက် ပြည်လမ်း၊ ကိုးမိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးရေးသိပ္ပံ/တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အသက်(၆၀)ပြည့်ပြီးသည့် ကျေးဇူးရှင် ဆရာကြီး ဆရာမကြီးများသည် ပူဇော်ကန်တော့ခံရန်နှင့် ကျောင်းဆင်းညီအစ်ကိုမောင်နှမများ တွေ့ဆုံရန်အတွက် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စုံညီစွာတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အလှူငွေများကို အောက်ပါအမည်နှင့်ဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ ဒေါ်သန်းသန်းမြင့် ဖုန်း-၀၉-၇၃၀၄၃၃၀၂	၂။ ဦးကျော်လှ ဖုန်း-၀၉-၅၁၀၆၄၁၁
၃။ ဦးဆေးဘို ဖုန်း-၀၉-၅၂၁၂၆၁၂	၄။ ဦးသန်းနိုင် ဖုန်း-၀၉-၄၃၁၈၈၆၈၀
၅။ ဦးစိုင်းကျော်လှိုင်း ဖုန်း-၀၉-၅၀၈၇၅၃၂	၆။ ဦးခင်ထွန်း ဖုန်း-၀၉-၇၃၁၃၈၀၂၃
၇။ ဒေါ်နန်းမိမိရည် ဖုန်း-၀၉-၅၀၃၆၅၀၆	၈။ ဒေါ်ခင်မိုးကြိုင် ဖုန်း-၀၉-၅၀၃၃၀၈၃

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

သမိုင်းဝင်ကျိုက္ကစံစေတီတော် ရွှေသင်္ကန်းကပ်လှူရန်အတွက် အလှူငွေပေးအပ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်စေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် သဃ်ာန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဇေယလမ်း၊ ရွှေဝါရောင်ခြံ၊ အမှတ် ၃၁ နေ ဒေါ်စန်းစန်းငွေမိသားစုတို့က မိဘများဖြစ်ကြသော(ဦးတင်ရွှေ-ဒေါ်သန်း)တို့အား ရည်စူး၍ အလှူတော်ငွေကျပ်သိန်းနှစ်ဆယ်တိတိကို စေတနာသဒ္ဓါထက်သန်စွာဖြင့် လာရောက်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သုဓမ္မမဏိဇောတရေ ဦးကြည်မောင်နှင့် အတွင်းရေးမှူး ဦးစိုးမြင့်တို့က လက်ခံရယူကြပြီး အနုမောဒနာ ဂုဏ်ပြုကတ်ပြားကို ပြန်လည်ပေးအပ်လိုက်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) (၄၇)ကြိမ်မြောက် နှစ်စဉ်စည်းဝေးကြီးပြီးစီးကြောင်း အများသိစေရန် ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၏ (၄၇)ကြိမ်မြောက်နှစ်စဉ် စည်းဝေးကြီးကို ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ အလံပြဘုရားလမ်း၊ အမှတ်(၆၃)ရှိ မက်သဒစ် အင်္ဂလိပ် အသင်းတော်တွင် ထာဝရဘုရားသခင်၏ကျေးဇူးတော်ကြောင့် မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၏ စည်းမျဉ်းဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခဲ့သော ဂိုဏ်းချုပ်ဆရာတော်ကြီး ဦးဇိုးထန်မောယာနှင့် မက်သဒစ်သာသနာ့ခေါင်းဆောင်များမှ ၂၀-၂-၂၀၁၃ရက်တွင် စတင်ကာ ၂၄-၂-၂၀၁၃ရက်တွင် ကျင်းပပြီးစီးခဲ့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ယင်းအစည်းအဝေးကြီးသို့ တက်ရောက်လာသော မက်သဒစ်သာသနာ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်တော်ကြီးများမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်သူပြည်သားများ အတွင်း၌ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်း၍ ထာဝရငြိမ်းချမ်းသာယာပြီး တရားမျှတသောဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်စေရန်အတွက် ထာဝရဘုရားသခင်မှ ကောင်းချီးမင်္ဂလာများ ချပေးတော်မူပါမည့်အကြောင်း ဝိုင်းဝန်းဆုတောင်းပေးကြကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မေတ္တာဖြင့်
ဂိုဏ်းချုပ်ဆရာတော်ကြီးဦးဇိုးထန်မောယာ
မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၂၉၉၊ မြေကွက်တည်နေရာ အမှတ်၁၄၊ အောင်သပြေလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ် ဒေါ်ဝင်းကြည် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်မိခင် ဒေါ်ဝင်းကြည်နှင့် ဖခင် ဦးအောင်သန်းတို့ကွယ်လွန်သဖြင့် ဦးအောင်ဝင်းဦး ၁၂/ကတတ(နိုင်)၀၀၈၅၅၄၊ ဒေါ်သန်းသန်းဝင်း ၆/မအရ(နိုင်)၀၀၄၃၁၁၊ဦးအောင်ဝင်းထွန်း ၁၂/ကတတ(နိုင်)၀၀၈၉၅၀၊ ဦးအောင်ဝင်းဇော် ၅/ဟမလ(နိုင်)၀၄၇၈၉၃၊ ဒုတိယဗိုလ်မှူးကြီးအောင်ဝင်းခိုင် ၁၂/ ကတတ(နိုင်)၀၀၁၄၄၉၊ ဒေါ်အေးငြိမ်း ၁၂/ကတတ(နိုင်)၀၀၁၄၅၉တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းနှင့် တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူးရုံးတို့၏ တိုက်ပွဲကျဆုံးကြောင်း ကောက်နုတ်ချက်မိတ္တူတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၉၉)-ခုမြောက်

မူဆယ် (၂)၊ နန်းတော်ပေါက်ဘဏ်ခွဲ ကို

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့ တွင်

၅.၃.၂၀၁၃ (အင်္ဂါနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိတ်ပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ဆက်သွယ်ရန်လိပ်စာ

မူဆယ်(၂)၊ နန်းတော်ပေါက်ဘဏ်ခွဲ
အမှတ်(ကလ-၂၁)၊ ကောင်းမူးလွယ်ရပ်ကွက်
ပြည်ထောင်စုလမ်းမကြီး၊ မူဆယ်မြို့။
ဖုန်း – (၀၈၂) ၅၂၆၆၄၊ ၅၂၆၆၅
ဖက်စ် – (၀၈၂) ၅၀၄၁၂၊ ၅၁၄၂၄
www.kbzbank.com



ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကိုစည်သူထွဋ် ၁၂/ဥကတ(နိုင်)၁၇၅၀၆၆၏ သင်္ဘောသားနိုင်ငံကူးလက်မှတ် M-၅၈၈၇၁၁ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်

ကိုစည်သူထွဋ် ဖုန်း-၀၉-၇၃၀၈၆၃၃၂

ပြောင်းလဲခေါ်ပါရန်

အထက(ခွဲ)ဇောင်းတန်း၊ ဆင့်မတန်းမှ ဦးအောင်သန်းဝင်း-ဒေါ်သီတာဝင်းတို့၏ သမီး မစုနန္ဒာအောင်အား မစုသဥ္စာဆွေဟု ပြောင်းလဲခေါ်ပါရန်။

မစုသဥ္စာဆွေ

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဒေါက်တာဦးမျိုးဝင်းလတ်-ဒေါ်မာမာစီ
[ဆေးကမ္ဘာ(၁)၊ (၂) အထွေထွေနှင့် မျက်စိအထူးကုဆေးခန်း၊ အင်းစိန်] တို့၏ သားကြီး၊
ဒေါက်တာငြိမ်းထက်၏ အစ်ကို

ဒေါက်တာလင်းထက်
M.B.,B.S(Ygn)
ဆေးကမ္ဘာဆေးခန်း
နှင့်
ရန်ကုန်မြို့နေ
ဦးမြင့်သိန်းခိုင်(လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန)-ဒေါ်တင်တင်ကြည်တို့၏
တစ်ဦးတည်းသော သမီး

ဒေါက်တာခိုင်ဝေယံ
M.B.,B.S(Ygn)
Junior Medical Officer, Asia Royal Hospital

တို့၏ ၁၄-၂-၂၀၁၃ ရက်တွင် ရန်ကုန်နေအိမ်၌ ကျင်းပသော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော မင်္ဂလာဒုံမြို့နယ်၊ ဒုတိယမြို့နယ်တရားသူကြီး ဦးထင်လင်းအောင်၊ မင်္ဂလာအသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးကြပါသော ဦးဇော်ဌေးနှင့် ဦးဌေးဝင်းတို့အားလည်းကောင်း၊ ၂၄-၂-၂၀၁၃ ရက်တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာဦးကျော်တင့်နှင့် ဇနီးဒေါ်မြင့်မြင့်စိန်တို့အား လည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ခွဲစိတ်ကုဌာနမှ ပါမောက္ခဒေါက်တာ ဦးသိန်းမြင့်နှင့်ဇနီးနော်ခင်ခင်ဌေးတို့အား လည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ လုပ်ဖော်ကိုင်ဖက် ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ မင်္ဂလာညှော်ခံပွဲ ကိုယ်တိုင်မကြွရောက်နိုင်ပါသော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာတေးသီချင်းများ သီဆိုပေးပါသော တေးသံရှင်မေခလာနှင့် ရွှေသံစဉ်တီးဝိုင်းအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော ဒေါက်တာဇင်ဝေထွန်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာစိန်လက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော ဒေါက်တာဝင့်ဝင့်အောင်၊ မင်္ဂလာသတို့သားအရံ ဒေါက်တာငြိမ်းထက်နှင့် ဒေါက်တာလင်းထက်ဇော်၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာဆွေဇင်စိမ့်နှင့် ဒေါက်တာလွဲ့လွဲ့ဘိုနီ၊ မိတ်ကပ်နှင့် ဆံပင်အလှဆင်ပေးပါသော ဇေဇေ၊ မင်္ဂလာဝတ်စုံများနှင့် မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုများရိုက်ကူးပေးပါသော 7 Picture အဖွဲ့သားများ၊ မင်္ဂလာပန်းအလှဆင်ပေးပါသော Rosana Floral အဖွဲ့သားများ၊ Sedona Hotel Manager နှင့် ဝန်ထမ်းများ၊ မင်္ဂလာညစာစားပွဲစီစဉ်ပေးပါသော Royal Garden စားသောက်ဆိုင်မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင် လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
ဒေါက်တာလင်းထက်-ဒေါက်တာခိုင်ဝေယံ

S.P ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

အောင်ပန်းမြို့၊ ရှာင်စုရပ်၊ ပင်းတယလမ်း၊ အိမ်အမှတ်(၃၆/၃၆က) အိမ်ခြံမြေအား ဒေါ်ထွေးထွေးရီ ၁၃/ကလန(နိုင်)၀၂၁၇၂၆မှ ဦးတင်မျိုးထွန်း ၅/မရန(နိုင်)၀၁၅၄၉၃ထံ ၁၇-၁-၂၀၁၃ရက်တွင် S.P လွှဲပြောင်းခဲ့ခြင်းကို အကြောင်းမညီညွတ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှ စတင်ပြီး ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ထွေးထွေးရီ
၁၃/ကလန(နိုင်)၀၂၁၇၂၆



အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဘုတာရုံလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အမှတ် ၅၀၀/A-1နေ ဒေါ်ခင်နွယ်ဝင်း ၁၂/အစန(နိုင်)၀၃၀၂၂၉ ပိုင်ဆိုင်သည့် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ စိန်ရတနာလမ်း၊ အမှတ် ၂၁/C ရှိ စိန်ရတနာကွန်ဒို၊ ပထမထပ်၊ အခန်းအမှတ် 1-C တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် အရောင်းအဝယ်သတ်မှတ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ၂၇-၂-၂၀၁၃ ရက်တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်ခွင့်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်သိန်း
တရားလွှတ်တော်ရှေ့နေ
အမှတ် ၅၆၃၊ ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၅၀၀၂၆၆၇

၂၃-၂-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ(ဃ)ပါ ဦးဝမ်းမောင် ၁၂/ရကန(နိုင်)၀၁၆၀၅၁၏ အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းအသိပေးကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်၊၁၁လမ်း၊ အမှတ် ၉၂၈နေ ဒေါ်လှလှမြင့်(ခ)ဝါနု ၁၀/မလမ(နိုင်)၁၁၃၆၅၃ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဝမ်းမောင်နှင့်ဒေါ်ရီရီမြင့် KMW-၀၉၂၄၀၆ အမှတ် ၁၁၀၁၊ ၁၀လမ်း၊ မြိုင်သာယာရပ်၊ မော်လမြိုင်မြို့နေသူတို့အား အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်၊ ၁၂လမ်း၊အကွက်အမှတ် ၁၅၁၂၊ အကျယ်အဝန်းပေ၄၀×ပေ၆၀ ရှိမြေကွက်မှာ ယခင်က ဦးဝမ်းမောင်ရရှိပိုင်ဆိုင်ခဲ့သော မြေကွက်မှန်သော်လည်း ဦးဝမ်းမောင်က ဗိုလ်မှူးအောင်သန်းထံ စာချုပ်ချုပ်ဆိုရောင်းချပြီးနောက်ပိုင်း မြေကွက်မှာ ဦးဝမ်းမောင်နှင့် သက်ဆိုင်ခြင်းမရှိတော့သလို ကျွန်ုပ်အမှုသည်ကလည်း ဗိုလ်မှူးအောင်သန်းမှတစ်ဆင့် ဆင့်ကဲဆင့်ကဲ ဝယ်ယူခဲ့ကြသောသူများ၏ စာရွက်စာတမ်းအထောက်အထားများအရ ဗိုလ်ကြီးမျိုးလင်းသန့်၏ကိုယ်စားလှယ် ဦးမြတ်ထွန်းထံမှ ၁၂-၁၀-၂၀၁၂ရက်တွင် စာချုပ်ချုပ်ဆိုဝယ်ယူလက်ရောက်ရရှိထားသော မြေဖြစ်ပါသည်။

သို့ပါလျက် ဦးဝမ်းမောင်က ဒေါ်ရီရီမြင့်ထံ ၂၃-၁၂-၂၀၁၂ရက်တွင် ရောင်းချလိုက်သည်ဆိုခြင်းမှာ ဦးဝမ်းမောင်အနေဖြင့် မမှန်မကန် ပြုလုပ်ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါသည်။ သို့ပါ၍ ဦးဝမ်းမောင်အနေဖြင့် ဒေါ်ရီရီမြင့်ထံရောင်းချလိုက်သည်ဆိုသည့် ကိစ္စရပ်အား ဤကြော်ငြာစာ သတင်းစာတွင်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပြေလည်ပြီးမြောက်သည်အထိ ဖြေရှင်းဆောင်ရွက်ပေးပါရန် အသိပေးအကြောင်းကြားပါသည်။

သတ်မှတ်ကာလအတွင်း ဖြေရှင်းဆောင်ရွက်ပေးရန် ပျက်ကွက်မည်ဆိုပါက ကျွန်ုပ်အမှုသည်၏ နစ်နာမှုအတွက် လူကြီးမင်းများအပေါ် ဥပဒေကြောင်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

ဒေါ်လှလှမြင့်(ခ)ဝါနု၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဖေမြင့်	**ဒေါ်ပြုံးပြုံးမြင့်**
LL.B	**LL.B,H.G.P**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
(စဉ်-၈၄၀၂)	**(စဉ်-၈၀၅၂)**

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဥယျာဉ်အိမ်ရာရှိ တိုက်အမှတ် ၉၊ အခန်းအမှတ် ၀၀၆ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်ခင်စုထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်သန်းသန်းအေး ၁၂/သကတ(နိုင်)၁၂၈၁၅၄က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ် ၈၅၂၊ ဦးပိုင်အမှတ် ၂၂(ခဲစင်း)၊ ၈၂ လမ်းအရှေ့ဘက်၊ ဦးပွားခုံးကျော်တောင်ဘက် ဒေါ်မြရင် အမည်ပေါက် ဘိုးဘွားမြေကွက်အား ဒေါ်မိမိကြီး ၉/မရတ(နိုင်)၀၈၀၀၃၁၊ ဒေါ်မိမိလေး ၉/မရတ(နိုင်)၀၈၀၁၂၄၊ ဦးမြတ်ကိုဦး ၉/မရတ(နိုင်)၀၈၀၀၃၁၊ ဒေါ်တိုးတိုးမာ ၉/မရတ(နိုင်) ၁၂၃၉၅၄မှ အမှုတွဲအမှတ် ၀၈၈၅/ဘ(ခွဲ/ပြောင်း)၂၀၁၂-၂၀၁၃ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဘ/ခွဲ/ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(အယ်လ်-၁၇/၆၀)မြေကွက်အမှတ် ၁၉၅၇ အမည်ပေါက် ဒေါ်မို့မို့ကျော် ၁၂/ဗဟန(နိုင်)၀၃၉၁၁၀နှင့်မြေကွက်အမှတ်၂၁၃၀အမည်ပေါက် ဒေါ်ဝင်းဝင်းကျော် ၁၂/ဗဟန(နိုင်)၀၃၉၂၃၅တို့၏ လက်ဝယ်ရှိမြေဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ဂရန်မိတ္တူမှန်လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြပြီး ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေဂရန်မိတ္တူမှန်ထုတ်ပေးရန်အတွက် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ဃ(တိုးချဲ့)၊မြေကွက် အမှတ် ၉/ဃ၊ မြေကွက်တည်နေရာ အမှတ်(၉/ဃ)၊ဥက္ကလာသီရိလမ်း၊(ဃ)တိုးချဲ့ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်တုပ် ၁၂/မရက(နိုင်)၀၉၅၉၉၃ အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တုပ် ကွယ်လွန်သဖြင့် ဦးစိန်အောင် ၁၂/မရက(နိုင်)၁၁၇၁၄၅ က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အထွေထွေ ကိုယ်စားလှယ်လွှဲစာ ၁၇၀၂/၃၀-၁-၂၀၁၃ဖြင့် ရရှိသူ ဦးနေစိုးက ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ရွှေထီးအိမ်ရာရှိ တိုက်အမှတ်(၂)၊ အခန်း အမှတ် ၁၀၆ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်တင် MYGN-၀၀၁၄၅၇ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ (၁)ဒေါ်နီနီဝင်း ၈/ဂဂန(နိုင်)၀၀၂၄၀၈၊ (၂)ဒေါ်အေးအေးဝင်း ၈/ဂဂန(နိုင်)၀၀၂၄၈၉ က ပိုင်ရှင်အမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပေါင်းလောင်း၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ပေါင်းလောင်း ၂၊ မြေကွက်/ ဦးပိုင်အမှတ် ၆၀၁၈၊ ဧရိယာ ၀ဒသမ၁၄၇၈ဧကရှိ ဒေါ်ဆွေဆွေဦး အမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးကျော်မိုးနိုင် ၁၂/အလန(နိုင်)၀၀၁၀၁၆ (ဘ)ဦးအောင်နိုင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈ဒီ၁၊ မြေကွက်အမှတ် ၇၄ဘီ/၆၊ မြေကွက်တည်နေရာ အမှတ် ၃၂၉၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ် ဒေါ်ခင်တင့်၊ ဒေါ်ငွေကြင် အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်ငွေကြင်(အပိုကြီး)ကွယ်လွန်သဖြင့် ဒေါ်ခင်စမ်းမော် ၁၂/စခန(နိုင်)၀၃၂၆၉၀၊ ဦးဇော်မျိုးနိုင် ၁၂/စခန(နိုင်)၀၃၂၆၉၆၊ ဒေါ်သန္တာအေး ၁၂/စခန(နိုင်)၀၀၁၉၈၅တို့က တူ၊ တူမတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်တင့် (အေဝိုင်အင်န်-၀၁၁၈၆၄)နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉၊ မြေကွက်အမှတ် ၄/ဟ-၁၃/က၊ မြေကွက်တည်နေရာ အမှတ် ၆၁၆၊ မဟာဆွေလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ် ဦးမြင့်စိုး အမည်ပေါက် ဘီ(လ/န ၃၉)မြေအား အမည်ပေါက် ဦးမြင့်စိုးနှင့် ဒုတိယဇနီးဒေါ်သန်းကြည် ကွယ်လွန်သဖြင့် ပထမဇနီးဖြစ်သူ ဒေါ်နှင်းလှ ၁၂/လမန(နိုင်)၀၃၄၂၈၇နှင့် ဒုတိယဇနီး ဒေါ်သန်းကြည်ထံမှ ကိတ္တိမမွေးစားစာချုပ်အမှတ် ၅၇၇၁/၂၀၁၁ ဖြင့် တရားဝင်မွေးစားခံရသူ ဦးအောင်ကျော်ဦး ၁၂/လမန(နိုင်)၀၃၄၂၈၆ တို့က ဇနီးနှင့် ကိတ္တိမမွေးစားသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အမှားပြင်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့နယ်၊ ဖက်တန်းရပ်ကွက်၊ အကွက်အမှတ် ၄၁၊ ဖက်တန်းကွင်း၊ဦးပိုင်အမှတ် ၃(၁၀)အား ၁၂-၉-၁၉၉၆ရက်တွင် မြေဂရန်ရရှိခဲ့ပါသည်။ ၄င်းမြေဂရန်တွင်ပါရှိသော လိပ်စာနှင့်ဂရန်ရသူမှာ ဦးသောင်းစိန် MMN-၅၆၃၅၃၈ မော်လမြိုင်မြို့၊ ဖက်တန်းနယ်မြေ၊အောက်လမ်းမကြီး၊ အောင်သုခရပ်၊ ခြံအမှတ် ၁/F ဖြစ်ပါသည်။ ဂရန်ရရှိထားသော ဦးသောင်းစိန်သည် မြေဂရန်ပျောက်ဆုံးသွားပါသဖြင့် မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဂရန်မိတ္တူလျှောက်ထားပါသည်။ သို့ဖြစ်ပါ၍ ဂရန်မိတ္တူရရှိရေးအတွက် လျှောက်ထားခြင်းအား ၁၄ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

ဦးသောင်းစိန်
MMN-၅၆၃၅၃၈
ခြံအမှတ် ၁/F၊ အောင်သုခရပ်၊
အောက်လမ်းမကြီး၊ဖက်တန်းနယ်မြေ၊
မော်လမြိုင်မြို့

ကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးလှရှိန် (မိသားစု ဒန်အိုးစက်)

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်း၊ အမှတ် ၅၂နေ (ဦးပန်းခွေး-ဒေါ်ပုတို)တို့၏သား၊ (ဦးဖေသော်-ဒေါ်လှရင်)တို့၏သားသမက်၊(ဒေါ်အုန်းမြင့်)၏ခင်ပွန်း၊ဦးရဲညွန့်-ဒေါ်ဝင်းမြိုင်၊ ဒေါ်ခင်စိုးဝင်း(အလက-၅၊ မရမ်းကုန်း)၊ (ဦးကျော်ကျော်)-ဒေါ်ခင်မျိုးဝင်း၊ ဦးမြင့်အောင်-ဒေါ်မိုးသူဇာ၊ ဦးဇင်ဦး-ဒေါ်သီတာအေး၊ ဦးကျော်စိုးဝင်း-ဒေါ်အေးကြာနု၊ ဦးဟန်စိုးလင်း-ဒေါ်ဝင်းမာလာ(ခေတ္တ-စင်ကာပူ)၊ မမြသီတာ(ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂-၃-၂၀၁၃ရက်(စနေနေ့) ည ၆း၂၅ နာရီတွင် အကယ်ဒမီအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်အုန်းသန်း

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ သုခိတာလမ်း၊ ခြံအမှတ် ၁၄/ခနေ ဦးလှရွှေ၏ဇနီး၊ ဦးဇော်ဦး-ဒေါ်မိမိသန်း၊ ဦးသန့်ဇော်ထူး-Hashi Moto Lisa၊ ဦးသန်းထိုက်အောင်တို့၏မိခင်၊ မခင်ရ(ခ)သမီးဇော်၊ Hashi Moto Tiger တို့၏အဘွားသည် ၄-၃-၂၀၁၃ရက်(တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မောင်တိုးမြင့်ဇော်(ခ)တိုးကြီး (B.Sc-Chem;)

(မန္တလေးတိုင်းဒေသကြီး ဘောလုံးလက်ရွေးစင်)

အသက်(၂၄)နှစ်

မန္တလေးမြို့၊မဟာအောင်မြေမြို့နယ်၊မဟာမြိုင်(၂)၊ရွှေဘုန်းရှင်ရပ်ကွက်နေ ဒေါ်ခွေး၊ (ဦးသန်းအောင်-ဒေါ်ကြင်ဆိုင်)၊ မဟာမြိုင်(၁)၊ ဥယျာဉ်တန်းရပ်၊ ၃၆လမ်း၊ (၆၄×၆၅)လမ်းကြားနေ ဦးခွေး-ဒေါ်ဝင်းတို့၏မြေး၊ ကိုမိုးမြင့်ဇော် (ယူနိုက်တက်အမရာဘဏ်၊ ဒိုင်းမွန်းပလာဇာ)၏ညီ၊ မအေးနန္ဒာမြင့်၏အစ်ကို၊ ဦးမောင်မြင့်-ဒေါ်သန်းသန်းဝေတို့၏သားငယ်သည် ၃-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) ည ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်ဖုန်းမေ

(ဝန်ကြီးများရုံး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ငြိမ်း)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ပင်းယလမ်း၊အမှတ်၉၂၂နေ (ဦးစိန်-ဒေါ်အေး)တို့၏သမီး၊(ဦးသောင်းမြင့်)၏ဇနီး၊ဦးအေးသိန်း-ဒေါ်လင်းလင်းမြင့်တို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၄-၃-၂၀၁၃ရက် နံနက် ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

မိုဟာမက်မူစာဟူစိန်အန်ဂေးရီးယား(ခ)ဦးထွန်းတင်

မြန်မာ့အာမခံ(ငြိမ်း)

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်(ဒိုင်)

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ မအူကုန်း၊ ၁၃၄လမ်း၊ အမှတ် ၁၅နေ ဦးတင်မောင်-ဒေါ်စိန်စိန်တို့၏သား၊ စံပြဖဆပလ တိုက်ဟောင်း ၂၊ အခန်း ၃၂နေ (အလ်ဟာဂျီဦးချန်ထွန်း-ဟာဂျီမ ဒေါ်ခင်မာရီ)တို့၏သမက်၊ ဒေါ်ခင်ထားဝေ၏ခင်ပွန်း၊ မောင်ဇေယျာအောင်-မစန်းသီတာ၊ မောင်ဗညားအောင်၊ မောင်ဝေယံနောင်တို့၏ဖခင်၊ မောင်ဟိန်းဇေစံ၏အဘိုးသည် ၁-၃-၂၀၁၃ရက်နံနက်၇း၂၀နာရီတွင်အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ ဂျုန်မွာနာမ္ဗဇ်အပြီးတွင် ရေဝေးစွန်နီကဘာရ်စတန်ဥယျာဉ်တော်၌ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးအောင်သိန်း

သိန်းသန်းဝတီဆန်စက်

(ဘိုကလေး)

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊အမှတ် ၇၊ ဈေးလမ်း၊မြေနီကုန်းနေ [ဦးမောင်ခင်(ခ)ဦးတန်တိတ်အင်] - ဒေါ်ရွှေစင်တို့၏သား၊ ဒေါ်လှမြင့်၊ဦးပို့မင်၊ဒေါ်စန်းစန်းရီတို့၏ညီ၊မောင်၊ ဦးအောင်သန်း၊ ဒေါ်ခင်စန်းတို့၏အစ်ကို၊ ဒေါ်သီတာခင်၏ခင်ပွန်း၊ မအိမ့်ခိုင်ဇင် (ဆေးတက္ကသိုလ်-၂)၊ မောင်ရဲမြတ်ကောင်းတို့၏ဖခင်သည် ၄-၃-၂၀၁၃ရက် နံနက် ၈နာရီတွင် မကွေးမြို့ ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ရေဝေးသုသာန်၌ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ် ဒါယိကာမကြီး

ဒေါ်စောသီ (အုန္တဲ)

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ် ၇၄၀နေ (ဦးစန္ဒာ-ဒေါ်ရီ)တို့၏သမီး၊ (ဦးစံရီ)၏ဇနီး၊ (ဦးသန်းဦး)၊ ဦးထွန်းကြည်-ဒေါ်ခင်မြင့်အေး၊ ဦးခင်ဝင်း - ဒေါ်ခင်ခင်ဆွေတို့၏အစ်မကြီး၊ ကပ်ကရံ ကျောင်းထိုင်ဆရာတော် ဦးပိဏ္ဍောလ၏ရဟန်းအမကြီး၊ ဦးခင်စိန်(Asia Vertex Construction Co., Ltd.)-ဒေါ်မြင့်မြင့်ဝင်း (ဦးစီးအရာရှိ၊ ငွေ၊ ဘဏ)၊ ဦးအေးမြင့်-ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်လှဲ့လှဲ့ဝင်း(အထက-၃၊ သင်္ဃန်းကျွန်း)၊ ဦးနိုင်ဝင်း-ဒေါ်မြင့်မြင့်ကြည်၊ ဦးကျော်မွန်-ဒေါ်မြင့်မြင့်ကြည်၊ ဦးမြင့်ဦး-ဒေါ်စန္ဒာဝင်း၊ တပ်ကြပ်-၁၃ မင်းမြတ်သူ(တပ်မတော်-ရေ)-ဒေါ်ဇင်မာဦးတို့၏မိခင်၊ မခိုင်ခိုင်မင်း၊မနွေးနွေးထက်၊ မချောမမဖြိုး၊ မသိမ့်ဟန်နီထွေး၊ မောင်ကျော်ဇင်မြတ်သူ၊ မောင်ကျော်ရဲသူ၊ မောင်ကျော်လင်းသူ၊ မသော်တာလင်းသူတို့၏အဘွား၊မောင်အောင်ဖြိုးပိုင်၊မောင်ထူးဇင်လတ်တို့၏ ဘွားဘွားကြီးသည် ၁-၃-၂၀၁၃ရက် (သောကြာနေ့) ည ၇း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာ

ဦးသိန်းဇော်

(ကျန်းမာရေးဦးစီးဌာန)

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်၊ အရှေ့ဈေးလမ်း၊ ကျန်းမာရေးအိမ်ရာ၊ ခြံအမှတ် ၃၄၊ တိုက် ၂၊ အခန်း ၂၀နေ (ဦးကောက်-ဒေါ်မှီ)တို့၏သား၊ (ဦးဘစိန် - ဒေါ်အုန်းသင်)တို့၏သားသမက်၊ဒေါ်ယဉ်ယဉ်နု၏ခင်ပွန်း၊(မောင်မျိုးမင်းထွန်း)၊ (မခိုင်ဇာဝေ)တို့၏ဖခင်၊ (ဦးဟုတ်သန်း)၊ ဒေါ်အမာခင်၊ ဦးအောင်မြင့် - ဒေါ်တင်တင်လှိုင် (မင်္ဂလာဈေး၊ ဆေးဆိုင်)တို့၏ညီ/မောင်၊ ဦးတင်ဝင်း၊ ဒေါ်နီတို့၏အစ်ကို၊ (ဦးစန်းမောင်-ဒေါ်သိန်းသိန်း)၊ (ဦးအောင်သောင်း)၊ ဒေါ်ယဉ်ယဉ်နွဲ့ (အလယ်တန်းပြ၊ ငြိမ်း)၊ (ဦးစိုးဝင်း)-ဒေါ်လှလှချိုတို့၏မောင်၊ညီသည် ၃-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင်ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

NI SON ZA DIM

အသက်(၉၀)

ခေါ်ဆရှာနေ (Pu Thuam Pau-Pi Ciin Mang)တို့၏သမီး၊ အမှတ် ၁/၁၀၁၊ ဗိုလ်ချုပ်လမ်း၊ ကြို့သုံးပင်၊ ကလေးမြို့နေ (U James Suangh Za Pome)-Daw Khen Cing၊ ကလေးမြို့နေ U Hau Khua Nang-(Daw Cing Za Niang)၊ ရန်ကုန်မြို့နေ (U Hang Za Khai)-Daw Tin တို့၏အစ်မ၊ တူ၊ တူမ ၂၀တို့၏အဒေါ်၊ မြေး ၂၂ယောက်တို့၏အဘွားသည် ၃-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့)နံနက် ၈း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၃-၂၀၁၃ရက် ညနေ ၃နာရီတွင် အထက်ပါနေအိမ်၌ဝတ်ပြုဆုတောင်းပြီး ကြို့သုံးပင် ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြရွှေ

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၄၇လမ်း၊ အမှတ် ၃၈-A နေ (ဦးဘစိန်-ဒေါ်ကုလားမ)တို့၏သမီး၊ ဦးလှရွှေ၏ဇနီး၊ (ဦးညို-ဒေါ်ခင်ကြည်)၊ (ဦးပျော့)-ဒေါ်မြမေတို့၏ညီမ၊ ဦးထွန်းဝေ-ဒေါ်စိန်တင့်၊(ဦးသန်းစိန်)-ဒေါ်တင်ရီတို့၏အစ်မ၊ ရန်ကင်းရဲစခန်းဝင်းနေ ဒုရဲမှူးမောင်မောင်ဝင်း(ကချင်ပြည်နယ်ရဲတပ်ဖွဲ့)-ဒေါ်တင်တင်မာ၊ (ဦးကိုဦးကြည်-ဒေါ်ခင်ခင်မြင့်)၊ ဦးဝင်းနိုင်(Raffles Teachnical Services Ltd.)-ဒေါ်အေးအေးသစ်၊ ဒေါ်သန်းသန်းမြင့်၊ ဗိုလ်ကြီးမင်းသက်ထွန်း (ငြိမ်း)-ဒေါ်စန်းစန်းဝင်း၊ ကိုခင်မောင်ထွေး(MIRACO MARINE)တို့၏မိခင်၊ မောင်ပြည့်ဖြိုးထက်၏အဘွားသည် ၃-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့)နံနက် ၈း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၃-၂၀၁၃ရက်(ကြာသပတေးနေ့)ညနေ ၄နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးစိန်ပွင့်

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ် ၂၄နေ (ဦးဖိုးစိန်-ဒေါ်ကျင်လှ)တို့၏သားကြီး၊ (ဦးသန်းအောင်-ဒေါ်ကျင်မွေး)တို့၏သားသမက်၊ ဦးမြဟန်-ဒေါ်ကျင်ထွေး၊ ဦးညွန့်ဟန်-ဒေါ်ကျင်လှိုင်တို့၏အစ်ကိုကြီး၊ ဦးအောင်နိုင်ဦး-ဒေါ်စန်းစန်းနိုင်၊ ဦးသန်းထွဋ်-ဒေါ်အေးအေးသွယ်၊ ဦးဇော်မိုးအောင်-ဒေါ်အေးခိုင်ဦးတို့၏ဖခင်၊ မောင်မိုးဟိန်းခန့်၊ မပြည့်ဦးခိုင်၊ မမေသက်မှူး၊ မကြည်ဖြူခင်၊ မေသန့်ရှင်းတို့၏အဘိုး၊ ဦးဟန်လှစိန်-ဒေါ်ခင်စန္ဒာဝင်းတို့၏ဘကြီး၊ ဒေါ်ကြင်တင်၏ခင်ပွန်းသည် ၃-၃-၂၀၁၃ရက် နံနက် ၇း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀း၃၀နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးစိန်ပွင့် (ကျောက်မြောင်းကြီးရပ်ကွက်)

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ် ၂၄နေ ဦးသန်းစိန်(ပီကင်း)-ဒေါ်အရီး၊ ဦးတင့်ဆွေ-ဒေါ်ယဉ်အေးတို့၏ညီ၊ (ဦးကိုအေး-ဒေါ်ကြူကြူ)၊ ဦးလင်းချိန်းဆို့(ဟောင်ကောင်)-ဒေါ်ရင်ဖုံ့တို့၏အစ်ကိုကြီး၊ ဖန်စွတ်ရီ-ရှောင်ရှင်း(ပီကင်း)၊ ရှောင်စုန်း-ဝမ်ယွဲ့(ပီကင်း)၊ ဦးယဉ်ထွန်း-ဒေါ်နီလာသန်း၊ (ဦးယဉ်ဝ)၊ ဦးကြည်လှိုင်-ဒေါ်စန္ဒာအေး၊ ဦးယဉ်အောင်-ဒေါ်မေပုလဲဖြူ၊ ဦးသန်းထွန်း-ဒေါ်အေးအေးမွန်၊ ဦးမျိုးအောင်(Samesky Co., Ltd.)-ဒေါ်ရှန်းရှန်းရွှေ၊ ဦးခိုင်မင်းစိုး-ဒေါ်သန်းသန်းဝင်း၊ ဝေ့ဝေ့(ဟောင်ကောင်)၊ နန်ကင်း(ဟောင်ကောင်)တို့၏ဦးလေး၊ဘကြီးသည် ၃-၃-၂၀၁၃ရက် နံနက် ၇း၂၀ နာရီ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀း၃၀နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကိုမောင်မောင်စိုး(ခ)စိုးစိုး (စမ်းချောင်း)

Dekhina Manufacturing Limited

အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးကျော်မြင့်စိုး-ဒေါ်ခင်သန်းမြင့်တို့၏သား၊ စမ်းချောင်းမြို့နယ်နေ ဦးတင့်လွင်-ဒေါ်ချိုချိုအောင်တို့၏သားသမက်၊ မမြသူဇာလွင်၏ခင်ပွန်း၊ မောင်ကျော်ဇင်မြင့်၏အစ်ကို၊ မောင်ပိုင်သူ(Grade-11၊ အထက-၁၊ ဒဂုံ)၊ မချောချော(Grade-6၊ အလက-၁၊ ဒဂုံ)၏ဖခင်သည် ၃-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့)ည ၇း၁၅နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်လှဝင်း(ခ) ခင်လှဝင်း

(ဝင်းသော်တာ မိတ္တူ၊ ကုန်မျိုးစုံနှင့် ဖက်ရှင်စတိုး)

အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၁၃နေ ဦးလှဖေ-(ဒေါ်ပန်းရီ)တို့၏သမီး၊ (ဦးထွန်းအေး-ဒေါ်ခင်ပု)တို့၏သမီးချွေးမ၊ဦးလှဖြိုး၏ဇနီး၊ မောင်မျိုးမင်းဇော်ဖြိုး (2nd Mate, J.S.M Shipping)-မဖြူဖြူအေး၊ မခင်ညွန့်ညွန့်ဌေး(ခ)ပူစူး၊ မတင်ဖြိုးဖြိုးအောင်(ခ)ဖြိုးဖြိုးတို့၏မိခင်၊ မောင်စစ်သူရိန်လင်း၊ မရူပါလင်းလက်တို့၏ အဘွားသည် ၂-၃-၂၀၁၃ရက် (စနေနေ့)ညနေ ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၃-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၁၃ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဲအုပ်တင်ဝင်း (ငြိမ်း)

ရွှေတောင်မြို့

လ-၅၈၃၈၈၊ သူရ(၁၂)

အသက်(၆၂)နှစ်

ရွှေတောင်မြို့၊ တည်ကုန်းရပ်နေ (ဦးအေးချို - ဒေါ်သိန်းဟန်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးကျော်ဒင်-ဒေါ်သိန်းရင်)တို့၏သားသမက်၊ ဦးမြင့်ဆွေ၊(ဒေါ်မြင့်မြင့်ကြည်)၊ (ဦးခင်မောင်ဌေး)-ဒေါ်လှလှမူ၊ ဦးခင်မောင်သန်း-ဒေါ်အေးအေးမူ၊ဦးမြသိန်းထွန်း-ဒေါ်သင်းသင်းဦးတို့၏မောင်၊အစ်ကို၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလ ရပ်ကွက်၊ တိုက် ၅၈၊ အခန်း ၁၄နေ ဒေါ်မြသန်း (လဝက၊ ငြိမ်း)၏ခင်ပွန်း၊ မဝေမာနှင်း၊ ဗိုလ်ကြီးထွန်းနိုင်ဝင်း-ဒေါ်ဇင်မာဝင်းတို့၏ဖခင်၊ မောင်အောင်လကျ်ာမင်း၏အဘိုးသည် ၄-၃-၂၀၁၃ရက်(တနင်္လာနေ့)နံနက် ၅း၄၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၆-၃-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ ဒုအရာခံဗိုလ်

ဦးမောင်မောင်လေး (ငြိမ်း)

တာမွေမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့

အသက်(၈၆)နှစ်

ပုသိမ်မြို့နေ(ရဲမင်းကြီး ဦးအေးသွင်-ဒေါ်နှင်းစိန်)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊အမှတ် ၂၇(မြေညီထပ်)၊ တာမွေဈေးလမ်းနေ (ဒေါ်မေကြည်လေး ပဒေသာကုမ္ပဏီပိုင်ရှင်)၏ခင်ပွန်း၊ဦးချစ်ကိုကို-ဒေါ်အေးအေးမော်၊ ဦးငွေသိန်း-ဒေါ်နွေဦးခိုင်၊ဦးတင်ထွန်းနိုင်-ဒေါ်မိုးဦးလှိုင်၊ ဦးအောင်ကျော်စိုး-ဒေါ်ဆောင်းဦးမြိုင်(ခ)မရွှေစင်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၃-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့)ညနေ ၃း၄၀နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

ဦးတင်အောင်

အသက်(၇၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ အုန်းတောလမ်းတိုနေ ဒေါ်မြမြဝင်း၏ခင်ပွန်း၊ ဦးခင်မောင်မြင့်-ဒေါ်သီသီဝေ၊ ဒေါ်ကြည်ကြည်ဆွေ၊ ဦးမောင်မောင်အေး-ဒေါ်ရီရီမေ၊ ဦးသက်ခိုင်-ဒေါ်အေးအေးသင်းတို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၃-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) ည ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးအောင်ကို

မြို့နယ်အုပ်ချုပ်ရေးမှူး(ငြိမ်း)

အသက်(၇၅)နှစ်

ပြည်မြို့၊ အောင်ဆန်း ပြည်သာယာ အပိုင်း(၁)၊ပင်မလမ်း၊ အမှတ် ၁၂/၁၅၁ နေ ဦးကျင်တိတ်-ဒေါ်အေးကြည်တို့၏သား၊ ဦးဟုတ်ရှိန်-ဒေါ်ဖျော့တို့၏သားသမက်၊ ဒေါ်ရင်ကြွေ၏ခင်ပွန်း၊ ဦးသင်းအောင် (ကထိက၊ သချာ်ဌာန) - ဒေါ်ကေသီထွန်း၊ ဦးဝင်းအောင်(မေတ္တာရေကြည်ဆေးရောင်းဝယ်ရေး)-ဒေါ်ဟေမာ၊ ဦးလှိုင်မျိုးအောင် (မြို့နယ်တရားသူကြီး၊ တနင်္သာရီတိုင်းဒေသကြီး) - ဒေါ်ကျော့ကေခိုင်၊ ဦးသန်းတိုးအောင်-ဒေါ်မာမာဝင်း(Director Nice Land Co., Ltd.)၊ ဦးအောင်မိုး(မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)၊ ဦးဇော်လင်းအောင် (သပြေဦးဆေးရောင်းဝယ်ရေး) - ဒေါ်သီရိတင့်တို့၏ဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုးသည် ၄-၃-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မဝေဝေအောင်

B.A (Korean)

MUFL (08) Intake

အသက်(၂၁)နှစ်

ကသာမြို့နယ်၊ ဆေးရုံဝင်းအတွင်းနေ ဦးအောင်ညွန့်-ဒေါ်တင်မာရီ (အထက်တန်းသူနာပြု)တို့၏သမီး၊ မောင်အောင်အောင်၊ မောင်ထွန်းထွန်း-မချစ်မုန်းငယ် (Master စားသောက်ဆိုင်)တို့၏ညီမ၊ မမိုးခရေနှင့် မဆောင်းသဇင်တို့၏အဒေါ်သည် ၃-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၆း၃၀နာရီတွင် ရန်ကုန်ဦးနှောက်နှင့် အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၃ရက် (အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ် ၅၅ (သုံးလွှာ)၊ ဗဟိုလမ်း၊ ကမာရွတ်မြို့နယ်နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ဘဒ္ဒန္တအာသဘ မဟာထေရ်မြတ်ကြီး

သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါ

ထိုင်းနိုင်ငံ ချင်းမိုင်မြို့ ဝပ်ဆိုင်းမွန်းမြန်မာကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအာသဘ မဟာထေရ်မြတ်ကြီးသည် (၁၃၇၃ ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ရက်) ၁၉-၈-၂၀၁၁ရက် (သောကြာနေ့) နံနက် ၈း၀၃နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဉတုဇရုပ်ကလာပ်တော်ကို ၈-၃-၂၀၁၃ရက်(သောကြာနေ့) ည ၈နာရီတွင် ထိုင်းသံဃာတော်များမှ ပဋ္ဌာန်းတရား ရွတ်ဖတ်ပူဇော်ပြီး ၉-၃-၂၀၁၃ရက် (စနေနေ့) ည ၈နာရီတွင် သီတဂူဆရာတော်ကြီးမှ နိဗ္ဗာန်ရောက်ကြောင်းတရားတော် ဟောကြားမည်ဖြစ်ပါကြောင်းနှင့်(၁၃၇၄ခုနှစ် တပို့တွဲလပြည့်ကျော်၁၃ရက်) ၁၀-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁၂း၄၅နာရီတွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့ ဝပ်ဆိုင်းမွန်းမြန်မာကျောင်းတိုက်တွင် မရဏာနုဿတိကမ္မဋ္ဌာန်းစီးဖြန်းပွားများပြီး စုစံဟာယားသုသာန်၌ အန္တိမအဂ္ဂိဈာပနအခမ်းအနား ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။

အန္တိမအဂ္ဂိဈာပနကျင်းပရေးကော်မတီ

ဝပ်ဆိုင်းမွန်းမြန်မာကျောင်းတိုက်၊ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တသေဋ္ဌိလ

သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလင်းဝင်းရပ်၊ ခေမာသီဝံတိုက် သိမ်ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တသေဋ္ဌိလသည်(၁၃၇၄ခုနှစ် တပို့တွဲလပြည့်ကျော် ၆ရက်) ၃-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) ည ၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၄ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ရက်) ၁၀-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် နိဗ္ဗာန်ကျောင်းချကျင်းပပြီးလျှင် (၁၃၇၄ ခုနှစ် တပို့တွဲလကွယ်နေ့) ၁၁-၃-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ကြာနီကန်သုသာန်သို့ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်ဒါယကာ၊ ဒါယိကာမများအား သိစေအပ်ပါသည်။

ဈာပနကော်မတီနှင့် တပည့်ဒါယကာ၊ဒါယိကာမများ

ဒေါ်စောနွဲ့မူ (လ/ထ ညွှန်မှူး၊ နတလ-ငြိမ်း)

အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟလမ်း၊ အမှတ် ၁၂၅၆နေ (ဦးထွန်းရှိန်-ဒေါ်ခင်မြင့်)တို့၏သမီး၊ (ဦးဖိုးသန်း-ဒေါ်လှပု)တို့၏သမီးချွေးမ၊ ဦးစိန်ဝင်း-ဒေါ်မြင့်မြင့်ကြူတို့၏ညီမ၊ (ဦးအောင်သူ)-ဒေါ်ခင်ဖြူရှိန်၊ ဦးဇော်မင်း-ဒေါ်အေးအေးမြင့်၊ ဦးနိုင်ဦး-ဒေါ်ဥမ္မာထွေး၊ ဦးစိုးမိုးနိုင်-(ဒေါ်အေးအေးငယ်)တို့၏အစ်မ၊ ဦးသန်းထွန်း၏ဇနီး၊မောင်မြထွေး(ခ)မောင်မောင် (ရွှေဇင်ယော် Shipping PTE Co., Ltd.)၊ မောင်ကျော်ရွှေလှ(ခ)ကိုဂျူးတို့၏မိခင်၊ တူ၊တူမ ရှစ်ယောက်၊ မြေးတစ်ယောက်တို့၏အဘွားသည် ၃-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၃ရက်(အင်္ဂါနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးခင်မောင်ကြည်(ခ) ဖိုးပါကြီး (Fitter)

Hanseatic Shipping Co.,Ltd.

အသက်(၆၆)နှစ်

(ဦးအုန်း)-ဒေါ်အမာတို့၏သားကြီး၊ (ဦးဝင်းမောင်)-ဒေါ်အေးမြင့်တို့၏သားသမက်၊ ဒေါ်နန်းကလျာဦး (အမက-၇၊ ဒေါပုံ)၊ မောင်စိုးမင်းမြတ်၊ မောင်အောင်ဘိုဘိုပါ၊ မအိမ့်မို့မို့ပါတို့၏ဖခင်၊ ဒေါ်စန်းရီ၏ခင်ပွန်းသည် ၃-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) ည ၈း၃၅နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၃-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်လေးမြင့်

(နောင်ဘို/လယ်ဝေး)

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊မီးရထားကြီးကြပ်ရေးတိုက် ၂၊ အခန်းအမှတ် ၁၃နေ (ဦးစိန်မြင့်-ဒေါ်အုန်းကြည်)တို့၏သမီး၊ (ဦးအေးလွင်)-ဒေါ်ကျင်ညိမ်းတို့၏ သမီးချွေးမ၊ မောင်မောင်ကျော်ညွန့် - မမေဇင်ဦး (ခေတ္တ-စင်ကာပူ)၊ မောင်အောင်ကိုကို၊ မမေဖြိုးသူ(ခေတ္တ-ကိုရီးယား)၊ မောင်ရဲကိုကို-မဇာဖြူဝင်းတို့၏မိခင်၊ဦးအေးကို (လက်မှတ် အုပ်/ရုံးချုပ်အထူးအဖွဲ့-၃၊ ရန်ကုန်၊ မြန်မာ့မီးရထား)၏ဇနီး၊ မြေးတစ်ယောက်၏အဘွားသည်၃-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့) ညနေ ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၃ရက်(ကြာသပတေးနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်နှင့် ရန်ကုန်ဘူတာကြီးမှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကိုထိန်လင်း(ခ)ကိုကုလား

(ဖျာပုံမြို့)

အသက်(၅၄)နှစ်

ဖျာပုံမြို့၊အမှတ် ၉၅၊အနော်မာလမ်း၊ (၂)ရပ်ကွက်နေ (ဦးဘိုကြီး-ဒေါ်ကြင်အေး)တို့၏သား၊ (ဒေါ်သိန်းသိန်းအေး)၏ခင်ပွန်း၊ ကိုနိုင်လင်း-မစိန်ရီ၊ ကိုမင်းသူ-မမာမာခိုင်တို့၏အစ်ကို၊မသိန်းသိန်းစိုး၊ မောင်သိန်းထွန်း၊ မောင်ဝေယံဖြိုးတို့၏ဖခင်သည် ၂၅-၂-၂၀၁၃ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၃ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးတင့်ဆွေ

(ဒု-လဝကမှူး)(တိုက်ကြီးမြို့)

အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ခြံအမှတ် ၈၅၊ တိုက်(A) ၂၀၃-၁၀၃၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်နေ (ဦးအေးထွန်း)-ဒေါ်အေးကြည်တို့၏သား၊ တိုက်ကြီးမြို့၊ အမှတ် ၂၄၀၊ ရှမ်းဘက် ၃လမ်း၊ ရှမ်းစုရပ်ကွက်နေ(ဦးခမ်းမှတ်)-ဒေါ်သန်းညွန့်တို့၏သားသမက်၊ ဒေါ်သန်းငွေ (အထက၊တိုက်ကြီး)၏ခင်ပွန်း၊ ဒေါ်နွဲ့နွဲ့ကြည်(မြန်မာ့မီးရထား)၏မောင်၊ ဒေါ်ခင်ဆွေအေး၊ဒေါ်စိမ်းစိမ်းအေး၊ ဦးကျော်စိုးထွန်း၊ ဦးအောင်နိုင်ထွန်း (တပ်မတော်-ရေ)၊ ဒေါ်ခင်သီတာထွန်း၊ ဦးဇော်မင်းထွန်း၊ မခင်ပပထွန်း၊ မစုလတ်ထွန်း၊ မောင်ဝေဖြိုးအောင်၊ မောင်ဝေယံထွန်း၊ မချစ်စုဝေ၊ မမိုမိုဆုတို့၏အစ်ကိုကြီး၊ မောင်ဝေလင်းကို (တတိယနှစ်၊ ဘူမိဗေဒ)၊ မဆုနန္ဒာတင့် (နဝမတန်း)တို့၏ဖခင်သည် ၃-၃-၂၀၁၃ရက် ညနေ ၆း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၃ရက် (အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ယနေ့ မာတိကာ

သီလဝါစက်မှုဇုန်တွင် ကိုရီးယားစီးပွားရေး လုပ်ငန်းရှင်များ လာရောက်ရင်းနှီး မြှုပ်နှံရန် ဖိတ်ခေါ် စာ - ၂

မိန်းမပျိုငယ်များ ရင်သားကင်ဆာ ဖြစ်ပွားမှု များပြားလာ စာ - ၅

ဂျာမနီနိုင်ငံမှကမ္ဘာလှည့် မော်တော်ယာဉ်တန်း ညောင်ရွှေနှင့် အင်းလေးသို့ လာရောက်လည်ပတ် စာ - ၁၁

ရွှေဒုံးကို အနုပညာ ယောင်ထုံးခဲ့သူများ စာ - ၁၃

စပါးက အာဆင်နယ်ကို အနိုင်ကစား စာ - ၁၄

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာစာမျက်နှာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

မြန်မာ-ရုရှား နှစ်နိုင်ငံ ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးကဏ္ဍများ ဆွေးနွေး

နေပြည်တော် မတ် ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Sergey K. SHOIGU ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်း နိုင်ငံကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Sergey K. SHOIGU ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

ထိုသို့ တွေ့ဆုံရာ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ခိုင်မာရေး၊ ကုန်သွယ်ရေး၊စီးပွားရေးနှင့်ကာကွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ခိုင်မာရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးညဏ်ထွန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Sergey K. SHOIGU အား နေပြည်တော်ရှိ နိုင်ငံတော် သမ္မတ အိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

ကိုယ်ပိုင်အိမ်ရာမရှိသည့်ဝန်ထမ်းများ အဆင့်လိုက်တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၄

ယနေ့တွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ကျင်းပရာ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) အပါအဝင် တစ်နိုင်ငံလုံးမှ မူးယစ်ဆေးဝါး ရောင်းဝယ် ဖောက်ကားနေမှုများ နှိမ်နင်းပပျောက်ရေးနှင့်စပ်လျဉ်း၍ မေးမြန်းရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လားရှိုးမူးယစ် (အထူး)အဖွဲ့၊ မူဆယ်မူးယစ်(အထူး)အဖွဲ့၊ ကွမ်းလုံမူးယစ် (အထူး)အဖွဲ့၊ တန့်ယန်းမူးယစ် (အထူး) အဖွဲ့များ ဖွဲ့စည်းထားရှိပါကြောင်း၊ မူးယစ်ဆေးဝါးစိုက်ပျိုးမှုပပျောက်ရေးအတွက် မူးယစ်ဗဟိုအဖွဲ့သည် နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်ကြသော ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး၊ တရုတ်နိုင်ငံ အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်၊ အမေရိကန် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အုပ်ချုပ်မှုအဖွဲ့တို့နှင့် ပူးပေါင်းပြီး ဘိန်းစိုက်ပျိုးသည့်ဒေသများတွင် တရားမဝင်ဘိန်းစိုက်ပျိုးမှု တိုင်းတာခြင်း၊ ကွင်းဆင်းစစ်ဆေးရှာဖွေ၍ ဖျက်ဆီးခြင်း၊ လူမှုစီးပွားစစ်တမ်းများကောက်ယူခြင်း၊ နှစ်စဉ်အစီရင်ခံစာများ ထုတ်ပြန်ခြင်း၊ ဘိန်းခင်း တိုင်းတာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊၂၀၁၃ ခုနှစ်တွင် ဘိန်းခင်းတိုင်းတာရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်သူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် မူးယစ်ဗဟိုအဖွဲ့နှင့် UNODC တို့ ပူးပေါင်းပြီး ရှမ်းပြည်နယ်တစ်ခုလုံး အစားထိုး

စာမျက်နှာ ၇ ကော်လံ ၁ ❍

ပထမ အကြိမ် ပြည်သူ့ လွှတ်တော် ဆဋ္ဌမပုံမှန် အစည်း အဝေး (၂၁) ရက် မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

တိုင်းရင်းသားများ၏ လိုအပ်ချက်များကို ကွာခြားမှုမရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မတ် ၄

ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ် (၆)ခုဖြင့် ကျင်းပသည်။

ပထမအကြိမ်အ မျိုးသားလွှတ်တော်ဆဋ္ဌ မပုံမှန်အစည်းအဝေး(၂၁)ရ က်မြောက်နေ့ဆ က်လက်ကျင်းပစဉ်။ (သတင်းစဉ်)

အစည်းအဝေး၌ ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ဒင်(ခ) ဦးထေးရယ် တင်သွင်းထားသည့် နိုင်ငံတော်တွင် ပြည်ထောင်စုအဆင့် တိုင်းရင်းသားရေးရာ ဝန်ကြီးဌာန ဖွင့်လှစ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၁၆)ဦးတို့က ဆွေးနွေးကြသည်။

ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ် (၁၂)မှ ဦးဆလိုင်းခွဲယန်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ပြည်ထောင်စုစနစ်ဖြင့် တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်သော ပြည်ထောင်စုနိုင်ငံတစ်ခု ဖြစ်ပါကြောင်း၊ ဖော်ပြပါအဆိုသည် ဖွဲ့စည်းပုံ

စာမျက်နှာ ၇ ကော်လံ ၁ ◆

အမေရိကန်လုပ် ဖို့ဒ်မော်တော်ကားများ မြန်မာ့ကားဈေးကွက်အတွင်း ဝင်ရောက်လာမည်

သတင်းမှတ်စု-မောင်နွေသစ်

ရန်ကုန် မတ် ၄

မြန်မာနိုင်ငံမော်တော်ကားဈေးကွက်အတွင်းသို့ ကမ္ဘာ့ထိပ်တန်း ကားထုတ်လုပ်ရေးကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဖို့ဒ်မော်တော်ကား ကုမ္ပဏီသည်လည်း ဝင်ရောက်လုပ်ကိုင်မည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကမ္ဘာ့အဋ္ဌမမြောက်ကားထုတ်လုပ်မှုအများဆုံးဖြစ်သည့် ဖို့ဒ်ကားကုမ္ပဏီက လာမည့်နှစ်လအတွင်း ရန်ကုန်မြို့၌ ကားအရောင်းပြခန်းနှင့် ယာဉ်ပြင်အလုပ်ရုံကို ဖွင့်လှစ်သွားရန်စီစဉ်လျက်ရှိကြောင်း ဒေသဆိုင်ရာ ကက်ပီတယ်မော်တော်ကားကုမ္ပဏီက ပြောကြားသည်။ ဖို့ဒ်ကုမ္ပဏီသည် မြန်မာနိုင်ငံကားဈေးကွက်အတွင်း ပထမဆုံးဝင်ရောက်လာသည့် ကားကုမ္ပဏီဖြစ်သည်။ မကြာမီက ဂျပန်နိုင်ငံ၏ထိပ်တန်းကား ကုမ္ပဏီတစ်ခုဖြစ်သည့် ဆူဇူကီးကုမ္ပဏီက ကားထုတ်လုပ်မှုနှင့် ဖြန့်ချိရောင်းချရေးအတွက် သဘောတူထားသည်။

“ဖို့ဒ်ကားကုမ္ပဏီအနေနဲ့ ကားများနဲ့ ပက်ကက်ထရပ်များ ဖြန့်ဖြူးရောင်းချဖို့ စာချုပ်ထားပါတယ်” ဟု မြန်မာကားကုမ္ပဏီတစ်ခုဖြစ်သည့် ကက်ပီတယ်ကုမ္ပဏီ အကြီးအကဲက ပြောသည်။

“ကျွန်တော်တို့နိုင်ငံမှာ ကားကောင်းစီးလိုသူတွေအတွက်တော့ ဒီသတင်းက သတင်းကောင်းပါပဲ။ ဖို့ဒ်ကားတွေဟာ အမေရိကန်မှာ လူကြိုက်အများဆုံးကားတွေဖြစ်ပါတယ်။ မကြာမီ မြန်မာနိုင်ငံ ကားဈေးကွက်ထဲ ဝင်ရောက်လာမှာပါ” ဟု ၎င်းက ဆက်လက်ပြောကြားသည်။ **(မြန်မာ့အလင်း)**